ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၂၀)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက် )**

**[တနင်္လာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၂၀)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၆၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၏ (၇၅.၈၁) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၂၀)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကျန်းမာရေး။ ဦးဝိလ်ဆင်မိုး၊ ရှမ်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစံပြည့်၊ ကချင်(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာခင်ရွှေ၊ ရန်ကုန်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးတင်ယု၊ ရန်ကုန်(၁၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမန်းအောင်တင်မြင့်၊ ကရင်(၁၂)၊ ပူးပေါင်းကော်မတီအစည်းအဝေး။ ဦးဆားရယ်၊ ကယား(၆)၊ ကျန်းမာရေး။ ဦးဆွေအောင်၊ ရန်ကုန်(၁၂)၊ စိမံကိန်းကော်မတီအစည်းအဝေး။ ဦးမြအုန်း၊ ကချင်(၈)၊ ကော်မတီအစည်းအဝေး။ ဦးဖေသောင်း၊ ကချင်(၆)၊ ဒေသဖွံ့ဖြိုးရေး။ ဦးသိန်းဝင်း၊ စစ်ကိုင်း(၉)၊ ပူးပေါင်းကော်မတီလုပ်ငန်း။ ဦးကျွန်ခဲန်း၊ ချင်း(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ အခွန်အကောက်အစည်းအဝေး။ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ဒေသ ဖွံ့ဖြိုးရေး။ ဦးအောင်ငြိမ်း၊ မကွေး(၂)၊ ကျန်းမာရေး။ ဦးကျော်သူ၊ မကွေး(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်သန်း၊ မကွေး(၁၀)၊ ကျန်းမာရေး။ ဦးသန်းမြင့်၊ တနင်္သာရီ(၁၀)၊ ကျန်းမာရေး။ ဦးထွန်းကျော်၊ ရှမ်း(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမောင်မောင်အေး၊ ဧရာဝတီ(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမင်းလွန်းအောင်၊ မွန်(၃)၊ ပြည်ပခရီးစဉ်။ ဦးလှစိုး၊ တနင်္သာရီ(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတိုးဝင်း၊ တနင်္သာရီ(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးသက်၊ တနင်္သာရီ(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးတင်မောင်မြင့်၊ တနင်္သာရီ(၃)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစောအေးမြိုင်၊ ကရင်(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဦးခက်ထိန်နန်၊ ကချင်(၁)၊ ကော်မတီ အစည်းအဝေး၊ ဦးဝင်းမောင်၊ မန္တလေး(၄)၊ ဆေးရုံတက်။ ဒေါက်တာစိုးထွန်း၊ မန္တလေး(၁)၊ ကျန်းမာရေး။ ဦးဉာဏ်လင်း၊ ရှမ်း(၁)၊ ကျန်းမာရေး။ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၊ ရှမ်း(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးရှုမောင်၊ ရှမ်း(၈)၊ ကျန်းမာရေး။ ဦးအုန်းတင်၊ ရခိုင်(၁၀)၊ ကိုယ်ရေးကိုယ်တာ။ ဦးဇုန်လှယ်ထန်း၊ ချင်း(၂)၊

ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူးရဲမင်းထွေး၊ တပ်မတော်၊ တာဝန်။ ဗိုလ်မှူးမျိုးမင်းသန့်၊ တပ်မတော်၊ တာဝန်။ ဦးကော်ရိုင်း၊ ကယား(၉)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဒေါက်တာဌေးနိုင်၊ ဧရာဝတီ(၇)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးစိုးမြင့်၊ မကွေး(၆)၊ ပူးပေါင်းကော်မတီအစည်းအဝေး။ ဗိုလ်မှူးချုပ်အောင်စန်းချစ်၊ တပ်မတော်၊ ပူးပေါင်းကော်မတီအစည်းအဝေး။ ဦးလှဆွေ၊ မကွေး(၁၂)၊ ပူးပေါင်းကော်မတီအစည်းအဝေး။ ဒေါ်နန်းနီနီအေး၊ ကရင်(၆)၊ ပြည်ပခရီးစဉ်။ ဒေါ်ရီရီမြင့်၊ မွန်(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးလျူကွယ်ရှို၊ ရှမ်း(၁၁)၊ ဒေသဖွံ့ဖြိုးရေး တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၇)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ( ၄၅)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ( ၅၂)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော် ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင် ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## အခြေခံပညာကျောင်းများတွင် ကျောင်းအုပ်ကြီးများ နေထိုင်နိုင်ရန်အတွက် ကျောင်းအဆောက်အအုံအတွင်း အခန်းဖွဲ့၍ဖြစ်စေ၊ သီးခြားအိမ်ဆောက်၍ ဖြစ်စေ စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် က အခြေခံပညာကျောင်းများတွင် ကျောင်းအုပ်ကြီးများ နေထိုင်နိုင်ရန်အတွက် ကျောင်းအဆောက်အအုံအတွင်း အခန်းဖွဲ့၍ဖြစ်စေ၊ သီးခြားအိမ်ဆောက်၍ဖြစ်စေ စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီနေ့ နေပြည်တော်မှာတာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေဟာ နိုင်ငံ့ဝတ္တရားများကို ထမ်းဆောင်နေတဲ့အခါမှာ စိတ်လက်ပေ့ါပါးစွာ ထမ်းဆောင်နိုင်တာ တွေ့ရပါတယ်။ အဓိကအားဖြင့် ဘာဖြစ်လို့လည်းဆိုလို့ရှိရင် နေပြည်တော်မှာ ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေရဲ့ နေရေး၊ ထိုင်ရေးနဲ့ သွားရေးလာရေးကို နိုင်ငံတော်က စီစဉ်ပေးလို့ဖြစ်ပါတယ်။ ဒါကြောင့် သူတို့ တာဝန်တွေကို၊ သူတို့ဝတ္တရားတွေကို စိတ်လက်ပေ့ါပါးစွာ ထမ်းဆောင်နိုင်တာပါ။ ဒီအပြင် လာမယ့် အခု ၂၀၁၅-၂၀၁၆ ဘတ်ဂျက်မှာ နေပြည်တော်မှာရှိတဲ့ ဝန်ထမ်းတွေအတွက် ဒီအဆောက်အအုံများ ထပ်ဆောက်ဖို့ဆိုပြီး ဘီလီယံ(၂၀)လောက်ကို လွှတ်တော်ကို တင်ပြထားပါတယ်။ ဒါကို နေပြည်တော်ကောင်စီကနေ တာဝန်ယူတည်ဆောက်မယ်ဖြစ်ကြောင်းလည်း သိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာနမှာ အခြေခံပညာနဲ့ အဆင့်မြင့်ပညာဆိုပြီး နှစ်ပိုင်းရှိပါတယ်။ အဆင့်မြင့်ပညာဖြစ်တဲ့ နိုင်ငံတစ်ဝန်းမှာရှိတဲ့ တက္ကသိုလ်တွေမှာ၊ တက္ကသိုလ်ကျောင်းအုပ်ကြီးနေဖို့၊ ထိုင်ဖို့တွေနဲ့ တက္ကသိုလ်မှာရှိတဲ့ ဆရာ/ဆရာမတွေ နေဖို့ထိုင်ဖို့အတွက် တက္ကသိုလ်ကျောင်းတွေမှာ စီစဉ်ပေးနိုင် တာကို တွေ့ရပါတယ်။ ဒါပေမဲ့ အခြေခံပညာမှာကျတော့ အခြေခံပညာကျောင်းပေါင်းဟာ မြန်မာနိုင်ငံအနှံ့မှာ သောင်းကျော်ရှိပေမယ့် အများစုဟာ ကျောင်းအုပ်ကြီးတွေဟာ ဖြစ်သလို နေနေရ

တာပါ။ အဲဒီတော့ အခြေခံပညာ ကျောင်းအုပ်ကြီးတွေဟာ သူတို့အလုပ်ခွင်ရှိတဲ့ ကျောင်းကို လာတဲ့ အခါမှာ။ အခက်အခဲမျိုးစုံနဲ့ တွေ့နေရပါတယ်။ နောက် ဒီကျောင်းမှာနေတဲ့အတွက် ကိုယ်ပိုင်အိမ် မရှိဘူး၊ အိမ်ငှားနေမယ် ဆိုလို့ရှိရင်လည်း အခက်အခဲပေါင်းစုံ တွေ့ရပါတယ်။

ဥပမာအားဖြင့် တင်ပြရမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ရန်ကုန်မြို့မှာဆိုလို့ရှိရင် အိမ်ခန်း ငှားရမ်းခက အနည်းဆုံးသိန်းကျော်ပါ။ နောက်ပြီးတော့ တစ်နေရာနဲ့တစ်နေရာ သွားဖို့လာဖို့ဆိုလို့ရှိရင် လည်း ကျွန်တော်တို့ စုပေါင်း Taxi စီးမယ်ဆိုရင်တောင်မှ တစ်ထောင်၊ တစ်ထောင်ငါးရာလောက် ရှိပါတယ်။ ကျွန်တော့် မိတ်ဆွေကျောင်းအုပ်ကြီးတွေ ဒီလိုပဲ အိမ်ငှားလခ သိန်းကျော်ပေးပြီးတော့ တစ်နေ့ကို Taxi ဖိုး (၁၀၀၀)၊ (၁၅၀၀) လောက် စုပေါင်းစပ်ပေါင်း သွားနေရတဲ့အဆင့်မျိုး ရှိပါတယ် ခင်ဗျား။ ဒါကြောင့် ကျွန်တော်ဟာဆိုလို့ရှိရင် ဒီ အခြေခံပညာကျောင်းတွေမှာ ကျောင်းအုပ်ကြီးတွေ အတွက် နေဖို့ထိုင်ဖို့နဲ့ အဆောက်အအုံလေးတစ်ခု ဆောက်ပေးဖို့ပါ။ ဒါပေမဲ့ ဘဏ္ဍာရေးအခက်အခဲ ကြောင့် အဆောက်အအုံ သီးခြားဆောက်မပေးနိုင်ဘူးဆိုလို့ရှိရင်လည်း Partition ဖွဲ့ပြီးတော့ အခန်းလေး တွေ ဖွဲ့ပြီး နေခွင့်ပြုဖို့ ကျွန်တော် တင်ပြတာပါ။

ဒါနဲ့ပတ်သက်လို့ ကျွန်တော့်အတွေ့အကြုံတစ်ခု ပြောရမယ်ဆိုလို့ရှိရင် ကျွန်တော်က အရင်တုန်းက အခြေခံပညာမှာ အထက(၂)ဗဟန်းမှာတက်ခဲ့ပါတယ်။ ယခင်တော်လှန်ရေး ကောင်စီ မတိုင်ခင်ခေတ်ကလည်း ပုဂ္ဂလိကကျောင်းနံရံပါ။ အဲဒီ ကျောင်းမှာ ကျောင်းအဆောက်အအုံကြီးအလယ် မှာ ကျောင်းအုပ်ကြီး အတွက်ပေါ့နော်။ ကျွန်တော်တို့ သီးခြားတစ်ထပ်အိမ်ကြီးတစ်လုံးကို ဆောက်ပေး ထားပါတယ်။ ကျောင်းအုပ်ကြီးတွေ တောက်လျှောက်နေထိုင်ပါတယ်။ ဒါကြောင့် အရင်ခေတ်က ပုဂ္ဂလိက ကျောင်းတွေ ဥပမာ စိန့်ပေါ်ကျောင်းတို့၊ Convent ကျောင်းတွေ တော်တော်များများ၊ ကျောင်းအုပ်ကြီး တွေအတွက် နေရာ၊ အဆောက်အအုံ၊ အခန်းများကို တစ်ခမ်းတနား ပေးထားနိုင်တာ တွေ့ရပါတယ်။ ဒါကြောင့် အဲဒီခေတ်က ပညာရေးလောကဟာဆိုလို့ရှိရင် အထူးကိုအောင်မြင်တာလည်း တွေ့ရပါတယ်။ ဒါကြောင့် နောက်ပြီးတော့ အခု ဒီနှစ်ဘတ်ဂျက်မှာ ပညာရေးဝန်ကြီးဌာန ဘတ်ဂျက်က ဘီလီယံပေါင်း (၁၄၀၀)လောက် တင်ပြထားတာ တွေ့ရပါတယ်။ အဲဒီတော့ ဘီလီယံပေါင်း (၁၄၀၀)ထဲမှာဆိုလို့ရှိရင် အဆောက်အအုံတည်ဆောက်တာတွေ၊ အခန်းတွေပါတယ် အများကြီးပါတာလည်း ကျွန်တော်တို့ တွေ့ရပါတယ်။ ဒါကြောင့် အခြေခံပညာကျောင်းတွေမှာ မရှိမဖြစ် အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးမှာ အဓိကအရေးကြီးတဲ့ ကျောင်းအုပ်ကြီးတွေ နေဖို့ထိုင်ဖို့အတွက် သီးခြား အဆောက်အအုံ သို့မဟုတ် လို့ရှိရင် Partition ဖွဲ့ပြီးနေဖို့အတွက် စီစဉ် ဆောင်ရွက်ပေးရန် ရှိ/မရှိကို ကျွန်တော် မေးမြန်းလိုခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မိုးညှင်းမြို့ မြို့မအခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)နှင့် နမီးစုအခြေခံပညာမူလတန်းကျောင်းတို့ကို ပေါင်းပြီး အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းတင်အောင် က မိုးညှင်းမြို့ မြို့မအခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)နှင့် နမီးစုအခြေခံပညာမူလတန်းကျောင်း တို့ကို

ပေါင်းပြီး အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးစိုင်းတင်အောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင် ပညာရှင်များနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကာယစိတ္တသုခနှစ်ဖြာနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာ ပို့သရင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းတင်အောင်ပဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ ကျွန်တော့်အနေနဲ့ ပညာရေးနဲ့သက်ဆိုင်တဲ့ မေးခွန်းကိုမေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့မှာရှိတဲ့ မြို့မအခြေခံ ပညာအလယ်တန်းကျောင်းခွဲဟာ မြို့မရပ်ကွက် မြေဧရိယာ(၁.၉၃)ဧကပေါ်မှာ ၁၉၅၄ ခုနှစ်ကတည်းက တည်ဆောက်ထားတဲ့ ကျောင်းဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနရဲ့ သတ်မှတ်စံချိန်စံညွှန်း နဲ့အညီ ကျောင်းသားဦးရေတိုးပွားလာတာနဲ့အမျှ ၂၀၀၃-၂၀၀၄ ခုနှစ်မှာ မူလတန်းလွန်ကျောင်းအဆင့်ကို တိုးမြှင့်ခြင်းခံခဲ့ရပါတယ်။ ဆက်လက်ပြီးတော့ (၁၀)နှစ်အကြာမှာ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာ အခြေခံပညာအလယ်တန်းကျောင်းခွဲအဆင့်ထိကို တိုးမြှင့်ပေးခဲ့ပါတယ်။ အဲဒီစာသင်ကျောင်းကတော့ မြေဧရိယာ (၂)ဧကနီးပါးရှိတဲ့အပေါ်မှာ အခန်းပေါင်း(၁၂)ခန်း၊ ရုံးခန်းအပါအဝင် သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း အလျား(၁၇၀)ပေ၊ အနံ(၃၀)ပေ၊ အမြင့် (၂၄)ပေရှိတဲ့ နှစ်ထပ်ကျောင်းဆောင်ကြီး ဖြစ်ပါတယ်။ အဲဒီကျောင်းမှာ မူလတန်းကျောင်းသား(၂၁၄)ဦးနဲ့ အလယ်တန်းအဆင့် ကျောင်းသူ/ ကျောင်းသား(၂၂၀)ဦး စုစုပေါင်း ကျောင်းသား(၄၃၃)ဦးနဲ့အတူ ကျောင်းအုပ်ကြီး(၁)ဦး၊ အလယ်တန်းပြဆရာ(၁၄)ဦး၊ မူလတန်းပြဆရာမ (၃)ဦး၊ ပညာရေးလုပ်သား(၁)ဦး စုစုပေါင်း ပညာရေးဝန်ထမ်း(၁၉)ဦးနဲ့ ပညာရေးကို သင်ကြားသင်ယူ လျက်ရှိပါတယ်။

ထူးခြားတာတစ်ခုကတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီကျောင်းဝင်းထဲမှာ (၂)ဧက နီးပါးလောက်ပဲရှိတဲ့ကျောင်းဝင်းထဲမှာ နမိးစု အခြေခံပညာမူလတန်းကျောင်းကလည်း အတူဖွင့်လှစ်ထားရှိတာတွေ့ရတဲ့အတွက် ဒီကျောင်းဟာ ကျောင်းဧရိယာရဲ့စံချိန်စံညွှန်းနဲ့တွက်မယ်ဆိုရင် အင်မတန် မှ ကျဉ်းပါတယ်။ အားကစားကွင်းအဖြစ် သတ်မှတ်မယ်ဆိုရင်လည်း ကျောင်းနှစ်ကျောင်းခွဲပြီး ပူးပေါင်းတည်ရှိထားတဲ့အတွက် အားကစားကွင်းဖွင့်လှစ်ဖို့ကလည်း အခက်အခဲရှိပါတယ်။ ကျောင်းဝင်းထဲမှာလည်း သံဆူးကြိုးတွေနဲ့ ကျောင်းတစ်ကျောင်းကို ထပ်ပြီးကာရံထားတဲ့အတွက် ကလေးတွေကိုလည်း အချိန်မရွေး အန္တရာယ်များ ကျရောက်နိုင်တာကို တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ အဲဒီရပ်ကွက်မှာရှိတဲ့ ကျောင်းသားမိဘကော်မတီတွေ၊ ကျောင်းအကျိုး တော်ဆောင်တွေ၊ ကျောင်းဆရာ/ဆရာမတွေ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနဲ့ ရပ်မိရပ်ဖတွေ စုပေါင်းညှိနှိုင်းတိုင်ပင် သဘောတူညီချက်အရ ဒီကျောင်း(၂)ကျောင်းကို ပေါင်းပြီးတော့ ကျွန်တော်တို့ မိုးညှင်းမြို့ပေါ်မှာ အလယ်တန်းကျောင်း တစ်ကျောင်းမှ မရှိသေးပါဘူး ခင်ဗျား။ ဒါကြောင့်မို့လို့ ဒီကျောင်းနှစ်ကျောင်းကို ပေါင်းပြီးတော့ အလယ်တန်းကျောင်းအဆင့်အဖြစ် သတ်မှတ်ပေးလိုက်မယ်ဆိုရင် မိုးညှင်းမြို့ပေါ်မှာရှိတဲ့ အထက်တန်းကျောင်း(၃)ကျောင်းရဲ့ ကျောင်းသား

ဦးရေ ပြည့်ကျပ်နေတဲ့ အခက်အခဲကိုလည်း ဖြေရှင်းဆောင်ရွက်နိုင်မယ်ဆိုတာ သဘောတူညီချက် တိုင်ပင်ရရှိပြီးတော့ အမှုတွဲတည်ဆောက်ပြီးတော့ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလကုန်လောက်မှာ အမှုတွဲ တည်ဆောက်ပြီး သက်ဆိုင်ရာ ပညာရေးဝန်ကြီးဌာနရဲ့ လုပ်ထုံးလုပ်နည်းအတိုင်း ပြည်နယ် ပညာရေး ဝန်ကြီးဆီ တင်ပြီးတော့ တစ်ဆင့် အမှတ်(၂) အခြေခံပညာဦးစီးဌာနကို တင်ထားပြီးသားလည်း ဖြစ်ပါ တယ်။

ဒီကျောင်းအဆင့်တိုးမြှင့်ဖို့အတွက် အဲဒီရပ်ကွက်ဒေသမှာ ပတ်ဝန်းကျင်အိမ်ခြေကလည်း (၈၅၀)အိမ်လောက်ရှိပြီးတော့ အိမ်ထောင်စုပေါင်း(၉၆၇)စုရှိပြီး လူဦးရေပေါင်း (၆၆၇၇)ဦးရှိတဲ့ အပြင် တိုးတက်များပြားလာတဲ့၊ အလားအလာရှိတဲ့ ပတ်ဝန်းကျင်ကျောင်း (၅)ကျောင်းရှိတဲ့အပြင် လက်ရှိ ကျောင်းသားဦးရေ ပြည့်မီတဲ့အပြင် ကျောင်းအဆောက်အဦနဲ့ ပရိဘောဂပြည့်စုံခြင်း၊ ကျောင်းဝင်း ဧရိယာပြည့်မီခြင်း၊ ရပ်ကွက်နေပြည်သူများကလည်း ပညာရေးမှာ စိတ်အားထက်သန်မှုရှိခြင်း၊ အမြဲကူညီ ပံ့ပိုးမှုရှိခြင်း၊ ပညာရေးဝန်ထမ်းများ လုံလောက်မှုရှိခြင်း စတဲ့အချက်ပေါ်မှာ အခြေခံပြီးတော့ မြို့မ အခြေခံပညာ အလယ်တန်းကျောင်းခွဲနဲ့ နမီးစုအခြေခံပညာမူလတန်းကျောင်းကို ပေါင်းပြီးတော့ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းအဖြစ် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှာ အဆင့်တိုးမြှင့် သတ်မှတ်ပေးဖို့အတွက် ဒေသခံကျောင်းသားမိဘများရဲ့ကိုယ်စား မေးမြန်းတင်ပြခြင်း ဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**မင်းကင်းမြို့နယ်၊ ပျဉ်းကိုင်းကျေးရွာသည် ဝေးလံခေါင်းပါးဒေသဖြစ်သဖြင့် ပညာရေးဌာနမူဝါဒကို လျှော့ပေါ့ စဉ်းစားပြီး အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အဆင့်မှ အခြေခံပညာ အလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးသိန်းလှိုင် က မင်းကင်းမြို့နယ်၊ ပျဉ်းကိုင်းကျေးရွာသည် ဝေးလံခေါင်းပါးဒေသဖြစ်သဖြင့် ပညာရေးဌာနမူဝါဒကို လျှော့ပေါ့စဉ်းစားပြီး အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဆင့်မှ အခြေခံပညာအလယ်တန်းကျောင်း အဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဦးသိန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည် တော်များနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာကြပါစေ ကြောင်း ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော် ဒီနေ့မေးတဲ့ မေးခွန်းကတော့ ကျွန်တော်တို့ မင်းကင်းမြို့နယ်၊ ပျဉ်းကိုင်းကျေးရွာအုပ်စုရဲ့ ပညာရေးအဆင့်မြှင့်တင်ဖို့ကိစ္စ ဖြစ်ပါတယ်။ ဒါကို ကျွန်တော် ပထမတစ်ကြိမ်တင်ပြီးပါပြီ။ ပထမအကြိမ်တင်တဲ့အခါမှာ ကျွန်တော်တို့ ဒါ အခြေခံကနေ အဆင့်ဆင့် တက်လာတာ မရှိဘူးလို့ ဖြေဆိုသွားပါတယ်။ အခုကျွန်တော် သူတို့ကို အခြေခံမှာ မေးတဲ့အခါမှာ အခြေခံ ဆိုတာ မြို့နယ်ခရိုင် မေးတဲ့အခါမှာ ဒါကတော့ အဆင့်ဆင့်တက်သွားပြီ ဆိုတာနဲ့ ဒီမေးခွန်းကို ကျွန်တော် ထပ်မေးခြင်းဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော် အကြိမ်ကြိမ် ပြောဖူးပါတယ်။ မင်းကင်းမြို့နယ်၊ ပျဉ်းကိုင်းကျေးရွာ အကြောင်း။ ဒါကို ကျွန်တော် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရော၊ ဥက္ကဋ္ဌကြီးတို့ရော ဒါတော့ ခဏခဏကြားနေရတာဖြစ်တဲ့အတွက် သူ့ရဲ့ လမ်းပန်းဆက်သွယ်ရေးကိစ္စတွေ၊ ခက်ခဲတဲ့ကိစ္စတွေ မပြော တော့ပါဘူး။ ကျွန်တော်အဓိကပြောချင်တာတော့ ဒီပျဉ်းကိုင်းကျေးရွာအုပ်စုမှာ ပျဉ်းကိုင်း ကျေးရွာဆိုတာ အလယ်ဗဟိုကျပါတယ်။ ကျေးရွာအုပ်စုနှစ်အုပ်စုက ကျေးရွာ(၁၀)ရွာရဲ့ အလယ်ဗဟိုကျပြီးတော့ ကျွန်တော်တို့ ဒါ ပညာရေးကို အဆင့်မြှင့်တင်ပေးမယ်ဆိုရင် ဒါအခြေအနေကောင်းတဲ့ နေရာဖြစ်ပါတယ်။ ကျွန်တော်တို့ ပျဉ်းကိုင်းကျေးရွာအုပ်စုဟာ သူ့ဆီမှာ အလယ်တန်းကျောင်း(ခွဲ)ပဲ ရှိတဲ့အတွက် အလယ်တန်း ပညာပဲ သင်ကြားခွင့်ရပါတယ်။ အဲဒီတော့ အလယ်တန်းပညာ အောင်သွားပြီးပြီဆိုရင် ကျွန်တော်တို့ ဆက်လက်ပညာသင်ယူစရာမရှိပါဘူး။ အဲဒီလိုသင်ယူမယ်ဆိုရင် ကျွန်တော်တို့ ဝေးလံခေါင်းပါးတဲ့ မင်းကင်းမြို့နယ်ကိုသော်လည်းကောင်း၊ မင်းကင်းမြို့ပေါ်ကိုသော်လည်းကောင်း သို့မဟုတ် ဟိုဘက်က ရေဦး၊ တန့်ဆည်ဘက်ဆိုရင် အင်မတန်ဝေးပါတယ်။

သို့မဟုတ် ကလေးဝမြို့နယ်ကိုသော်လည်းကောင်း အဲဒီလို ထားရပါတယ်။ အဲဒီလိုထားဖို့ အတွက်ဆိုရင် ဒေသကလည်း ဆင်းရဲတဲ့ဒေသဖြစ်တဲ့အတွက် ပညာရေး အဟောသိကံ ဖြစ်မှုပေါ့။ ကျွန်တော်တို့ (၉၉)ရာခိုင်နှုန်းလောက်ရှိပါတယ်။ အဲဒီထဲက လူ(၁၀၀)အောင်ရင် အလယ်တန်းပညာပြီး ရင် (၁၀၀)မှာ တစ်ယောက်ပဲ အထက်တန်းပညာကို သင်ခွင့်ရပါတယ်။ အဲဒီတော့ ဒီလိုသင်ခွင့်ရတာ တောင်မှ ကျွန်တော်တို့ အဲဒီဒေသက လူတွေဟာ အင်မတန်ဆင်းရဲတာဖြစ်တဲ့အတွက် မိမိရဲ့ လယ်တွေ ရောင်း၊ ကျွဲတွေရောင်း၊ နွားတွေရောင်းပြီး ကျောင်းထားရပါတယ်။ ကျောင်းသားလည်း ဘွဲ့ရရော၊ မိဘမှာ လယ်ခြေ၊ ယာမဲ့၊ ကျွဲမဲ့၊ နွားမဲ့ ဖြစ်သွားတဲ့ဘဝတွေ အများကြီး တွေ့ရဖူးပါတယ်။ အဲဒီတော့ အဲဒီဒေသဟာ ပညာရေးအဆင့်နိမ့်တဲ့အတွက် ဒေသဟာ အသိပညာလည်း နိမ့်ကျပါတယ်။ အုပ်စုတွင်းရွာတိုင်းမှာ မူလတန်းကျောင်းတို့၊ ကျောင်းခွဲတို့ရှိပါတယ်။ မူလတန်းကျောင်းအုပ်များလည်း ရှိပါတယ်။ ကျွန်တော် ထိန်းထိန်းသိမ်းသိမ်းပြောရရင်တော့ အချို့မူလတန်းကျောင်းအုပ်များဟာ တာဝန်မကျေကြပါဘူး။ ပြုပြင် ထိန်းသိမ်းပေးရာမှာလည်း ပညာရေးမှူးများ သွားလာရေး အခက်အခဲကြောင့် အရောက်အပေါက် နည်းပါးပါတယ်။ မူလတန်းကျောင်းအုပ်အချင်းချင်း ထိန်းသိမ်းဖို့လည်း မဖြစ်နိုင်ပါဘူး။

တကယ်လို့များ ပျဉ်းကိုင်းကျေးရွာမှာ အလယ်တန်းကျောင်း ထားရှိလိုက်မယ်ဆိုရင် အလယ်တန်းကျောင်းများမှာ အလယ်တန်းကျောင်းအုပ်ရရှိလာမှာ ဖြစ်ပါတယ်။ အလယ်တန်းကျောင်း အုပ်ဟာ မူလတန်းပြဆရာဖြစ်၊ အလယ်တန်းပြဆရာဖြစ် B.Ed သင်တန်းများကို ဖြတ်သန်းလာခဲ့သူ ဖြစ်ပါတယ်။ ပြန်တမ်းဝင်အရာရှိလည်း ဖြစ်ပါတယ်။ လေ့ကျင့်သားပြည့်ဝနေတဲ့ အရာရှိအဆင့်ဖြစ် တဲ့အတွက် မူလတန်းကျောင်းအုပ်တစ်ဦးထက် သင်ကြားရေးနည်းစနစ်၊ စီမံခန့်ခွဲရေး အတွေးအခေါ်များ မြင့်မားသူဖြစ်ပါတယ်။ အလယ်တန်းပြ ဆရာ/ဆရာမများရဲ့အထောက်အကူဖြင့် ဒေသရဲ့ ပညာရည် အဆင့်တိုးမြှင့်ပေးနိုင်မှာဖြစ်ပါတယ်။ ပတ်ဝန်းကျင် မူလတန်းကျောင်းအုပ်များကိုလည်း နည်းမှန်လမ်းမှန် ပဲ့ပြင်ပေးသွားနိုင်မှာ ဖြစ်ပါတယ်။ အလယ်တန်းကျောင်းမှ အထက်တန်းကျောင်းခွဲအဖြစ် တိုးမြှင့် ဖွင့်လှစ်နိုင်ပါက ဒေသရဲ့ (၉၉)ရာခိုင်နှုန်း ပညာအဟောသိကံဖြစ်မှုကိုလည်း ကုစားနိုင်မှာ ဖြစ်ပါတယ်။

ပျဉ်းကိုင်းဒေသရဲ့ ပညာရည်အဆင့်မြင့်လာပြီး အသိပညာဖွံ့ဖြိုးပြီး လူမှုဘဝအဆင့်အတန်းပါ မြင့်မားလာမည် ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့်တင်ပြလိုသည်မှာ မင်းကင်းမြို့နယ်၊

ပျဉ်းကိုင်းကျေးရွာအုပ်စု၊ ပျဉ်းကိုင်းကျေးရွာမှာ အလယ်တန်းကျောင်း(ခွဲ)အဆင့်မှ အလယ်တန်းကျောင်း အဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၁။**

**ဦးသန့်ရှင်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန ကိုယ်စား ဒုတိယဝန်ကြီး၊ ကျွန်တော်ဦးသန့်ရှင်းကနေပြီးတော့ မေးခွန်းများနဲ့ ပတ်သက်လို့ ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင် ရဲ့ မေးခွန်းနဲ့ပတ်သက်လို့ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ အခြေခံပညာကျောင်းများတွင် ကျောင်း အဆောက်အအုံအတွင်း၌ အခန်းဖွဲ့၍ဖြစ်စေ၊ ကျောင်းပရိဝုဏ်အတွင်း သီးခြားအိမ်ဆောက်၍ ဖြစ်စေ ကျောင်းအုပ်ကြီးများ နေထိုင်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ပေးရန်အစီအစဉ် မရှိပါ။ အန္တရာယ်ရှိ ဝန်ထမ်းအိမ်ရာနှင့် အခန်းများကို ပြန်လည်ပြုပြင်တည်ဆောက်ပေးခြင်းများကို ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း အင်းစိန်မြို့နယ်၊ ဗဟန်းမြို့နယ်၊ ဒဂုံမြို့နယ်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်များ၏ တင်ပြချက်အရ ဝန်ထမ်းအိမ်ရာ(၄)လုံး ဆောက်လုပ်ပေးရန် လျာထားတင်ပြပြီးဖြစ်ပါကြောင်း ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၁၇-၁၁-၂၀၁၄ ရက်စွဲပါစာအမှတ်၊ ၃၈ ပညာ-၂(င)၅၅၀၂/၂၀၁၄ ဖြင့် ဖြေကြားခဲ့သော်လည်း ၂၃-၁၂-၂၀၁၄ ရက်နေ့ ဘဏ္ဍာရေးဝန်ကြီးဌာန၌ ကျင်းပသည့် အစည်းအဝေးတွင် ဘဏ္ဍာရေးဝန်ကြီးဌာနမှ အဆိုပြုချက်များ အပေါ်ညှိနှိုင်းရာ၌ ငွေလုံးငွေရင်း တည်ဆောက်ရေးရန်ပုံငွေတွင်လျာထားသည့် ဝန်ထမ်းအိမ်ရာများအား ခွင့်ပြုခဲ့ခြင်း မရှိပါ၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း ရှင်းလင်းတင်ပြအပ် ပါတယ်။

ဆက်လက်ပြီး ကချင်ပြည်နယ်အမှတ်(၅)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်အောင် ရဲ့ မေးခွန်းနဲ့ ပတ်သက်၍ တင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အထိ အခြေခံပညာ အထက်တန်းကျောင်း(၁၄)ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းခွဲ(၉)ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း(၅)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းခွဲ(၁၉)ကျောင်း၊ အခြေခံပညာ မူလတန်းလွန်ကျောင်း(၂၅)ကျောင်း၊ အခြေခံပညာ မူလတန်းကျောင်း(၁၂၀)ကျောင်း၊ အခြေခံပညာ

မူလတန်းကျောင်းခွဲ(၄)ကျောင်း၊ စုစုပေါင်း အခြေခံပညာကျောင်း(၁၉၆)ကျောင်းတို့အား ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး ဖြစ်ပါတယ်။

မိုးညှင်းမြို့နယ်၊ မြို့မ အခြေခံပညာအလယ်တန်းကျောင်းခွဲနှင့် နမီးစုအခြေခံပညာ မူလတန်းကျောင်း (၂)ကျောင်းပေါင်းပြီး မြို့မအခြေခံပညာအလယ်တန်းကျောင်းခွဲအဖြစ် ဖွင့်လှစ်ခွင့်ပြုသွားမှာဖြစ်ပါတယ်။ နမီးစုအခြေခံပညာမူလတန်းကျောင်းဟာ ခေတ္တရုပ်သိမ်းသွားမည်ဖြစ်ပါတယ်။ အဆိုပါ ကျောင်းရုပ်သိမ်းခြင်းကြောင့် ပေါ်ထွက်လာမည့် မူလတန်းကျောင်း Sanction အား ပြည်နယ်အစိုးရ၏ အဆိုပြုချက် အပေါ်မူတည်၍ အခြေခံပညာမူလတန်းကျောင်းခွဲ သို့မဟုတ် ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်း ကျောင်းတစ်ကျောင်းအား အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ပြုသွားမှာ ဖြစ်ပါတယ်။ မိုးညှင်းမြို့နယ်၊ မြို့မအခြေခံပညာအလယ်တန်းကျောင်းခွဲတွင် စုစုပေါင်း အလယ်တန်းအဆင့်သင် ကျောင်းသား(၂၄၆)ဦး ရှိပါတယ်။

သို့ဖြစ်ပါ၍ မိုးညှင်းမြို့နယ်၊ မြို့မအခြေခံပညာအလယ်တန်းကျောင်းခွဲအား အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ရေးအတွက် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ကျောင်းအဆင့်တိုးဆောင်ရွက်သည့်အခါ ပြည်နယ်အစိုးရအဖွဲ့၏ ဦးစားပေးအလိုက် တန်းစီဇယားအရသတ်မှတ်ပြီး စိစစ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် လောလောဆယ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်မရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင် ရဲ့ မေးခွန်းနဲ့ ပတ်သက်၍ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အထိ အခြေခံပညာအထက်တန်းကျောင်း(၅)ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းခွဲ(၆)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(၃)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းခွဲ(၂၅)ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း(၂၀)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း(၇၅)ကျောင်း အခြေခံပညာမူလတန်းကျောင်းခွဲ(၁၈)ကျောင်း၊ စုစုပေါင်း အခြေခံပညာကျောင်း(၁၅၂)ကျောင်းတို့အား အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး ဖြစ်ပါတယ်။

မင်းကင်းမြို့နယ်၊ ပျဉ်းကိုင်း အခြေခံပညာ အလယ်တန်းကျောင်းခွဲတွင် ပဉ္စမတန်း(၂၈)ဦး၊ ဆဋ္ဌမတန်း(၂၉)ဦး၊ သတ္တမတန်း(၂၄)ဦး၊ အဋ္ဌမတန်း(၂၄)ဦး စုစုပေါင်း အလယ်တန်းအဆင့်သင် ကျောင်းသား(၁၀၅)ဦးရှိပါတယ်။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှု၊ ဒေသန္တရအခြေအနေ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးစသည့် လိုအပ်ချက်များအပေါ်မူတည်၍ ကျောင်းသားဦးရေ သတ်မှတ်ချက်အဆင့် မူဝါဒကိုဖြေလျှော့ပြီး သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့က ဒေသအခြေအနေအရ ပျဉ်းကိုင်းအခြေခံပညာအလယ်တန်း ကျောင်းခွဲအား အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးသင့်ကြောင်း သဘောထား မှတ်ချက်ပြုလာပါက ကျောင်းအဆင့်တိုး တန်းစီဇယားတွင် ထည့်သွင်းလျာထား ပေးသွားမည်ဖြစ်ပါကြောင်းနှင့် လောလောဆယ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းတင်ပြအပ် ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောင်းနဲ့ ကျွန်တော်တို့ ဘဏ်နဲ့ဆို မတူပါဘူးခင်ဗျား။

ဘဏ်ဆိုတာက ဒင်ကနဲ့မြည်မှ ဖွင့်ရတာပါ။ ဒင်ကနဲ့မြည်လို့ရှိရင် ပိတ်လို့ရပါတယ်။ ဘယ်သူမှ နေစရာမလိုပါဘူး။ ဒါပေမဲ့ ကျောင်းဆိုတာမျိုးက တချို့ကျောင်းသားပေါင်း တချို့ ထောင်ကျော်ရှိတဲ့ ကျောင်းတွေအများကြီးရှိပါတယ်။ အဲဒီတော့ ဒီကျောင်းတွေမှာပဲ အဓိကတာဝန်ဖြစ်တဲ့ ကျောင်းအုပ်ကြီးက သူလည်းခေါင်းလောင်းထိုးတာနဲ့ ကျောင်းသားတွေနဲ့အတူတူ အိမ်ပြန်သွားပြီဆိုလို့ရှိရင် ကျန်တဲ့ စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေးပိုင်း တွေကိစ္စအများကြီး အခက်အခဲရှိပါတယ်ခင်ဗျား။ ကျွန်တော်ဒါနဲ့ ပတ်သက်လို့ ဆက်လက်တင်ပြချင်တဲ့ အချက်တွေရှိပါတယ်။ ဥပမာ ကျွန်တော့်မဲဆန္ဒနယ်တွေမှာရှိတဲ့ တချို့ကျောင်းတွေ အခြေခံပညာကျောင်းတွေမှာ ကျူးကျော်တွေ ဝင်ရောက်ပါတယ်။ ကျွန်တော်လည်း လွှတ်တော်မှာ မေးဖူးပါတယ်။ အဲဒီမှာ တောင်ဥက္ကလာ အမက(၂၇)ကျောင်းဆိုလို့ရှိရင် ကျောင်းအုပ်ကြီးက သောကြာနေ့ပြန်တာနဲ့ အဲဒီမှာ ကျူးကျော်တဲတွေက ဝင်ထိုးတယ်။ ထိုးပြီးလို့ရှိရင် နေလိုက်တာ ကျောင်းအုပ်ကြီး တနင်္လာနေ့ပြန်ရောက်တဲ့ အချိန်မှာ အဲဒီကျူးကျော်တဲထိုးပြီးတော့ လူနေပြီးနေပါပြီ။ အဲဒါမျိုးတဲ မျိုးပေါင်း (၄၀)လောက်ရှိပါတယ်။

နောက်တစ်ခါ ကျွန်တော်ပြောမယ်ဆိုလို့ရှိရင် တချို့ကျောင်းတွေရဲ့ ဘေးမှာ အိမ်ကြီး အိမ်ကောင်းတွေ ရှိပါတယ်။ ကျောင်းအုပ်ကြီးပြန်တာနဲ့၊ ကျောင်းအုပ်ကြီး နွေရာသီကျောင်းပိတ်ရက် မရှိတာနဲ့ ခြံစည်းရိုးကိုတိုးပြီး ကျောင်းကိုစိုက်ပါတယ်။ ဒါမျိုးတွေလည်း ရှိပါတယ်။ နောက်တစ်ခါ တချို့ကျောင်းတွေမှာရှိတဲ့ လုပ်ငန်းရှင်တွေက ကျောင်းဝင်းထဲမှာ သွားပြီးလို့ရှိရင် လောင်စာတောင့်၊ မီးသွေးတောင့် စက်ရုံတည်ပါတယ်။ ဆေးဆိုး ပန်းရိုက်တွေ လုပ်ပါတယ်။ ကားဘော်ဒီတွေ လုပ်ပါတယ်။ ဒါတွေဟာ ကျောင်းတွေကို ထိန်းသိမ်းတဲ့ ကျောင်းအုပ်ကြီး မရှိတဲ့အတွက် လုပ်ချင်တိုင်းလုပ်၊ ဖြစ်ချင်တိုင်းဖြစ်နေတာပါ။ ဒါတွေက ကျွန်တော် မေးခွန်းနဲ့ တိုက်ရိုက်မသက်ဆိုင်လို့ မတင်ပြပေမယ့် အခုတော့တင်ပြရမှ ဖြစ်ပါမယ်။ နောက်ပြီးတော့ ခုန ဝန်ကြီးပြောသလိုပေါ့၊ တခြားနေရာမှာ သွားနေရမယ်ဆိုရင် ဘယ်လိုမှ ရာထောင်ရှိတဲ့ ကျောင်းကြီးကို (၂၄)နာရီ စီမံခန့်ခွဲရေး အဓိကဇာတ်လိုက်က ပျောက်နေတာပါ။

နောက်ဒီနေ့ လွှတ်တော်မှာဆွေးနွေးတဲ့ အခြေခံပညာကျောင်းတွေမှာ စာကြည့်တိုက် ပေါ်ထွန်းရေးနဲ့ ကျောင်းစာကြည့်တိုက်များ ရှင်သန်ပေါက်ဖွားရေးဆိုတဲ့ အဆိုကို ဆွေးနွေးဖို့ ရှိပါတယ်။ ဒီအဆိုရဲ့ အဓိက ဆွေးနွေးချက်က အဲဒီကျောင်းမှာ ဇာတ်လိုက်ကျောင်းအုပ်က ရှိမှပါ။ ကျောင်းအုပ်မရှိဘူးဆိုလို့ရှိရင် ဒီ စာကြည့်တိုက်ကလည်း ဘယ်လိုမှမဖြစ်နိုင်တော့ပါဘူးနော်၊ ဒါကြောင့် ကျွန်တော်တို့က အခြေခံပညာကျောင်းတွေဆိုတာ ခေါင်းလောင်းတီးချိန်၊ ခေါင်းလောင်းပိတ်ချိန်တင် မဟုတ်ပါဘူး။ ကျန်တဲ့ ကိစ္စတွေလည်း ရှိပါတယ်။ ကျောင်းသားပေါင်းရာထောင်ကျော် ရှိပါတယ်။ ဒါကြောင့် အဓိကတာဝန်ခံဖြစ်တဲ့ ကျောင်းအုပ်ကြီးကို နေရာချထားပေးဖို့ကိစ္စမေးပါတယ်။ အခု ပုဂ္ဂလိကကျောင်းတွေ ကျွန်တော်ရောက်ပါတယ်။ အဲဒီမှာ ကျောင်းတာဝန်ခံကဆိုရင် ကျောင်းထဲမှာ အမြဲနေပါတယ်။ Monitor ကနေပြီး တစ်ဆင့် ကြည့်နေပါတယ်။ ကြည့်နေပြီးလို့ရှိရင် သူအမြဲတမ်း(၂၄)နာရီ နေတာပါ။ သူ့ သူဌေးကို သတင်းပို့ပါတယ်။ ဘာတွေဘာတွေဖြစ်နေပြီ၊ ဘာတွေ ဘာတွေလုပ်ဆောင်နေပြီပေါ့။ ပုဂ္ဂလိကကျောင်းတွေမှာ ဒီလို ဝန်ဆောင်မှုတွေတောင် လုပ်နေပါပြီ၊ အစိုးရကျောင်းတွေမှာ အခု ဘီလီယံပေါင်း (၁၄၀၀)ကျော် တင်ပြတောင်းခံပြီးတော့မှ ဒီလိုအရေးပါတဲ့ကိစ္စ Idea လေးကိုမှ မလုပ်ဘူးဆိုလို့ရှိရင်လည်း လိုအပ်တဲ့ နေရာမလုပ်ဘဲနဲ့ မလိုအပ်တဲ့နေရာ လုပ်နေသလိုဖြစ်ကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သူက ဒီ ပညာရေးဝန်ကြီးဌာနရဲ့ ဝန်ထမ်းတွေ နေရေးထိုင်ရေး အခက်အခဲရှိတာ အမှန်ပါပဲ။ ဖြေရှင်းတဲ့ နည်းလမ်းက ဆရာ/ဆရာမတွေကို မိမိရဲ့ ဇာတိရပ်ရွာကို ပြောင်းရွှေ့ပေးတဲ့ကိစ္စလည်း ဒါ ပညာရေးဝန်ကြီးဌာနက လုပ်နေတဲ့ တစ်ပိုင်းရှိတာပေါ့၊ သို့သော်လည်း ကျန်တဲ့အပိုင်းတွေမှာက ဒီ ကျောင်းအဆောက်အအုံတွေ၊ ဘာတွေ၊ ပရိဘောဂတွေ လိုအပ်ချက်တွေက သိပ်များတဲ့အခါကျတော့ ဝန်ထမ်းဆီကို မရောက်သေးတဲ့သဘော၊ ကျန်တာတွေဖြည့်တာ မနိုင်သေးတဲ့ သဘောဖြစ်တယ်။ တကယ်တော့ ကျောင်းတစ်ကျောင်းရဲ့ ဖွဲ့စည်းပုံ၊ အထူးသဖြင့် အထက်တန်းကျောင်းတွေရဲ့ ဖွဲ့စည်းပုံမှာ ကျောင်းအုပ်ကြီး သာမကပေါ့၊ ရပ်ဝေးကလာပြီးတော့ သင်ကြားပြသတဲ့ ဆရာ/ဆရာမတွေပါ စုပေါင်းပြီးတော့ ယာယီနေလို့ရအောင် (၆)ခန်းတွဲလေးတွေတော့ ဖွဲ့စည်းပုံမှာ ပါဖို့ကောင်းတာပေါ့။ ကျန်းမာရေးဝန်ကြီးဌာနက (၁၆)ခုတင်ဆံ့ဆေးရုံဆို ဆရာဝန်နေအိမ်၊ သူနာပြုနေအိမ်၊ အစောင့်နေအိမ် တစ်ခါတည်း ဖွဲ့စည်းပုံမှာ တစ်ခါတည်းပါပြီးသားပဲ။ ချပေးလိုက်ပြီဆိုတာနဲ့ အကုန်လုံး အဲဒီအတိုင်း (Set up) ပေါ့နော်၊ (Set up) ဖြစ်တာပေါ့၊ အဲဒီလိုမူလေးတော့ လုပ်ထားဖို့လိုတယ်။ ချက်ချင်းလုပ်ဖို့ မဟုတ်ပါဘူး။ ဒါပေမဲ့ မူတော့ရှိတယ်။ ဘတ်ဂျက်အပေါ် မူတည်ပြီးတော့မှ ဆောင်ရွက်ပေးမယ်ဆိုတဲ့ အစီအစဉ် ဝန်ကြီးဌာနမှာ ရှိဖို့ လိုတာပေါ့။

**ဦးသန့်ရှင်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ ဒီ လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးသွားတာလည်း ကောင်းပါတယ်။ ဒီကိစ္စကိုလည်း ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ဝန်ထမ်းတွေအပေါ် တာဝန်ယူရတဲ့အတွက် အများကြီး လုပ်ပေးချင်ပါတယ်။ ကျွန်တော်တို့ ဦးစားပေးအဆင့်အလိုက် ကျွန်တော်တို့ လုပ်တဲ့အခါမှာ အန္တရာယ်ရှိကျောင်းတွေ၊ နောက်တစ်ခါ အဆင့်တိုးမြှင့်တဲ့ကျောင်းတွေမှာ သိပ္ပံခန်းတွေ ဒါတွေလည်း လိုပါတယ်။ အဆင့်မြင့်မှာလည်း ဒီကျောင်းသားအဆောင်တွေ၊ ကျောင်းသူအဆောင်တွေ ဒါတွေလည်း ကျွန်တော်တို့ လုပ်ရပါတယ်။ ဦးစားပေး အဆင့်အလိုက်သွားတဲ့အခါမှာ အဲဒီဘက်ကို တဖြည်းဖြည်းသွားပါမယ်။ အခုတောင်မှ ဘဏ္ဍာရေးစိမံချက်အရဆိုလို့ရှိရင် ကျောင်းဆောင်တစ်ဆောင် ကျွန်တော်တို့က တည်ဆောက်ရေး တင်လိုက်တဲ့အခါမှာ ပရိဘောဂ တစ်ခါတည်း မပါပါဘူး။ ပရိဘောဂ က 04, 02 ဆိုပြီးတော့ သာမန်အသုံးစရိတ်ထဲမှာပါတော့ ဒါဟာ ကျောင်းဆောင် ဆောက်ပြီးတော့မှ ပရိဘောဂတစ်ခါတည်း မထည့်နိုင်တဲ့ အခြေအနေ ရှိပါတယ်။ အဲဒါလည်း ဘဏ္ဍာရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းပြီးတော့ ကျောင်းဆောင်ပါတာနဲ့ တစ်ပြိုင်တည်း ပရိဘောဂ ပါဖို့ အဆင့်အထိ ကျွန်တော်တို့ ဆွေးနွေးဆောင်ရွက်လျက်ရှိပါတယ်။

အလားတူ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့ ဥစ္စာလည်း ဘဏ္ဍာရေးအခြေအနေအရ တဖြည်းဖြည်း ကျွန်တော်တို့ တိုးပြီးတော့ ဆောင်ရွက်သွားဖို့ အစီအမံရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်လေးဦး မေးမြန်းမယ့် မေးခွန်းများဟာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက် ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ကန်ပက်လက်မှ ငုံလောင်း-စံအိမ်နူးလမ်းအပိုင်းကို ပြန်လည်ပြုပြင်ပေးရန်နှင့် ကျန်ရှိနေခဲ့သော စံအိမ်နူး - ခိတော်လမ်းအပိုင်းကို မြေသားလမ်းအသစ် အမြန်ဆုံးပြန်လည်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ခိတော်၊ ခါပန်း-ကံကြီး/ကြံတောသို့ လမ်းအရှည် (၂၀)မိုင်ခန့်ကို အမြန်ဆုံးဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမနားနိုင်း က ကန်ပက်လက်မှ ငုံလောင်း- စံအိမ်နူးလမ်းအပိုင်းကို ပြန်လည်ပြုပြင်ပေးရန်နှင့် ကျန်ရှိနေခဲ့သော စံအိမ်နူး- ခိတော်လမ်း အပိုင်းကို မြေသားလမ်းအသစ် အမြန်ဆုံးပြန်လည် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် ခိတော် ၊ ခါပန်း-ကံကြီး/ကြံတောသို့ လမ်းအရှည်(၂၀)မိုင်ခန့်ကို အမြန်ဆုံးဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိတို့နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဦးမနားနိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဂုဏ်သရေရှိ လူကြီးမင်းများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမနားနိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ပြီးခဲ့သော လွှတ်တော်အစည်းအဝေးမှာလည်းပဲ တင်ပြပြီးသားလည်း ဖြစ်ပါတယ်။ သို့သော် လွှတ်တော်စတယ်ဆိုကတည်းက နေပြီးတော့မှာ ကျွန်တော်တို့ ဒီလွှတ်တော်သက်တမ်း ပထမအကြိမ် လွှတ်တော်သက်တမ်းဟာ ပြီးဆုံးဖို့ရာအတွက် နီးကပ်လာတဲ့အထိ ဒီလုပ်ငန်းလေးတွေဟာ မအောင်မြင်တဲ့အတွက်ကြောင့်မို့လို့ နည်းနည်းထပ်ပြီးတော့မှ တင်ပြတောင်းဆိုရခြင်းဖြစ်တယ်လို့ ကျွန်တော် တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကန်ပက်လက်မြို့နယ်၊ ငုံလောင်းကျေးရွာ၊ စံအိမ်နူးရွာ၊ ခိတော်ရွာဆိုတဲ့ လမ်းအပိုင်းကို ကျွန်တော်တို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ဘတ်ဂျက်နဲ့ ဖောက်ခဲ့ပါတယ်။ ဖောက်ခဲ့တဲ့အခါမှာ နိုင်မင်းကုမ္ပဏီကနေပြီး တာဝန်ယူပြီးတော့ ဖောက်လုပ်တဲ့နေရာမှာ ကျွန်တော်တို့ ကြီးကြပ်မှုအပိုင်းအားနည်းတဲ့ အပိုင်းတွေလည်းပါတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ ကနေပြီးတော့မှ အကြံပြုပြီးတော့ ဒီ လမ်းကြောအနေအထားလေး ပြန်ယူပြီးတော့မှ တင်ပြတဲ့အခါမှာလည်းပဲ သူတို့ရဲ့ ကုမ္ပဏီရဲ့ အမြင်က စွက်ဖက်တယ်လို့ သူတို့ကမြင်တယ်။ နောက်ပြီးတော့ ကျေးလက်ဒေသမှာရှိတဲ့ ဒေသခံပုဂ္ဂိုလ်ကြီးတွေကလည်းပဲ ပြန်ပြီးတော့ ဒီလမ်းကြောနဲ့ပတ်သက်ပြီးတော့ ဒီလမ်းဟာ လမ်းလိုချင်လွန်းတဲ့ ဆန္ဒဟာ ပြင်းပြလာတဲ့အခါမှာ တစ်ဒေသနဲ့ တစ်ဒေသ၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့မှာ ဆန္ဒလေးတွေ နည်းနည်းလေး၊ တိုက်ဆိုင်မှုလေးတွေ မရှိတာလေးတွေလည်း အများကြီးပါ ပါတယ်။ အဲဒီလို အကြောင်းအရာ အမျိုးမျိုးကြောင့် ဒီလမ်းဟာ မအောင်မြင်တဲ့အတွက်ကြောင့်မို့လို့ ဒီမေးခွန်းကို မေးရခြင်းဖြစ်တယ် ဆိုတာလည်းပဲ တင်ပြလိုပါတယ်။

ဒီမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ပထမတူးလိုက်တဲ့ ဖော်လိုက်တဲ့ ဖောက်လုပ်လိုက်တဲ့ လမ်းကြောမှာ မပြီးဆုံးသေးတဲ့ လမ်းအပိုင်းလေးနဲ့ဆက်လက်ပြီးတော့မှ ပြန်ပြုပြင်ဖို့အတွက် တင်ပြခဲ့တာလည်း ရှိပါတယ်။ အဲဒီ တင်ပြတဲ့နေရာမှာ ကျွန်တော် လွှတ်တော်မတိုင်ခင်လေးမှာ ဒီလုပ်ငန်းကို ပြန်လည်ပြီး

တော့မှ မြေဖြိုဆဲလုပ်ငန်းအနေနဲ့ ပြန်လည်ပြီးတော့မှ ဆောင်ရွက်ပြီးတဲ့အကြောင်းလည်းပဲ သိရပါတယ်။ သို့သော်လည်းပဲ ပထမဆုံး လမ်းအပိုင်းကို ပြန်ကြည့်တဲ့အခါမှာ ခိတော်အထိ မရောက်နိုင်တဲ့ အနေအထားဟာ အကြောင်းအမျိုးမျိုးကြောင့် ဖြစ်နေတဲ့အတွက်ကြောင့်မို့လို့ ဒီဟာကို ပြန်လည်ပြီးမှ ဆက်စပ်ပြီးတော့ ဒီ ဆက်လက်ပြီးတော့မှ ပြန်လည်ပြီးတော့မှ ခိတော်အထိ ဖောက်ပြီးတော့ ခိတော်က နေမှတစ်ဆင့် ခါပန်းရွာကို ဖြတ်၊ ဖြတ်ပြီးတော့ရင် မကွေးတိုင်းဘက်၊ ကျောက်ထုလေယာဥ်ကွင်းဘက် ကြံတော၊ ကံကြီး၊ ဖယောင်းတိုင် (၉၀၀)အတွက် အဲဒါကို ဆက်လက်ပြီးတော့မှ ဖောက်ပေးဖို့ဆိုပြီးတော့မှ ကျွန်တော့် မေးခွန်းမှာ ပါ ပါတယ်။

မေးခွန်းမှာ မေးခွန်းရဲ့သဘောအရ ကျွန်တော်ရိုးရိုးလေးမေးတယ်ဆိုသော်လည်းပဲ ဒီ အမြန် ဆုံးဆိုတဲ့ အနေအထားလေးဟာ ကျွန်တော်တင်ပြလိုက်တဲ့အခါမှာ အမြန်ဆုံးဆိုတဲ့ အနေအထားအရ ကျွန်တော်တို့ရဲ့ ဒီလွှတ်တော်သက်တမ်းကာလ အချိန်မှာ ဘာပဲဖြစ်ဖြစ် အောင်မြင်စေချင်တဲ့ ဆန္ဒနဲ့ ကျွန်တော် ထည့်ပြီးတော့ မေးရခြင်း ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဒီ ပြည်ထောင်စုအစိုးရ အနေနဲ့ ကျွန်တော်တို့ရဲ့ ဘတ်ဂျက်အသီးသီး ခွဲဝေတဲ့ အခါမှာ မပါခဲ့သော်ငြားလည်းပဲ ပြည်ထောင်စုရဲ့ အစီအမံနဲ့ ဒီလမ်းကြောကြီးဟာ ပြန်လည်ပြီးတော့မှ ဖြစ်နိုင်ဖို့ရာအတွက် ဒီအစိုးရမှာ အစီအစဥ်ရှိ/မရှိ မေးခွန်းကို ဒေသခံပြည်သူများရဲ့ကိုယ်စား ကျွန်တော် လေးစားစွာ တင်ပြမေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဆိပ်ဖြူမြို့နယ်၊ ယောချောင်းအနောက်ဘက်ရှိ ရွှေပိုးကျွန်း၊ ကျောက်ကြီး၊ အင်းကန်၊ ကင်မွန်းဒေါင့်၊ ကိုးရွာ ကျေးရွာများနှင့် ပခုက္ကူမြို့နယ်၊ မြစ်ဖျား၊ စညောင်း၊ ဒယ်ပြား၊ ဂဝံလေးတိုင် ကျေးရွာများသို့ ဆက်သွယ် သွားလာနိုင်မည့် ယောချောင်းဖြတ်ကူး တံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသော်ဇင်ဦး က ဆိပ်ဖြူ မြို့နယ်၊ ယောချောင်းအနောက်ဘက်ရှိ ရွှေပိုးကျွန်း၊ ကျောက်ကြီး၊ အင်းကန်၊ ကင်မွန်းဒေါင့်၊ ကိုးရွာ ကျေးရွာများနှင့် ပခုက္ကူမြို့နယ်၊ မြစ်ဖျား၊ စညောင်း၊ ဒယ်ပြား၊ ဂဝံလေးတိုင်ကျေးရွာများသို့ ဆက်သွယ် သွားလာနိုင်မည့် ယောချောင်းဖြတ်ကူး တံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဦးသော်ဇင်ဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားတဲ့ ဧည့်သည် တော်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ် ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသော်ဇင်ဦး ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့ မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်၊ ယောချောင်းအနောက်ဘက်ရှိ ကျေးရွာများဖြစ်တဲ့ ရွှေပိုးကျွန်း၊ ကျောက်ကြီး၊ အင်းကန်၊ ကင်မွန်းဒေါင့်၊ ကိုးရွာ ကျေးရွာများသို့ ဆက်သွယ်သွားလာသည့်

လမ်းနဲ့ ပခုက္ကူမြို့နယ်ရှိ ကျေးရွာများဖြစ်တဲ့ မြစ်ဖျား၊ စညောင်း၊ ဒယ်ပြား၊ ဂဝံလေးတိုင်ကျေးရွာများသို့ ဆက်သွယ်သွားလာနိုင်မယ့် လမ်း(၂)လမ်းအား ဆက်သွယ်သွားလာနိုင်သော ယောချောင်းဖြတ်ကူး တံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပခုက္ကူမြို့နယ်ရှိ ဂဝံလေးတိုင်၊ မြစ်ဖျား၊ စညောင်း၊ ဒယ်ပြားကျေးရွာများဟာ ယောချောင်းရဲ့အရှေ့ဘက်ကမ်းမှာ တည်ရှိပြီးတော့ ယောချောင်းရဲ့ အနောက်ဘက် ဆိပ်ဖြူမြို့နယ်ဘက်မှာတော့ ကင်မွန်းဒေါင့်၊ ကိုးရွာ၊ ကျောက်ကြီးကျေးရွာအုပ်စုတို့တွင် ကျေးရွာပေါင်း(၁၃)ရွာ တည်ရှိကြပါတယ်။ ဆိပ်ဖြူမြို့နယ်ရှိ ကျေးရွာများဖြစ်တဲ့ ရွှေပိုးကျွန်း၊ ကျောက်ကြီး၊ အင်းကန်၊ ကင်မွန်းဒေါင့်၊ ကိုးရွာ ကျေးရွာများသို့ ဆိပ်ဖြူမြို့နယ်သို့ ဆက်သွယ်သွားလာတဲ့ လမ်း အား စတင်အကောင်အထည်ဖော် ဖောက်လုပ်လျက်ရှိပြီးတော့ ပခုက္ကူမြို့နယ်၊ ယောချောင်းအရှေ့ဘက်ရှိ မြစ်ဖျား၊ စညောင်း၊ ဒယ်ပြား၊ ဂဝံလေးတိုင်မှ ပခုက္ကူမြို့သို့ ဆက်သွယ်သွားလာတဲ့ လမ်းကိုလည်း ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာနှစ်မှာ ဘဏ္ဍာငွေ ချထားပေးပြီးတော့ စတင်အကောင်အထည်ဖော် ဖောက်လုပ်လျက်ရှိပါတယ်။ ၎င်းယောချောင်း အရှေ့ဘက်ခြမ်း ပခုက္ကူမြို့နယ်ရှိ ကျေးရွာများနဲ့ ယောချောင်း အနောက်ဘက်ခြမ်း ဆိပ်ဖြူမြို့နယ်မှ ကျေးရွာများဟာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီးတော့ ရာသီမရွေးသွားလာနိုင်တဲ့ လမ်းမရှိတဲ့အတွက် ခေတ်အဆက်ဆက်က လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနဲ့ လူနေမှုဘဝများ နိမ့်ကျခဲ့ရပါတယ်။ ၂၀၁၁ ခုနှစ်ကျရောက်ခဲ့တဲ့ သဘာဝဘေးအန္တရာယ်ဖြစ်တဲ့ $O_2B$ မုန်တိုင်းကာလမှာလည်းပဲ ၎င်းယောချောင်းနံဘေးရှိ ဒေသများ ကျေးရွာများမှာ နစ်နာဆုံးရှုံးမှုများ များစွာနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ နေအိမ်များ၊ စိုက်ပျိုးမြေများ၊ စာသင်ကျောင်းနဲ့ ဘုန်းတော်ကြီးကျောင်းများပါ ပျက်စီးခဲ့ကြရပြီး သေဆုံးမှုများ၊ ပျောက်ဆုံးမှုများလည်း ကြုံတွေ့ခဲ့ရပါတယ်။

လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ရာသီမရွေးသွားလာနိုင်သော လမ်းများမရှိခဲ့ပါသဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့တဲ့နေရာမှာ အခက်အခဲများစွာနဲ့ ကြုံတွေ့ခဲ့ကြရသည်ကိုလည်း တွေ့ရှိခံစားခဲ့ရပြီး ဖြစ်ပါတယ်။ ၎င်းယောချောင်းဒေသဟာ ပခုက္ကူမြို့နယ်၊ ပေါက်မြို့နယ်၊ ဆိပ်ဖြူမြို့နယ် (၃)မြို့ နယ် ဆုံရာဒေသဖြစ်ပြီးတော့ တစ်မြို့နယ်နဲ့ တစ်မြို့နယ်မှာ ဆက်သွယ်သွားလာရန် ခက်ခဲတဲ့ ဒေသများ ဖြစ်ပါတယ်။ ၎င်းယောချောင်းဒေသဟာ ယောချောင်းဖြတ်ကူးတံတားများဖြစ်တဲ့ ကံတွင်းတံတားနဲ့ ဒေါသာတံတား(၂)စင်းရှိရာ ကံတွင်းတံတားမှာ ၂၀၁၁ ခုနှစ်က ကျရောက်ခဲ့တဲ့ $O_2B$ မုန်တိုင်းဒဏ်ကြောင့် ယောချောင်းရေနဲ့ မျောပါပျက်စီးခဲ့ရပါတယ်။ ဒေါသာတံတားမှာလည်းပဲ ၎င်းဒေသရှိ ကျေးရွာများနဲ့ အလှမ်းကွာဝေးနေတာ ဖြစ်တဲ့အတွက် ဒေသခံများအတွက် အထောက်အကူပြုမှု နည်းပါးခဲ့ရပါတယ်။ ၎င်းဒေသမှာ ပခုက္ကူမြို့နယ်နဲ့ ဆိပ်ဖြူမြို့နယ်များသို့ ဆက်သွယ်သွားလာနိုင်တဲ့ ယောချောင်းတံတား တစ်စင်းအား မြစ်ဖျားကျေးရွာနဲ့ ကိုးရွာကျေးရွာအကြား တည်ဆောက်ပေးမယ်ဆိုပါက ပခုက္ကူ-ပေါက်- ဆိပ်ဖြူမြို့နယ်(၃)မြို့နယ်ဆုံရာ ယောချောင်းဒေသရှိ ဒေသခံပြည်သူများရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူနေမှုအဆင့်အတန်းများ များစွာ ဖွံ့ဖြိုးတိုးတက်လာနိုင်မှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဆိပ်ဖြူမြို့နယ်၊ ယောချောင်းအနောက်ဘက်ရှိ ရွှေပိုးကျွန်း၊ ကျောက်ကြီး၊ အင်းကန်၊ ကင်မွန်းဒေါင့်၊ ကိုးရွာများသို့ ဆက်သွယ်သွားလာတဲ့ လမ်းနဲ့ ပခုက္ကူမြို့နယ်၊ မြစ်ဖျား၊ စညောင်း၊ ဒယ်ပြား၊ ဂဝံလေးတိုင်ကျေးရွာများသို့ ဆက်သွယ်သွားလာနိုင်တဲ့ လမ်း(၂)လမ်းအား ဆက်သွယ်သွားလာ

နိုင်သော ယောချောင်းဖြတ်ကူးတံတားတစ်စင်းအား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ အစီအစဉ် ရှိပါက မည်သည့်အချိန်မှာ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ပဲခူးမြို့နယ်၊ လက်ပံခုန်ကျေးရွာအုပ်စုရှိ မြေသားလမ်းကို ဂဝံလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ**။ ။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်း က ပဲခူးမြို့နယ်၊ လက်ပံခုန်ကျေးရွာအုပ်စုရှိ မြေသားလမ်းကို ဂဝံလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များ၊ ကော်မရှင်အဖွဲ့ဝင်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းများ တောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောမော်ထွန်း ဖြစ်ပြီးတော့ ပဲခူးမြို့နယ်၊ လက်ပံခုန်ကျေးရွာအုပ်စု ရှိ မြေသားလမ်းကို ဂဝံလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးမြို့နယ်၊ လက်ပံခုန်ကျေးရွာအုပ်စုဟာ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ရာမှာ ဒီ လက်ပံခုန်ကျေးရွာကနေ ဘောနတ်ကြီးဘုရားကြီးလမ်းအထိ ကျေးရွာချင်းဆက် မြေသားလမ်း အရှည်(၂)မိုင်(၇)ဖာလုံ၊ အကျယ်(၁၃)ပေ၊ အမြင့်(၂)ပေခွဲရှိတဲ့ လမ်းကို ၂၀၁၃ ခုနှစ်၊ မေလ ၁၇ ရက်နေ့မှာ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။ ဒီ မြေသားလမ်းကို လူထု လုပ်အားနဲ့ နှစ်စဉ်ဆောင်ရွက်ခဲ့ပြီး ယခုနှစ်မှာ ကျေးရွာလူထု အလှူငွေ (၄၇၆၃၈၀၀)ကျပ် ထည့်ဝင်ပြီးတော့ စက်ယန္တရားများနဲ့ အောင်မြင်စွာ အဆင့်မီဖောက်လုပ်ပြီး ဖြစ်ပါတယ်။ ၎င်းမြေသား လမ်းကို ဂဝံလမ်းအဖြစ် တိုးမြှင့်ပေးမယ်ဆိုရင် အချိန်မရွေး၊ ရာသီမရွေးသွားလာနိုင်ပြီး ဒေသခံပြည်သူ တွေရဲ့ စီးပွားရေး၊ လူမှုရေး၊ ပညာရေးကိစ္စရပ်များကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်မှာ ဖြစ်ပါ တယ်။ အထူးသဖြင့် မိုးရာသီကာလမှာ ကျောင်းသူ/ကျောင်းသားတွေဟာ (၃)မိုင်ခန့် ခြေလျင်လျှောက်ပြီး တော့ ဘောနတ်ကြီး အထက်တန်းကျောင်းကို သွားရောက်ပြီးတော့ ပညာသင်ကြားနေရတဲ့ အခက်အခဲ တွေရှိပါတယ်။

မိမိတို့ အရပ်ဒေသမှာ တာဝန်ထမ်းဆောင်တဲ့ ဝန်ထမ်းများရဲ့ အခက်အခဲကိုလည်း ဖြေရှင်း ပေးရာရောက်ပြီးတော့ မိမိတို့အရပ်ဒေသအတွက်များစွာ အကျိုးကျေးဇူးပေါ်ထွန်းစေနိုင်ပါတယ်။ သို့ဖြစ်ပါ၍ ၎င်းလမ်းကို ဂဝံလမ်းအဖြစ် တိုးမြှင့်ပေးနိုင်ခြင်း ရှိ/မရှိ ဥက္ကဋ္ဌကြီးကိုယ်စား၊ အများပြည်သူ ကိုယ်စား မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ပန်းတနော်မြို့နယ်၊ အင်းမကျေးရွာမှ ခရေကန်ကျေးရွာအစပ်သို့ ရောက်ရှိနေပြီဖြစ်သော ကျောက်ခင်း လမ်းအား ခရေကန်ကျေးရွာအဆုံး ဂဏိမ်းတံတားအထိ ဆက်လက် ခင်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ။** ။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဝင်းသိန်း က ပန်းတနော် မြို့နယ်၊ အင်းမကျေးရွာမှ ခရေကန်ကျေးရွာအစပ်သို့ ရောက်ရှိနေပြီဖြစ်သော ကျောက်ခင်း လမ်းအား ခရေကန်ကျေးရွာအဆုံး ဂဏိမ်းတံတားအထိ ဆက်လက်ခင်းပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၁။**

**ဦးဝင်းသိန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်မြေ အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ ကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့ ပန်းတနော်မြို့နယ်၊ ခရေကန်ကျေးရွာအုပ်စုအတွင်းရှိ ခရေကန် ကျေးရွာအစပ်သို့ ရောက်ရှိနေပြီဖြစ်သော ကျောက်ခင်းလမ်းအား အုပ်စုအတွင်းရှိ ရွာအဆုံးသို့ ဆက်လက် ခင်းပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလို၍မေးမြန်းရခြင်း ဖြစ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့နယ်မှာ ခရေကန်ကျေးရွာအုပ်စုရှိပါတယ်။ ခရေကန်ကျေးရွာအုပ်စုဟာ ကျုံပျော် မြို့နယ်၊ ဂဏိမ်းကျေးရွာနဲ့ဆက်စပ်လျက်ရှိပြီး ကျုံခရမ်းချောင်း၊ ဗောဓိချောင်းတို့က ရွာနှစ်ရွာ ရဲ့ကြားမှာ ဖြတ်သန်းစီးဆင်းသွားပါတယ်။ အဆိုပါခရေကန်ကျေးရွာအုပ်စုနဲ့ အင်းတကောကျေးရွာ အုပ်စု၊ အင်းမကျေးရွာအုပ်စုတို့ကို ကျောက်ချောလမ်းဖြင့် ဆက်သွယ်ထားပါတယ်။ ခရေကန်၊ အင်းတကော၊ အင်းမကျေးရွာအုပ်စုတို့ကို ဆက်သွယ်ထားတဲ့ကျောက်ခင်းလမ်းဟာ နိုင်ငံတော်ကနေပြီး ဘဏ္ဍာရေးနှစ် အလိုက် ခွင့်ပြုငွေများဖြင့် ဆောင်ရွက်ထားတဲ့လမ်း ဖြစ်ပါတယ်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် လမ်းအရှည် (၂)မိုင် (၄)ဖာလုံကို ကျောက်ခင်းလမ်း ခင်းပေးခဲ့ရာ ခရေကန်ကျေးရွာအစပ်သို့ ရောက်ရှိခဲ့ပြီဖြစ်ပါတယ်။ ခရေကန်ကျေးရွာအုပ်စုအတွင်းရှိ ခရေကန်ကျေးရွာအဆုံးအထိ ကျောက်ခင်းလမ်းကို ဆက်ခင်းပေးရန်အတွက် ပေမှာ (၂၁၀၀)သာ ကျန် ရှိခဲ့ပါတယ်။ အဆိုပါကျောက်ခင်းလမ်းဟာ ပန်းတနော်မြို့နယ်အတွက်သာမက ကျုံပျော်မြို့နယ်အတွင်း ရှိ ကျေးရွာများကိုပါ ပိုမိုအကျိုးပြုတဲ့ လမ်းတစ်လမ်းဖြစ်ပါတယ်။ ကျုံပျော်မြို့နယ်ရှိ ကျေးရွာများနဲ့ ပန်းတနော်မြို့နယ်ရှိ ကျေးရွာများမှာရှိတဲ့ တောင်သူတွေရဲ့ ဒေသထွက်ကုန်ဖြစ်တဲ့ ဆန်၊ စပါး၊ ပဲအမျိုးမျိုး၊ ရေထွက်ကုန်အစို၊ ရေထွက်ကုန်အခြောက်များကို ဈေးကွက်သို့တင်ပို့ရာတွင် အလွန် အသုံးဝင်တဲ့ လမ်းဖြစ်ပါတယ်။

ဒါ့အပြင် ကျုံပျော်မြို့နယ်နဲ့ ပန်းတနော်မြို့နယ်တို့မှာရှိတဲ့ ခရေကန်ကျေးရွာမှ ကျောင်းသား များ အင်းမနဲ့ အ-ထ-က(ခွဲ) ဖြန့်ကြီးတို့ ကျောင်းများသို့ ကျောင်းတတ်ရာမှာလည်း အဆင်ပြေတဲ့လမ်း အဖြစ် အသုံးပြုလို့ရပါတယ်။ ဒါ့အပြင် မြို့နယ်(၂)ခုမှာရှိတဲ့ ကျေးရွာသားတွေရဲ့ ကျန်းမာရေးကိစ္စအဖြစ်

ဆောင်ရွက်ရန် အင်းမတိုက်နယ်ဆေးရုံကို လာရောက်ရာတွင်လည်း များစွာအသုံးပြုရသော လမ်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အင်းမကျေးရွာမှ ခရေကန်ကျေးရွာအစပ်သို့ ရောက်ရှိနေပြီ ဖြစ်သော ကျောက်ခင်း လမ်းအား ခရေကန်၊ ဂဏိမ်းတံတားအထိ ကျန်သော ပေ(၂၁၀၀)အား ကျောက်ခင်းလမ်း အဖြစ် ဆက်လက်ခင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် မည်သည့် အချိန်ကာလတွင် ဆောင်ရွက်ပေးမည် ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူတွေ၏ တင်ပြစာနဲ့အတူ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၄။**

**ဦးတင်ငွေ (ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ကြွရောက်လာကြတဲ့ ဧည့်သည်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာ ချမ်းသာပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ပထမဦးစွာ ကျွန်တော်တို့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးမနားနိုင်း ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်လို့ ဦးစွာပထမ ကျွန်တော် ဒုတိယဝန်ကြီး ဦးတင်ငွေ ကဖြေဆိုမှာ ဖြစ်ပါ တယ် ခင်ဗျား။

အဲဒီတော့ ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်၊ ကန်ပက်လက်-ရဲလောင်းပန်း - ငုံလောင်း - စံအိမ်နူး - ခိတော် မြေသားလမ်းဟာ (၁၃)မိုင်ရှိပါတယ်။ ကျန်တဲ့အပိုင်းကတော့ ကျွန်တော်တို့ စံအိမ်နူး - ခိတော် (၁)မိုင်နဲ့(၄)ဖာလုံကို (၁၈)ပေမြေသားလမ်း ကျွန်တော်တို့ ဆောင်ရွက်ဖို့၊ အဆင့်မြှင့်တင်ဖို့ ဖြစ်ပါတယ်။ အဲဒီမှာ ခန့်မှန်းကုန်ကျငွေ (၂၆.၅၉၅)သန်းခန့် ကုန်ကျမယ်လို့ ခန့်မှန်းပါတယ်။ ကျွန်တော်တို့ ကန်ပက်လက်မြို့နယ်အတွင်းမှာ ခိတော်ရွာကနေပြီးတော့ ခါပန်းရွာကိုဖြတ်ပြီးတော့ မကွေးတိုင်း ဒေသကြီး၊ ဆောမြို့နယ် ကျောက်ထုလေယာဉ်ပျံကွင်း အနီးမှာရှိတဲ့ ကံကြီးရွာအထိ မြေသားလမ်းဟာ မိုင်(၂၀)ရှိပါတယ်။ လူသွားလမ်းဖြစ်ပြီးတော့ (၁၈)ပေ မြေသားလမ်းအကျယ် အဆင့်မြှင့်တင်လို့ရှိရင် ကုန်ကျမယ့်ငွေကတော့ ခန့်မှန်း(၃၅၄.၆)သန်းခန့်ကုန်ကျမယ်လို့ ခန့်မှန်းပါတယ်။

အဆိုပါ မြေသားလမ်း(၂)လမ်းအတွက် စုစုပေါင်း(၃၈၈.၁၉၅)သန်းခန့် ကုန်ကျမယ်လို့ ခန့်မှန်းရရှိပါတယ်။ ကျွန်တော်တို့ ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ချင်းပြည်နယ်အတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ရန်ပုံငွေနဲ့ ဘဏ္ဍာငွေ (၆၂၅၈.၆၁၇) သန်း (၆.၂၅)ဘီလီယံ ကျွန်တော်တို့ခွင့်ပြုထားပါတယ်။ လမ်းအရှည်အားဖြင့် ကတ္တရာလမ်း(၉)မိုင်၊ ကျောက်ချောလမ်း(၂၄)မိုင်၊ မြေသားလမ်း(၂၆၈)မိုင်(၂)ဖာလုံ၊ သစ်သားတံတား(၈၄၀)ပေ၊ ရေပြွန် (၅၀၀)ပေ ဆောင်ရွက်ခွင့်ပြုထားတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ကန်ပက်လက်မြို့နယ်အနေနဲ့ ယခုနှစ် မြို့နယ်ချုပ်အနေနဲ့ မွေးမြူရေးရေလုပ်ငန်းနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကနေပြီးတော့

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ရန်ပုံငွေသန်း(၄၀၀) ခွင့်ပြုထားပြီးတော့ မြေသားလမ်း(၂၅)မိုင် ဆောင်ရွက်ဖို့ ခွင့်ပြုထားတာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ ကန်ပက်လက်မြို့နယ်၊ ကန်ပက်လက်-ရဲလောင်းပန်း-ငုံလောင်း-စံအိမ်နူး မြေသားလမ်း (၁၁)မိုင် (၄)ဖာလုံ၊ မြေပြုတာတို့၊ ဘာတို့နဲ့ပတ်သက်လို့ ခုနတင်ပြထားတဲ့ဟာ ကျွန်တော်တို့ ဒီ ယခုနှစ်မှာ ငွေသန်းပေါင်း(၁၀.၅၇)သန်း၊ ၂၀၁၄-၂၀၁၅ ကျွန်တော်တို့ ခွင့်ပြုထားပါတယ်။ ဒါ Maintainance ပြုပြင်ထိန်းသိမ်းရေးအတွက် ဖြစ်ပါတယ်။ နောက်တစ်ခါ တင်ပြထားတဲ့ ခိတော် - ခါပန်းကြီး- ကံကြီး ဒီမြေသားလမ်းအတွက်လည်း ကျွန်တော်တို့ ဒီနှစ်တော့ ကျွန်တော်တို့ မပေးနိုင်ပါဘူး၊ လာမယ့်နှစ် ၂၀၁၅-၂၀၁၆ မှာတော့ ကျွန်တော်တို့ (၁၀)မိုင် မြေသားလမ်း ပေါ့လေ။ ခန့်မှန်းငွေအားဖြင့် (၁၇၇.၃၀)သန်းကို လျာထားပေးထားပါတယ်။ (၁၀)မိုင်၊ သူတောင်းတာ ကတော့ မိုင်(၂၀)ဖြစ်ပါတယ်။ သို့သော်လည်း ကျွန်တော်တို့ (၁၀)မိုင် လျာထားပါတယ်။ ဘာကြောင့်လဲဆို ဒီကံကြီး ဒီဘက်ကျော်လို့ရှိရင် မကွေးတိုင်း ရောက်တဲ့အတွက်ကြောင့် ချင်းပြည်နယ် ထဲက ရသလောက် ဘဏ္ဍာငွေ (၂၀)မိုင် မဟုတ်ဘဲနဲ့ (၁၀)မိုင် လျာထားပေးကြောင်း လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော်အနေနဲ့ မကွေးတိုင်း၊ အမှတ်(၉)၊ မဲဆန္ဒနယ် မြေ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသော်ဇင်ဦးရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်လို့ ဆက်လက် ပြီးတော့ တင်ပြပါ့မယ်ခင်ဗျား။

မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်၊ ရွှေပိုးကျွန်း၊ ကျောက်ကြီး၊ အင်းကန်၊ ကင်မွန်းတောင့် ကိုးရွာလမ်းနဲ့ ကျွန်တော်တို့ ပခုက္ကူမြို့နယ်၊ မြစ်ဖျား၊ စညောင်း၊ ဒယ်ပြား၊ ဂဝံလေးတိုင် လမ်း(၂)လမ်း ဆက်သွယ်ထားတဲ့ ကျွန်တော်တို့ ယောချောင်း၊ အဲဒီ လမ်းပေါ်မှာရှိတဲ့ ယောချောင်းဟာ မိုးတွင်းအခါမှာ တော့ ရေပြင်ကျယ်က ပေ(၃၀၀၀) လောက်ရှိပါတယ်။ အရှည်အားဖြင့် တံတားထိုးရမယ်ဆိုရင် ကျွန်တော် ပေ(၃၅၀၀)ခန့် ချောင်းကူး RC ကွန်ကရစ်တံတား တည်ဆောက်ရန် လိုအပ်မှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ မကွေးတိုင်းဒေသကြီးအတွင်းမှာ ၂၀၁၄-၂၀၁၅ ယခုနှစ်မှာ မွေးမြူရေး၊ ရေလုပ် ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ ကျပ်(၁၄.၅) ဘီလီယံပေါ့လေ၊ ကျပ်သန်းပေါင်း(၁၄၅၀၈ .၈၃)သန်း ကျွန်တော်တို့ ခွင့်ပြုခဲ့ပါတယ်။ ခွင့်ပြုထားတာ ဖြစ်ပါတယ်။ ကတ္တရာလမ်းအားဖြင့် ပြောရရင်တော့ (၁၂)မိုင်၊(၇)ဖာလုံ၊ ကျောက်ချောလမ်းအားဖြင့် ပြောရရင် (၂၂၂)မိုင်နဲ့ (၃)ဖာလုံ၊ မြေသားလမ်းအားဖြင့်ပြောရရင်(၂၁၄)မိုင်နဲ့(၇)ဖာလုံ၊ ကွန်ကရစ်လမ်း တံတားအနေနဲ့(၃၅)ပေ၊ သစ်သားတံတားအနေနဲ့ (၁၃၆၆)ပေ၊ ကွန်ကရစ်ရေကျော်(၅၂၉၀)ပေနဲ့ ရေပြွန် (၁၁၀၆)ပေ ဆောင်ရွက်ရန် ယခုနှစ် ခွင့်ပြုထားပါတယ်။ ဆိပ်ဖြူမြို့နယ်ချုပ်အနေနဲ့ ကျွန်တော်တို့ တင်ပြရရင် ၂၀၁၄-၂၀၁၅ မှာ ဘဏ္ဍာရေးနှစ်မှာ (၉၃၄.၆၃၁)သန်း ကျွန်တော်တို့ ခွင့်ပြုထားပါတယ်။

ကျောက်ချောလမ်းအနေနဲ့ (၁၁)မိုင်၊ မြေသားလမ်းအနေနဲ့(၅)မိုင်၊ ရေကျော်အနေနဲ့ ပေ (၁၀၀၀)ကို ဆောင်ရွက်ရန် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးမှ မေးမြန်းထားတဲ့ ဆိပ်ဖြူမြို့နယ်၊ ရွှေပိုးကျွန်း၊ ကျောက်ကြီး၊ အင်းကန်၊ ကင်းမွန်းတောင့်၊ ကိုးရွာလမ်းနဲ့ ပခုက္ကူမြို့နယ် အတွင်းမှာရှိတဲ့ မြစ်ဖျား၊ စညောင်း၊ ဒယ်ပြား၊ ဂဝံလေးတိုင် ဒီလမ်း(၂)လမ်း ဆက်သွယ်ထားတဲ့

ယောချောင်း တံတားနဲ့ပတ်သက်ပြီး ကျွန်တော်တို့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာတော့ ကျွန်တော်တို့ ယခုနှစ်မှာ ခွင့်ပြုထားခြင်းမရှိပါဘူး။ ဒီအဆိုပါတံတားနဲ့ပတ်သက်လို့ တင်ပြရလို့ရှိရင် တကယ်လို့ ဒီအဆိုပါ တံတားကို တည်ဆောက်မယ်ဆိုရင် ပေ(၃၅၀၀)ခန့် ကျွန်တော်တို့ ရှည်လျားမှာဖြစ်တဲ့အတွက် ကြောင့် ကျွန်တော်တို့ နည်းပညာအားဖြင့် Soil Test လုပ်ဖို့ရယ်၊ အင်ဂျင်နီယာပိုင်းအနေနဲ့ Structure Design လုပ်ဖို့ရယ်အတွက် ဒါ လိုအပ်မှာ ဖြစ်တဲ့အတွက်ကြောင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အနေဖြင့် တံတားတည်ဆောက်ရေးမှာ ကျွမ်းကျင်သော အင်ဂျင်နီယာများ၊ အထောက်အကူ ပစ္စည်းများ မရှိပါသဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေတွင် ထည့်သွင်းလျာထားခြင်း မရှိပါ ကြောင်း လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆက်လက်ပြီးတော့ ပဲခူးတိုင်းဒေသကြီး၊ အမှတ်(၁) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောမော်ထွန်း ၏ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ တင်ပြမှာဖြစ်ပါတယ်ခင်ဗျား။

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်မှာ လက်ပံခုန်ကျေးရွာမှ ဘောနတ်ကြီးဘုရားလမ်းသို့ ဆက်သွယ်ထားတဲ့ လမ်းက မိုင်အရှည်အားဖြင့် (၂)မိုင်နဲ့ (၆)ဖာလုံရှိပါတယ်။ မြေသားလမ်း ဖြစ်ပါတယ်။ ဒီရွာမှာရှိတဲ့ ပြည်သူများဟာ စုစုပေါင်း(၃၂၈၁)ဦး ရှိပြီးတော့ အဆိုပါလမ်းကို အားပြုပြီးတော့ သွားနေ ရတာဖြစ်ပါတယ်။ အဆိုပါလမ်းကို ဂဝံလမ်းအနေဖြင့် ခင်းပေးဖို့အတွက် ခန့်မှန်းကျန်ကျငွေ ကတော့ (၁၃၆.၃၃)သန်းဖြစ်ပါတယ်။ ပဲခူးတိုင်းချုပ်အနေနဲ့ တင်ပြရရင် မွေးမြူရေး၊ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေဝန်ကြီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုရန်ပုံငွေကတော့ (၁၉.၈၉)ဘီလီယံပေါ့၊ ကျပ်သန်းပေါင်း(၁၉၈၉၄.၄၆)သန်းဖြစ်ပါတယ်။ လမ်းအားဖြင့် ကတ္တရာလမ်း (၂၅)မိုင် (၆)ဖာလုံ၊ ကျောက်ချောလမ်း (၁၅၄)မိုင် (၂)ဖာလုံ၊ မြေသားလမ်း (၂၇၂)မိုင် (၆)ဖာလုံ၊ ကွန်ကရစ်တံတားပေ(၆၀)နဲ့ သစ်သားတံတား (၅၂၆၅)ပေ၊ ကွန်ကရစ်ရေကျော် (၉၂၁)ပေနဲ့ ရေပြွန်(၉၀၀) တို့ကို ကျွန်တော်တို့ ဆောင်ရွက်ဖို့အတွက် ခွင့်ပြုထားပြီးဖြစ်ပါတယ်။ ပဲခူးမြို့နယ်အနေနဲ့ ဒီနေ့ သူတို့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေအနေနဲ့ (၁၀၉.၁၂၅)သန်းပဲ ရရှိပါတယ်။ မြေသားလမ်း (၂)မိုင်နဲ့ သစ်သား တံတား(၁၄၀)ပေ၊ ရေပြွန်(၃၅)ပေအတွက် ဆောင်ရွက်ရန် ခွင့်ပြုထားပါတယ်။

ဒီအမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ မေးမြန်းထားတဲ့ ကျွန်တော်တို့ ပဲခူးမြို့နယ် အတွင်းမှာရှိတဲ့ လက်ပံခုန်ကျေးရွာကနေ ဘောနတ်ကြီးဘုရားကြီးလမ်းကို ဆက်သွယ်ထားတဲ့လမ်းကို မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် မှာတော့ ခွင့်ပြုထားခြင်း မရှိပါဘူး ခင်ဗျာ။ လတ်တလောအနေနဲ့ ဆောင်ရွက်ပေးရန် မရှိကြောင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဦးစားပေးအစီအစဉ်အတိုင်း လျာထား ဆောင်ရွက်ပေးလျက်ရှိ ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧရာဝတီတိုင်းဒေသကြီး အမှတ်(၉)၊ မဲဆန္ဒနယ်မြေမှာရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးဝင်းသိန်းရဲ့ ကြယ်ပွင့်ပြ မေးခွန်းနဲ့ ပတ်သက်ပြီး ကျွန်တော် ဆက်လက်ပြီးတော့ တင်ပြ သွားမှာဖြစ်ပါတယ်။

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ် အတွင်းမှာရှိတဲ့ ခရေကန်ကျေးရွာမှ ရန်ကုန်-ပုသိမ် ကားလမ်း မိုင်တိုင်အမှတ်(၆၂)မိုင်နဲ့(၂)ဖာလုံ၊ အင်းမကျေးရွာသို့ ဆက်သွယ်ထားတဲ့ လမ်းအရှည်ဟာ (၆)မိုင် (၄)ဖာလုံ ဖြစ်ပါတယ်။ ကျောက်ချောလမ်း(၆)မိုင်ကို ကျွန်တော်တို့ ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ကျန်ရှိတဲ့ (၄)ဖာလုံကို ကျောက်ချောလမ်း အဖြစ်ဆောင်ရွက်ပါက ငွေကျပ် (၄၅.၀၂)သန်းခန့် ကုန်ကျမယ်လို့ ခန့်မှန်းပါတယ်။ အဆိုပါလမ်းကို ကျေးရွာ(၇၀)မှာရှိတဲ့ လူဦးရေ (၆၃၅၄)ဦးတို့ အကျိုးပြုမှာ ဖြစ်ပါတယ်။

ဒီဧရာဝတီတိုင်းဒေသကြီးအနေနဲ့ မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက ယခုနှစ်ဘဏ္ဍာရေးနှစ် ၂၀၁၄-၂၀၁၅ မှာ ရန်ပုံငွေ(၂၄.၈၅)ဘီလီယံ၊ သန်းအားဖြင့် ကျွန်တော်တို့ ပြောရရင်(၂၄၈၅၀.၇၃၉)သန်း ကျွန်တော်တို့ ခွင့်ပြုထားပါတယ်။ လမ်းအရှည်အားဖြင့် ပြောရရင်တော့ ကွန်ကရစ်လမ်း(၂)ဖာလုံ၊ ကတ္တရာလမ်း(၂၂)မိုင်(၆)ဖာလုံ၊ ကျောက်ချောလမ်း(၂၆၇)မိုင်နဲ့ (၄)ဖာလုံ၊ မြေသားလမ်း (၁၄၆)မိုင် (၄)ဖာလုံ၊ ကွန်ကရစ်တံတား (၂၁၉၃)ပေ၊ သစ်သားတံတား (၈၆၅၄) ပေနဲ့ ရေပြွန် (၂၈၆၈)ပေတို့ ခွင့်ပြုထားပြီးဖြစ်ပါတယ်။ ပန်းတနော်မြို့နယ်အနေနဲ့ ကျွန်တော်တို့ ကျေးလက် ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာနအနေနဲ့ ၂၀၁၄-၂၀၁၅ မှာ ရန်ပုံငွေနဲ့ (၁.၁၆)ဘီလီယံ၊ သန်းအားဖြင့် (၁၁၆၈.၈၅)သန်း ခွင့်ပြုထားတာဖြစ်ပါတယ်။ လမ်းအရှည်အားဖြင့် ကတ္တရာလမ်း (၆)မိုင်၊ (၆)ဖာလုံ၊ ကျောက်ချောလမ်း (၂)မိုင်၊ မြေသားလမ်း (၁၆)မိုင် (၅)ဖာလုံနဲ့ သစ်သားတံတား(၁၇၀)ပေ၊ ရေပြွန် (၅၀) ပေတို့ကို ဆောင်ရွက်ခွင့်ပြုထားတာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးမှ မေးမြန်းထားသော ပန်းတနော်မြို့နယ်အတွင်းရှိ ခရေကန်ကျေးရွာမှ ရန်ကုန်-မန္တလေး-ပုသိမ် လမ်းမိုင်တိုင်အမှတ် (၆၂)မိုင်နဲ့(၂)ဖာလုံမှာရှိတဲ့ အင်းမကျေးရွာသို့ဆက်သွယ်ထားတဲ့ ကျန်လမ်း အပိုင်း(၄)ဖာလုံကို ဒီ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာတော့ ခွင့်ပြုထားခြင်းမရှိပါဘူး ခင်ဗျာ။ အဲဒီတော့ ၂၀၁၅-၂၀၁၆ မှာလည်း လျာထားခြင်းမရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ။** ။ ယောချောင်းဖြတ်ကူးတဲ့ တံတားက ပေ(၃၅၀၀)ခန့် ထိုးရမှာမို့လို့ ဒီကျေးလက် ဒေသဖွံ့ဖြိုးရေးနဲ့ မွေးမြူရေးနဲ့ ရေလုပ်ငန်းဝန်ကြီးဌာနအနေနဲ့ ဒါဆောင်ရွက်ပေးနိုင်ခြင်း မရှိဘူးဆိုတာ လက်ခံပါတယ်။ သို့သော်လည်း ကျွန်တော်တို့ မေးတဲ့အခါမှာတော့ ဘယ်ဝန်ကြီးဌာနက ဆောင်ရွက်ပေးပါ ဆိုတာထက်ကို ဒီမှာတံတားတစ်ခု လိုချင်ပါတယ်၊ လိုအပ်နေပါတယ် ဆိုပြီး တင်တဲ့ကိစ္စဖြစ်ပါတယ်။ အဲဒီတော့ အစိုးရအဖွဲ့ကို ပြန်တင်ပြီးတော့ ဒါကတော့ ကျွန်တော်တို့ဝန်ကြီးဌာနက ဆောင်ရွက်နိုင်ခြင်း မရှိတဲ့အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောင်ရွက်ဖို့ဆိုရင်လဲ ဆောင်ရွက်ဖို့ ပြန်ပြီးတော့ လွှဲပြောင်းပေးဖို့ လိုပါတယ်။ ဒါလေး ဆက်ပြီးဆောင်ရွက်ပေးပါ။ အလားတူပဲ ဒီမှာ ဘယ်လိုဖြစ်လည်းဆိုတော့ ဥပမာပေါ့၊ ဥပမာ သတိရသလောက်ဆိုရင် လိုင်ဗားရေအားလျှပ်စစ်က ဆည်ကနေပြီးတော့ ရေကို ဖလမ်းမြို့ ရေပေးဝေရေးအတွက် မေးခွန်းမေးတဲ့အခါကျတော့ လျှပ်စစ်က လာဖြေတယ်။ အဲဒီဆည်ကရေ ပေးနိုင်ပါတယ်လို့ပဲ ဖြေတယ်၊ အဲဒီဆည်ကရေ ပေးနိုင်ပါတယ်ဆိုတော့ အဲဒီဆည်ကရေကို မြို့ထဲရောက်ဖို့အတွက်ကို သူနဲ့မဆိုင်ပါဘူးဆိုတဲ့ သဘောဖြစ်တဲ့အတွက် ဒီမေးခွန်း က တစ်ဝက်တစ်ပျက်နဲ့ အရာမရောက်ဘူးဖြစ်သွားတဲ့ သဘောရှိပါတယ်။ လာဖြေတဲ့အခါမှာ ရေပေး ဝေဖို့ သက်ဆိုင်တဲ့ဌာနနဲ့ ရေယူခွင့်ပြုတဲ့ဌာနနဲ့ ညှိနှိုင်းပြီးတော့မှ ပေါင်းစပ်ပြီးတော့ အစိုးရအဖွဲ့ကဖြေပေးဖို့

လိုတာတွေရှိပါတယ်။ ဒါမှမဟုတ် ဒီယောချောင်းတံတား အမှန်တကယ် လိုအပ်တယ် ဆိုလို့ ရှိရင်တော့ အစိုးရအဖွဲ့ ပြန်ပြီးတော့ တင်ပြပြီးတော့မှ သက်ဆိုင်ရာဝန်ကြီးဌာနကို လွှဲပြောင်းပေးဖို့ မေတ္တာရပ်ခံပါတယ်။

အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၀း၅၆။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၀း၅၇ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၁၂ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၁၂။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည် ပြုပြီး ပေးပို့ထားသော မြေသြဇာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေး တင်ပြခြင်း**

**အချိန်၊ ၁၁း၁၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော မြေသြဇာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ၂၆-၁၁-၂၀၁၄ ရက်နေ့တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းပြီး ၂၁-၁-၂၀၁၅ ရက်နေ့တွင် ပြင်ဆင်ချက် ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြေသြဇာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြေသြဇာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ် များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁း၁၈။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုတဲ့ အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုး ပြီး ၂၅-၂-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်သူ့ လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ဥပဒေဘာသာပြန် ကော်မရှင် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား တင်သွင်းခြင်း**

**အချိန်၊ ၁၁း၁၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေ ကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြားတင်သွင်း မှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၉။**

**ဦးမိုးမြင့် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ

စာအမှတ်၊ ၁/အမ (ကော်မတီ-၁)၁/ ၂၀၁၅ -၁၀၆
ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်

၁။ ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်မှ ၂၇-၁-၂၀၁၅ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့ခဲ့ပါသည်။ အဆိုပါ ဥပဒေကြမ်း နှင့် စပ်လျဉ်း၍ ၉-၂-၂၀၁၅ ရက်နေ့တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးမောင်၊ မန္တလေး တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂)က အကြံပြုဆွေးနွေးခဲ့ပါသည်။ ထိုသို့အကြံပြု ဆွေးနွေးခဲ့သည့် အပေါ် ပြန်လည်ကြားနာရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လမ်းညွှန်ခဲ့သဖြင့် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အကြံပြုဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ် ဦးဌေးမောင်၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၁၇-၂-၂၀၁၅ ရက်နေ့တွင် ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆွေးနွေးညှိနှိုင်းခဲ့ရာတွင် အောက်ပါအတိုင်း သဘောတူညီခဲ့ပါသည် -

(က) ဘာသာပြန်ကော်မရှင် ဖွဲ့စည်းရာတွင် ပညာရှင်များ လုံလောက်စွာ ပါဝင်နိုင်ရန်အတွက် ပြည်သူ့လွှတ်တော်က ပယ်ဖျက်ထားသော အမျိုးသားလွှတ်တော်၏ မူလအတည်ပြုချက် ပုဒ်မ ၄၊ ပုဒ်မခွဲ(ဃ)(ဈ)နှင့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတည်ပြုသည့် ဥပဒေကြမ်း ပုဒ်မ ၄၊ ပုဒ်မခွဲ(င)(စ)(ဆ) တို့ကို အမျိုးသားလွှတ်တော်၏ မူလအတည်ပြုချက်အတိုင်းသာ ထားရှိသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း ပုဒ်မ ၁၀၊ ပုဒ်မခွဲ(က)တွင် ဖော်ပြထားသော စကားရပ်များအစား လုပ်ငန်းဆောင်ရွက်ရာတွင် ပိုမိုပြည့်စုံစေရန်အတွက် "ကော်မရှင် ဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦး ဦးဆောင်၍ ကော်မရှင် အဖွဲ့ဝင် ငါးဦးနှင့် ကော်မရှင်အတွင်းရေးမှူးတို့ပါဝင်သော ဥပဒေဘာသာပြန်လုပ်ငန်း ကော်မတီကို ဖွဲ့စည်းရမည်။" ဆိုသည့်စကားရပ်ဖြင့် အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း ပုဒ်မ ၄၊ ပုဒ်မခွဲ(ဃ)ကို မလိုအပ်၍ ပယ်ဖျက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော်က ပြင်ဆင် ချက်များဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာသော ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကြမ်းအပေါ်တွင် ပြည်သူ့လွှတ်တော်က ပြင်ဆင်အတည်ပြုသည့် ပုဒ်မ ၄၊ ပုဒ်မခွဲ(ဃ)၊ (င)၊ (စ) နှင့် (ဆ)၊ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(က)နှင့် အမျိုးသားလွှတ်တော်က အတည်ပြုခဲ့သည့် ပုဒ်မ ၄၊ ပုဒ်မခွဲ(ဃ)၊ (ဈ) နှင့် အမျိုးသားလွှတ်တော်က အတည်ပြုခဲ့သည့်အတိုင်းသာ ဆက်လက်ထားရှိသင့်ပါကြောင်းနှင့် အဆိုပါ အချက်များကို လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အချက်များအဖြစ် ပြည်ထောင်စုလွှတ်တော်သို့ ဆက်လက် တင်ပြသင့်ကြောင်း တစ်ပါတည်း အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၂၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ကအတည်ပြုပြီး ပေးပို့ထားသော ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များအနက် -

ဥပဒေကြမ်း၏ ခေါင်းစဉ်၊

အခန်း(၁)၊ အပိုဒ် ၂(က)(ဂ)(ဃ)(င)၊

အခန်း(၃)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၄(ခ)(ဂ)၊အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၇၊ အပိုဒ် ၈၊

အခန်း(၄)၊ အပိုဒ် ၉(က)(ခ)(ဂ)(ဃ)(င)(စ)(ဆ)(ဇ)(ဈ)၊ အပိုဒ် ၁၀(ခ)၊ အပိုဒ် ၁၁(က)(ခ)(ဂ)(ဃ)(င)၊

အခန်း(၅)၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃၊

အခန်း(၆)၊ အပိုဒ် ၁၄၊ အပိုဒ် ၁၅(က)(ခ)(ဂ)(ဃ)၊

အပိုဒ် ၁၆၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀ တို့ကို ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း ထားရှိရန် တင်ပြထားပါတယ်။

ဒါကြောင့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို သဘော တူ/မတူ လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက် -

ပြည်သူ့လွှတ်တော်က ပယ်ဖျက်ထားသည့်

အပိုဒ် ၂(ခ)(ဂ)၊ အပိုဒ် ၉(င)(စ)(ဇ) တို့ကို ပြည်သူ့ လွှတ်တော်၏ ပယ်ဖျက်ချက်အတိုင်း ထားရှိရန် တင်ပြထားပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက် -

ဥပဒေကြမ်း၏

အပိုဒ် ၄(င)(စ)(ဆ) နှင့် ပြည်သူ့လွှတ်တော်က ပယ်ဖျက်ထား သည့် အပိုဒ် ၄(ဃ)(ဈ) တို့ကို ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်၏ မူလပြင်ဆင် အတည်ပြုချက်အတိုင်း ထားရှိသင့်ကြောင်း တင်ပြထားပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၄)၊ အပိုဒ် ၁၀(က)

၁၀။ ကော်မရှင်သည် ဘာသာပြန်လုပ်ငန်းကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် -

(က) ကော်မရှင်ဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် ကော်မရှင် အဖွဲ့ဝင်တစ်ဦးဦး ဦးဆောင်၍ ကော်မရှင်အဖွဲ့ဝင် ငါးဦးနှင့် ကော်မရှင် အတွင်းရေးမှူးတို့ ပါဝင်သော ဥပဒေဘာသာပြန် လုပ်ငန်းကော်မတီကို ဖွဲ့စည်းရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၄)၊အပိုဒ် ၁၀(က) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၄)၊ အပိုဒ် ၁၀(က)သည် ဥပဒေကြမ်း၏အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက် -

ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့်

အပိုဒ် ၄(ဃ) ကို ဥပဒေကြမ်းကော်မတီက ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။ (သြဘာသံများ)

**ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စု လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်း**

**အချိန်၊ ၁၁း၂၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၄(က)အရ လွှတ်တော်တွင် ပြန်လည်ဆွေးနွေးရာ၌ ပြည်သူ့ လွှတ်တော်၏ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောမတူကြောင်း တွေ့ရှိရသည့်အတွက် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထိုသို့သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၈။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်အတည်ပြုခဲ့တဲ့ ပုဒ်မ ၄ ပုဒ်မခွဲ (ဃ)(င) (စ)(ဆ) ပုဒ်မ ၁၀ ပုဒ်မခွဲ (က)နဲ့

အမျိုးသားလွှတ်တော်က အတည်ပြုခဲ့တဲ့ ပုဒ်မ ၄ ပုဒ်မခွဲ(ဃ) (ဈ) အချက်(၇)ချက်တို့အား လွှတ်တော်နှစ်ရပ် သဘောကွဲလွဲတဲ့ အချက်တွေ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ဖို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာမြတ်ဉာဏစိုး မှ လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။

**ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် အချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁း၂၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေဘာသာပြန် ကော်မရှင် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ရာဇဝတ်ကျင့်ထုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၂၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၉။**

**ဦးတင်မြ (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးနဲ့ ကော်မရှင် အဖွဲ့ဝင်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၇) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်း ကော်မတီအဖွဲ့ဝင် ဦးတင်မြ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်းမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏<br>
ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်<br>
စိစစ်တင်ပြခြင်း အစီရင်ခံစာ

စာအမှတ်၊၁/အမ(ကော်မတီ-၁)၁/၂၀၁၄-၅၇၀<br>
ရက်စွဲ ၊ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က ၆-၇-၂၀၁၂ ရက်နေ့တွင် ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။ ယင်း

ဥပဒေကြမ်းတွင် ပထမအကြိမ် တင်သွင်းသော မူကြမ်း၌ အပိုဒ်ပေါင်း (၇၉)ခုပါရှိပြီး၊ ဥပဒေကြမ်း ကော်မတီနှင့် ညှိနှိုင်းဆွေးနွေးချက်ဖြင့် ပြင်ဆင်၍ တင်သွင်းသော ဒုတိယမူကြမ်းတွင် အပိုဒ်ပေါင်း (၈၂)ပိုဒ်၊ အသေးစိတ် အချက်အလက်ပေါင်း (၂၅၄)ချက်ပါရှိကြောင်း တွေ့ရပါတယ်။ အဆိုပါ ဒုတိယ မူကြမ်းကို လွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်ပေးချက်ဖြင့် ၃၁-၇-၂၀၁၂ ရက်နေ့တွင် စတင်ကြားနာခဲ့ရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ရှေ့နေချုပ်ရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် အကျဉ်းဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ လာရောက်ရှင်းလင်းတင်ပြခဲ့ပါတယ်။ ယင်းရှင်းလင်း တင်ပြချက်များအပေါ်တွင် ဥပဒေကြမ်းကော်မတီဝင်များနှင့် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင်အဖွဲ့ဝင်များ စုံညီထိုင်၍ အပြန်အလှန် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်၍ လိုအပ်သလိုပြင်ဆင် ဖြည့်စွက်မှုများ ပြုလုပ်ခဲ့ပါသည်။ ထို့နောက် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက ရာဇဝတ် ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာကို ၃၀-၁-၂၀၁၄ ရက်နေ့တွင် အမျိုးသားလွှတ်တော်၊ ဥက္ကဋ္ဌထံသို့ တင်သွင်းခဲ့ပါသည်။ ယင်းသို့ ကြားနာညှိနှိုင်းမှုများ အကြိမ်ကြိမ် ဆောင်ရွက်ခဲ့သည့်အပြင် ကော်မတီနှင့်ကော်မရှင်အဖွဲ့ဝင်များ ပါဝင်သော လုပ်ငန်း အဖွဲ့ငယ်ဖွဲ့စည်းကာ ပြင်ဆင်ချက်များကို အချိန်ယူသုံးသပ်စိစစ်ခဲ့ပါသည်။

လေ့လာတွေ့ရှိချက်များ

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီနှင့် ကော်မရှင်အဖွဲ့ဝင်များသည် ရာဇဝတ် ကျင့်ထုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသော ရာဇဝတ်ကျင့်ထုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတွင် အပိုဒ်ပေါင်း ၈၂ ပိုဒ် ပါရှိသည့်အနက် အပိုဒ် ၁ မှ ၆၅ အထိ ၆၅ ပိုဒ်တွင် တင်ပြသည့် ပုဒ်မများပါ စကားရပ်များကို အစားထိုး ပြင်ဆင်ချက် များဖြစ်ကြောင်း၊ အပိုဒ် ၆၆ မှ ၈၁ အထိ ၁၆ ပိုဒ် တွင် ပြစ်မှုနှင့် ပြစ်ဒဏ်များပါ ထောင်ဒဏ်၊ ငွေဒဏ်များကို ပြင်ဆင်ခြင်းဖြစ်ကြောင်းနှင့် အပိုဒ် ၈၂ တွင် ရာဇဝတ် ကျင့်ထုံး ဥပဒေ ဇယား(၃)ပါ Magistrate ဆိုသည့် စကားရပ်ကို Judge ဆိုသည့် စကားရပ်ဖြင့် အစားထိုးခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

(ခ) အဆိုပါ ပြင်ဆင်ချက်များကို ဥပဒေကြမ်းကော်မတီ၏ စိစစ်လေ့လာတွေ့ရှိချက်အရ ပုဒ်မ(၈)ခု တို့ကို မူလပြဋ္ဌာန်းချက်အတိုင်းသာ ထားရှိရန်၊ ပုဒ်မ (၆) ခုကို ပယ်ဖျက်ရန်၊ ပုဒ်မ(၁၈၇)ခုတို့ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန်၊ ပုဒ်မ(၂၁)ခုတို့ကို ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန်ဟူ၍ တွေ့ရှိရပါသည်။ တင်ပြချက်များကို မူရင်းပြဋ္ဌာန်းချက်၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ ပြဋ္ဌာန်းချက်၊ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်နှင့် မှတ်ချက်ပါ ဇယားဖြင့် ပူးတွဲတင်ပြအပ်ပါသည်။

(ဂ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပုဒ်မပေါင်း(၅၆၅)ခု ပါရှိသည့် ရာဇဝတ် ကျင့်ထုံး ဥပဒေတစ်ရပ်လုံးမှ ပုဒ်မအချို့ကိုသာ ထုတ်နုတ်၍ စကားရပ် အစားထိုး ခြင်းနှင့် နောက်ဆက်တွဲ ဇယား(၂)တွင် ဖော်ပြထားသည့် ပုဒ်မပေါင်း(၃၈၁)ခုအနက်မှ ပုဒ်မ အချို့ ကိုသာ ပြစ်မှုပြစ်ဒဏ် ပြင်ဆင်ခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ရာတွင်

ဥပဒေကြမ်းကော်မတီက ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေနှင့် အောက်ဖော်ပြပါ ဆက်လက် လုပ်ဆောင်သင့်သည့် လုပ်ငန်းရပ်များ ကျန်ရှိနေကြောင်း၊ ဆက်လက်ဆောင်ရွက်ပြီးမှသာ ပြည့်စုံသော ပြင်ဆင်သည့် ဥပဒေကြမ်းအဖြစ် ပြုစုတင်သွင်းသင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

(၁) ပုဒ်မ ၉၊ ပုဒ်မခွဲ(၁)နှင့်(၂) တို့ပါ "The President of the Union" ဆိုသည့် စကားရပ်ကို " The Chief Justice of the Union"ဟု အစားထိုးပြင်ဆင်ထားကြောင်း၊ ထိုသို့ပြင်ဆင်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေများနှင့်အညီ အစားထိုးပြင်ဆင်ခြင်းဖြစ်၍ အတည်ပြုသင့်ကြောင်း၊ သို့ရာတွင် အမှန်စင်စစ် တရားစီရင်ရေးအာဏာကို ပြည်ထောင်စုတရားသူကြီးချုပ် တစ်ဦးတည်းကိုသာ အပ်နှင်းခြင်းမဟုတ်ဘဲ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို အပ်နှင်းခြင်း ဖြစ်ရာ "The Supreme Court of the Union" ဟု ပြင်ဆင်ရန်ဖြစ်ပြီး အဆိုပါစကားရပ် အစားထိုးပြင်ဆင်ခြင်းကို ယခုတင်ပြသည့် ဥပဒေကြမ်းပါ ပုဒ်မများ၌ ရာဇဝတ်ကျင့်ထုံး ဥပဒေတစ်ရပ်လုံးပါ ကျန်ရှိသည့် ပုဒ်မ ၉၀ တွင်ပါ ပြင်ဆင်ရန် လိုအပ်လျက်တွေ့ရှိရပါသည်။

(၂) တင်ပြသည့် ဥပဒေကြမ်းတွင် Magistrate ဟူသော စကားရပ်ကို အလွယ်တကူ Judge ဟူသောစကားရပ်ဖြင့် အစားထိုးပြင်ဆင်ခြင်းသည် တရားစီရင်ရေး လုပ်ငန်းစဉ်အတွက် မှန်ကန်သော်လည်း Magistrate (ရာဇဝတ်တရားသူကြီး)၏ လုပ်ပိုင်ခွင့် အာဏာတွင် အုပ်ချုပ်ရေးအာဏာ (Executive Power)နှင့် တရားစီရင်ရေးအာဏာ (Judiciary Power) နှစ်ခု ရောထွေးကျင့်သုံးရသော အပိုင်းများ ပါရှိပါသည်။ ငြိမ်ဝပ်ပိပြားရေး၊ တရားဥပဒေစိုးမိုးရေး၊ စည်းကမ်းသေဝပ်ရေးတို့တွင် (ဥပမာအားဖြင့် - ပုဒ်မ ၁၄၄၊ ပုဒ်မ ၁၄၅ သည်) တရားစီရင်ရေးအာဏာမှ ရယူရန် မသင့်သောကိစ္စ ဖြစ်ပါသည်။ (ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁(က)အရ အာဏာသုံးရပ်ကို တတ်နိုင်သမျှပိုင်းခြားကျင့်သုံးရန် ပြဋ္ဌာန်းထားရှိချက်အရ အခြားတာဝန်ရှိဌာန (ဥပမာ-အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန) များက လုပ်ဆောင်သင့်၊ လုပ်ဆောင်ကျင့်သုံးနေသော လုပ်ငန်းတာဝန်များ ဖြစ်ပါသည်။ (မည်သည့်တာဝန် အဆင့်ထိ၊ မည်သည့် အတိုင်းအတာ၊ မည်သို့လွှဲအပ်မည်ကို) အကြေအလည် ညှိနှိုင်းရန် လိုအပ်သည်ဖြစ်ရာ ပြည်ထောင်စုအစိုးရကသာ ဦးစီး၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆုံးဖြတ်ရန် လိုအပ်မည်ဖြစ်ပါသည်။ သို့မှသာလျှင် ရာဇဝတ်ကျင့်ထုံးဥပဒေကို လိုက်လျောညီထွေမှုရှိစေရန် ပြင်ဆင်ရေးဆွဲ တင်သွင်းသင့်ပါသည်။ (Magistrate) ဟူသော စကားရပ်ပါ ပုဒ်မများစွာ ကျန်ရှိနေပါသေးသည်။

(၃) ရာဇသတ်ကြီးတွင် ပြင်ဆင်ပြဋ္ဌာန်းခြင်း မပြုရသေးသော ပြစ်ဒဏ်များကို ရာဇဝတ် ကျင့်ထုံးဥပဒေ၌ ပြင်ဆင်ရန်မသင့်ပါ။ ၎င်းဥပဒေနှစ်ရပ်တွင် တူညီသော ပြဋ္ဌာန်းချက်ပါ ပုဒ်မ(၁၁၅)ခု ရှိပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေနှင့် ၎င်းဥပဒေ နှစ်ရပ်ကို တစ်ပြိုင်နက်တည်းယှဉ်၍ စဉ်းစားပြင်ဆင်တင်သွင်းသင့်ပါသည်။

(၄) ယခုတင်သွင်းသည့် ပြင်ဆင်သည့် ဥပဒေကြမ်းတွင် Transporation for Life ဟူသော စကားရပ်အစား Imprisonment for Life ဟု အစားထိုးပြင်ဆင်ထားပါသည်။ ရာဇဝတ်ကျင့်ထုံးဥပဒေသည် ရာဇဝတ်မှု တစ်နည်းအားဖြင့် (ပြစ်မှုဆိုင်ရာ) အမှုအားလုံးကို စစ်ဆေးစီရင်ရာတွင် လိုက်နာရမည့် နည်းလမ်းကို ပြဋ္ဌာန်းထားခြင်း ဖြစ်ပါသည်။ ဤဥပဒေကြမ်းပါ "ထောင်ဒဏ်တစ်သက်" ဟူသော ပြစ်ဒဏ်ပြဋ္ဌာန်းချက်နှင့် မြန်မာနိုင်ငံတွင် လက်ရှိ တည်ဆဲအထူးဥပဒေများဖြစ်သည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေတွင် ပြဋ္ဌာန်းထားသည့် "နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်"၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေတွင် ပြဋ္ဌာန်းထားသည့် "ထောင်ဒဏ်တစ်သက်" ဆိုသည့် အဓိပ္ပာယ်ဖွင့်ဆိုချက် ("ထောင်ဒဏ်တစ်သက် ဆိုသည်မှာ ပြစ်မှု ထင်ရှားစီရင်ခြင်းခံရသူအား အကျဉ်းထောင်၌သေဆုံးသည်အထိ ပြစ်ဒဏ်ကျခံစေရန် ချမှတ်သည့် ထောင်ဒဏ်ကိုဆိုသည်။"ဟု ဖွင့်ဆိုထားပါသည်။) တို့နှင့် ညီညွတ်မှုရှိ စေရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြန်လည်သုံးသပ်၍ ညှိနှိုင်းသင့်ပါ သည်။

(၅) တရားသူကြီးများ၏ စီရင်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ ပုဒ်မ ၃၂၊ ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲငယ်(ဂ)တွင် တတိယတန်း အာဏာရတရားသူကြီး၏ စီရင်ပိုင်ခွင့်ကို ထောင်ဒဏ် (၃)လအထိ တိုးမြှင့်ပြင်ဆင်ရန် တင်သွင်းခြင်းသည် မသင့်လျော်ပါ။ တတိယတန်း အာဏာရ တရားသူကြီးသည် လုပ်ငန်းတာဝန်စတင်ယူခါစ လုပ်ငန်းအတွေ့အကြုံနှင့် ဆင်ခြင်တုံတရား မရင့်ကျက်သေးသည့် အနေအထားရှိ၍ ၎င်းတာဝန်ပိစေသော သဘောရှိ၍ ထောင်ဒဏ်ကို မူလပြဋ္ဌာန်းချက်အတိုင်း "တစ်လထက်မပိုသော ထောင်ဒဏ်" ဟူ၍ ပြဋ္ဌာန်းပြီး တိုးမြှင့်ပြင်ဆင်ရန် မသင့်ပါ။

(၆) ရာဇဝတ်ကျင့်ထုံး (Criminal Procedure Code) ကို စတင်ပြဋ္ဌာန်းစဉ်ကပင် Magistrate ဟူသောစကားရပ်ကို အဓိပ္ပာယ်မဖွင့်ဆိုခဲ့ပါ။ ပြီးခဲ့သော အစိုးရ အဆက်ဆက် ခေတ်စနစ်အခြေအနေအရ စကားရပ်အစားထိုးပြင်ဆင်စဉ်ကလည်း ယင်း Magistrate ကို အဓိပ္ပာယ်မဖွင့်ဆိုဘဲ တာဝန်ပေးအပ်ရန်လိုအပ်သည့် ဝန်ကြီးဌာနရှိ ဆိုင်ရာ အရာရှိ၏ ရာထူးဖြင့်သာ စကားရပ် အစားထိုးပြင်ဆင်သည့် ဥပဒေ (သို့မဟုတ် အမိန့်) ဖြင့်

အာဏာအပ်နှင်းခြင်းသာ ဆောင်ရွက်ခဲ့ပါသည်။ ယင်းနောက်ခံဖြစ်စဉ်ကို ကိုင်စွဲဆောင်ရွက်သင့်ပါသည်။

(၇) ရာဇသတ်ကြီးနှင့် ဆက်စပ်မှုမရှိသော ရာဇဝတ်ကျင့်ထုံးဥပဒေပါ (ဥပမာ- ပုဒ်မ ၄၈၈) ပုဒ်မကိုမူ အများပြည်သူအကျိုး၄ာ ပြည်ထောင်စုတရား လွှတ်တော်ချုပ်က ပြင်ဆင်သည့် ဥပဒေကြမ်းအဖြစ် သီးခြားတင်သွင်းသင့် ပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ပြင်ဆင်ရန် လိုအပ်သည့် ပုဒ်မများရှိနေသည့်အတွက် ပြည်ထောင်စု တရားလွှတ်တော်ချုပ်အနေဖြင့် ဆက်လက်ဆောင်ရွက်ပြီး ပြည့်စုံသော ရာဇဝတ်ကျင့်ထုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအဖြစ် ပြန်လည်တင်သွင်းသင့်ပါကြောင်း သဘောရရှိပါသဖြင့် အမျိုးသား လွှတ်တော်က အဆုံးအဖြတ်ပြုပေးပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရာဇဝတ်ကျင့်ထုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်ထောင်စု တရားလွှတ်တော်ချုပ်က ပြည့်စုံသော ဥပဒေကြမ်းအဖြစ် ပြန်လည်တင်သွင်းရေးအတွက် အမျိုးသား လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၃၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာအရ ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြည့်စုံသော ဥပဒေကြမ်းအဖြစ် ပြန်လည် တင်သွင်းရေးနှင့် ယင်းကဲ့သို့ အမျိုးသားလွှတ်တော်က ဆုံးဖြတ်ခြင်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန်အတွက် လွှတ်တော်ရဲ့ သဘောထား ရယူမှာ ဖြစ်ပါတယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ရာဇဝတ်ကျင့်ထုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အား ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြည့်စုံသော ဥပဒေကြမ်းအဖြစ် ပြန်လည်တင်သွင်းရေးနှင့် ယင်းကဲ့သို့ အမျိုးသားလွှတ်တော်က ဆုံးဖြတ်ခြင်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ် ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌက နေပြည်တော် စည်ပင်သာယာရေး ဥပဒေကြမ်းကို ပြန်လည်ရုပ်သိမ်းခွင့်ပြုရန် အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁း၄၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နေပြည်တော် စည်ပင်သာယာရေး ဥပဒေကြမ်းကို ပြန်လည် ရုပ်သိမ်းခွင့်ပြုရန် အဆိုကို နေပြည်တော်ကောင်စီဝင်က အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၀။**

**ဦးမျိုးညွန့် (ကောင်စီဝင်၊ နေပြည်တော်ကောင်စီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့မှာ နေပြည်တော် စည်ပင်သာယာရေး ဥပဒေမူကြမ်းကို ပြန်လည်ရုပ်သိမ်းမည့် အဆိုအား ကျွန်တော် နေပြည်တော်ကောင်စီ၊ ကောင်စီဝင် ဦးမျိုးညွန့် မှ အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၄/ ၂၀၀၉ ဖြင့် ၂၉-၁၂-၂၀၀၉ ရက်နေ့မှာ ထုတ်ပြန်ခဲ့သော နေပြည်တော် စည်ပင်သာယာရေး ဥပဒေကို စည်ပင်သာယာရေး လုပ်ငန်းများ ပိုမိုပြည့်ဝ အကောင်အထည်ဖော်နိုင်ရေးအတွက် ထပ်မံပြင်ဆင်ဖြည့်စွက် ပြဋ္ဌာန်းနိုင်ရေး အတွက် နိုင်ငံတော်သမ္မတရဲ့ ဥပဒေအကြံပေးအဖွဲ့များနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့ရဲ့ ဖြည့်စွက် အကြံပြုချက် များအပေါ် ပြင်ဆင်ပြုစုရေးစွဲတဲ့ အခန်း (၁၈)ခန်း၊ ပုဒ်မ (၉၃)ခု ပါဝင်သော နေပြည်တော် စည်ပင်သာယာရေးဥပဒေအား နိုင်ငံတော်သမ္မတရဲ့ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ ထပ်မံတင်ပြခဲ့ရာ သဘောတူခွင့်ပြုခဲ့ပြီး ဆက်လက်အတည်ပြု ပြဋ္ဌာန်းနိုင်ရေးနဲ့ ပြည်ထောင်စု လွှတ်တော်သို့ တင်သွင်းနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ လွှတ်တော်ရုံးသို့ ၁၃-၃-၂၀၁၃ ရက်နေ့မှာ နေပြည်တော်စည်ပင်သာယာရေး ဥပဒေမူကြမ်းကို တင်သွင်းခဲ့ပါတယ် ခင်ဗျား။ နေပြည်တော် စည်ပင်သာယာရေးဥပဒေမူကြမ်းကို ၂၇-၆-၂၀၁၃ ရက်နေ့မှာ ကျင်းပခဲ့တဲ့ ပထမအကြိမ် အမျိုးသား လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးကို လက်ခံစဉ်းစားပေးရန် အဆိုကို လွှတ်တော်က သဘောတူညီ ခဲ့ပြီး အမျိုးသားလွှတ်တော် ဥပဒေမူကြမ်းများမှ ဒုတိယမြို့တော်ဝန် ဦးဆောင်သောအဖွဲ့နှင့် အကြိမ်ကြိမ်ညှိနှိုင်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေအား ရေးဆွဲခဲ့ပါတယ်။

နေပြည်တော်ကောင်စီရဲ့ ဥပဒေပြဋ္ဌာန်းချက်များမှာ နေပြည်တော် စည်ပင်သာယာရေး ကော်မတီအတွက် တိကျသော ပြဋ္ဌာန်းချက်များ မပါသဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်၊ ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးမှသာ ပိုမိုပြည့်စုံသော နေပြည်တော်စည်ပင်သာယာရေး ဥပဒေမူကြမ်းကို အသစ်ပြန်လည် ရေးဆွဲသင့်ကြောင်း လေ့လာ သုံးသပ်ချက်များအရ နေပြည်တော်စည်ပင်သာယာရေးဥပဒေမူကြမ်းအား ပြန်လည်ရုပ်သိမ်းခွင့်ပြုရန် သမ္မတဦးစီးရုံးသို့ ဆက်လက်တင်ပြခဲ့ရာ သမ္မတဦးစီးရုံး မှ ၂၄-၉-၂၀၁၄ ရက်နေ့ ရက်စွဲဖြင့် ၆၃၅၆/၁ ဖြင့် ခွင့်ပြုခဲ့ပါတယ် ခင်ဗျား။

ဆက်လက်၍ နေပြည်တော်စည်ပင်သာယာရေး ဥပဒေမူကြမ်းကို ပြန်လည် ရုပ်သိမ်းခွင့်ပြုရေးအတွက် ၂၅-၉-၂၀၁၄ ရက်နေ့မှာ ကျင်းပခဲ့သော ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အစည်းအဝေး အမှတ်စဉ် ၁၉/၂၀၁၄ ရက်နေ့မှာ သဘောတူခွင့်ပြုချက် ရရှိပြီး ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်ရုံးသို့ နေပြည်တော် စည်ပင်သာယာရေးကော်မတီရဲ့ မူကြမ်းအား ပြန်လည် ရုပ်သိမ်းခွင့်ပြုရေး အကြောင်းကြားထားပြီး ဖြစ်ပါတယ် ခင်ဗျား။

သို့ဖြစ်ပါ၍ နေပြည်တော် စည်ပင်သာယာရေး ဥပဒေမူကြမ်းအား အမျိုးသားလွှတ်တော်၊ ဥပဒေမူကြမ်းကော်မတီနဲ့ နေပြည်တော် စည်ပင်သာယာရေးကော်မတီတို့ရဲ့ ညှိနှိုင်းချက်များအရ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်၊ ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးမှသာ ပိုမိုပြည့်စုံသည့် နေပြည်တော် စည်ပင်သာယာရေး ဥပဒေမူကြမ်းကို ပြန်လည်ရေးဆွဲသင့်ကြောင်း လေ့လာသုံးသပ်ချက်များအရ အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့သော နေပြည်တော် စည်ပင်သာယာရေး ဥပဒေမူကြမ်းအား ပြန်လည်ရုပ်သိမ်းခွင့်ပြုရန် အဆိုကို ကျွန်တော် တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၄၄။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၄၄။**

**ဦးခင်မောင်ဌွေး၊ မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌကိုယ်စား နေပြည်တော်ကောင်စီဝင် တင်သွင်းတဲ့ နေပြည်တော် စည်ပင်သာယာရေး ဥပဒေကြမ်းကို ပြန်လည် ရုပ်သိမ်းခွင့်ပြုရန် အမျိုးသားလွှတ်တော်သို့ အဆိုကို တင်သွင်းခြင်းအား ကျွန်တော် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ဌွေး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၁၀)က ထောက်ခံအပ်ပါတယ် ခင်ဗျား။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက နေပြည်တော် စည်ပင်သာယာရေး ဥပဒေကြမ်းကို ပြန်လည်ရုပ်သိမ်းခွင့် ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၄၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နေပြည်တော်စည်ပင်သာယာရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြန်လည်ရုပ်သိမ်းခွင့်ပြုရန် သင့်/မသင့် လွှတ်တော်ရဲ့ သဘောထား ရယူမှာ ဖြစ်ပါတယ်။

နေပြည်တော် စည်ပင်သာယာရေး ဥပဒေကြမ်းကို ပြန်လည် ရုပ်သိမ်းခွင့်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် နေပြည်တော်စည်ပင်သာယာရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြန်လည်ရုပ်သိမ်းခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၄၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေ ကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၅။**

**ဦးကျော်ကျော် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ အားလုံး မင်္ဂလာပါ။ ကျွန်တော် ကတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးကျော်ကျော် ဖြစ်ပါတယ်။ အခု ဥပဒေကြမ်း ကော်မတီရဲ့ အစီရင်ခံစာကို ကျွန်တော် ဖတ်ကြားတင်သွင်းပေးပါ့မယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်
စိစစ်တင်ပြခြင်း အစီရင်ခံစာ

စာအမှတ်၊ ၁/အမ (ကော်မတီ-၁)၁/၂၀၁၅-၁၀၇
ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်

၁။ ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ရီ (ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ)က ၁၆-၂-၂၀၁၅ ရက်နေ့တွင် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသား လွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ၁၈-၂-၂၀၁၅ ရက်နေ့တွင် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီနှင့် အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင်မှ တာဝန်ရှိသူများ အစည်းအဝေးပြုလုပ်ပြီး ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ် လေ့လာစိစစ်ရာ အောက်ပါအတိုင်း တွေ့ရှိ ရပါသည်-

(က) အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက လွှတ်တော်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင် ပြင်ဆင်သည့်အနေဖြင့် ၂၁-၁၀-၂၀၁၀ ရက်နေ့တွင် နိုင်ငံတော်အေးချမ်း သာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် (၁၃/၂၀၁၀)ဖြင့် ပြဋ္ဌာန်းခဲ့ပါသည်။

(ခ) အမျိုးသားလွှတ်တော် ဖွဲ့စည်းပုံပေါ်ပေါက်လာပြီးနောက် လွှတ်တော်၏ လက်တွေ့ဆောင်ရွက်ချက်များနှင့်ကိုက်ညီမှုရှိစေရန်၊ ၂၀၁၂ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ကိုယ်စား ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဝင် ဦးတင်ယုက အမျိုးသားလွှတ်တော်သို့ ၉-၃-၂၀၁၂ ရက်နေ့တွင် တင်သွင်းခဲ့ပြီး ပြည်ထောင်စုလွှတ်တော်က ၂၆-၁၁-၂၀၁၂ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၂၄/၂၀၁၂)ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါသည်။

(ဂ) ယခုအခါတွင် လွှတ်တော်ရုံးများ ဖွဲ့စည်းပုံပြောင်းလဲမှုအခြေအနေရလည်းကောင်း၊ လွှတ်တော်သက်တမ်း သတ်မှတ်ချက်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်စေရန်အတွက်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေ သုံးစွဲမှုကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများ၏ တာဝန်ထမ်းဆောင်မှုနှင့်စပ်လျဉ်း၍လည်းကောင်း၊ လွှတ်တော်အစည်းအဝေး ကျင်းပရာတွင် ကျင့်သုံးရမည့်လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ လက်တွေ့ကျင့်သုံးမှုများနှင့် ဆီလျော်စေရန် အမျိုးသားလွှတ်တော်၊ နိုင်ငံရေး၊ စီးပွားရေးနှင့်ဥပဒေရေးရာကော်မရှင်က တာဝန်ယူပြီး “၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း”အဖြစ် ပြင်ဆင်ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ ဥပဒေပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း**

**အချိန်၊ ၁၁း၅၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ယခု တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမောင်မောင်ငြိမ်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၀။**

**ဗိုလ်မှူးမောင်မောင်ငြိမ်း (တပ်မတော်သား ကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကော်မရှင်အဖွဲ့ဝင်ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး

မင်္ဂလာပါ။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမောင်မောင်ငြိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကို ဆွေးနွေးအကြံပြုသွားမှာ ဖြစ်ပါတယ်။

၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်လိုသည့် အချက် (၁၈)ချက်ကို ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၆)က လွှတ်တော်တွင် အဆိုတင်သွင်းခဲ့ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အနေဖြင့် ပြင်ဆင်ရန် တင်ပြချက် (၁၈)ချက်အနက် ပုဒ်မ ၂၊ ပုဒ်မခွဲ(ဇ)၊ ပုဒ်မ ၁၉-က၊ ပုဒ်မ ၅၀၊ ပုဒ်မခွဲ(င)၊ ပုဒ်မ ၅၀-က နဲ့ ပုဒ်မ ၆၂-က တို့ကို ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်အား PowerPoint ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။

အဆိုရှင်၏ ပြင်ဆင်ရန် တင်ပြချက်ပါ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ)တွင် ပါရှိသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ တို့ကိုလည်းကောင်း ဆိုသည့်စကားရပ် နောက်တွင် ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ ဖွဲ့စည်းသည့် နိုင်ငံတော်အဆင့် သို့မဟုတ် ဗဟိုအဆင့် အဖွဲ့အစည်းများကိုလည်းကောင်း ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည် ဟု ပြင်ဆင်ရန် တင်ပြထားပါတယ်။ လက်ရှိ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများအပြင် ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ ဖွဲ့စည်းသည့် နိုင်ငံတော်အဆင့် သို့မဟုတ် ဗဟိုအဆင့်အဖွဲ့အစည်းများပါ ပြည်ထောင်စု အဆင့် အဖွဲ့အစည်းအဖြစ် ဖြည့်စွက်မည်ဆိုပါက ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့သည့် ဥပဒေ ပြဋ္ဌာန်းချက်ပါ အဖွဲ့အစည်းများစွာမှာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများအဖြစ် အဓိပ္ပာယ် သက်ရောက်သွားမည် ဖြစ်ပါတယ်။

ပြည်ထောင်စုလွှတ်တော်က ၂၀၁၁ ခုနှစ်မှ လက်ရှိကာလအထိ ပြဋ္ဌာန်းပြီးဥပဒေများနှင့် ပြဋ္ဌာန်းဆဲဥပဒေများထဲမှ ဥပဒေပြဋ္ဌာန်း၍ ဖွဲ့စည်းခဲ့သည့် အဖွဲ့အစည်းများကို ကောက်နုတ်တင်ပြ ရပါက တင်ပြပါအတိုင်း မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီ၊ ကောင်စီဝင် (၆၀)ဦးထက် မပိုသော ဦးရေဖြင့် ဖွဲ့စည်း၊ မြန်မာနိုင်ငံ စာရင်းကောင်စီ လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်၊ ဥပဒေဘာသာပြန် ကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် (၉)ဦး၊ မြန်မာနိုင်ငံ ဗိသုကာကောင်စီ ကောင်စီဝင်(၃၃)ဦး၊ လျှပ်စစ်ဆိုင်ရာ လုပ်ငန်းကြီးကြပ်မှုကော်မရှင်၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်(၄)ဦး၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း ဗဟိုကောင်စီ၊ ဗဟိုဘဏ်၏ ဒါရိုက်တာအဖွဲ့၊ ဗဟိုဘဏ် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်(၈)ဦး၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် သင့်လျော်သော ပုဂ္ဂိုလ်များနှင့် ဖွဲ့စည်းနိုင်၊ ဗဟိုသန်းခေါင်စာရင်းကော်မရှင်၊ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၊ အမျိုးသား သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေးကော်မရှင် (၁၅)ဦး၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင်အနည်းဆုံး(၇)ဦးမှ အများဆုံး(၁၅)ဦး၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဗဟိုဦးစီးအဖွဲ့(၇)ဦး၊ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဗဟိုအဖွဲ့၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ ကောင်စီဝင်(၆၀)ဦး၊ ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၊ မြေလွတ် မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ၊ သင့်လျော်သော အဖွဲ့ဝင်များနှင့် ဖွဲ့စည်းနိုင် စသည်ဖြင့် အဖွဲ့အစည်းပေါင်း များစွာတွင် ဥက္ကဋ္ဌ၊ အဖွဲ့ဝင်ပုဂ္ဂိုလ်များစွာ ပါရှိနေကြောင်း တွေ့ရှိရမည် ဖြစ်ပါတယ်။

အဆိုပါ ကော်မတီ၊ ကော်မရှင်၊ ကောင်စီနှင့် အဖွဲ့များတွင် အချို့အဖွဲ့များမှာ ပြည်ထောင်စု အဆင့် သတ်မှတ်သင့်ပြီး အချို့အဖွဲ့များမှာ သတ်မှတ်ရန်မလိုအပ်သော အဖွဲ့များဖြစ်ကြောင်း တွေ့ရှိရ ပါတယ်။ ပြည်ထောင်စုလွှတ်တော်မှ ဆက်လက်၍ အသစ်အသစ်သော ဥပဒေများ ထပ်မံပြဋ္ဌာန်းကြမည် ဖြစ်၍ အဖွဲ့အစည်းအသစ်များလည်း ထပ်မံတိုးပွားနေမည် ဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်းရေး ဖွဲ့စည်းသည့် အဖွဲ့အစည်းများ အားလုံးကို ပြည်ထောင်စုအဆင့် သတ်မှတ်ပေးမည် ဆိုပါက အင်အားများစွာဖြင့် ဖောင်းပွမှု ဖြစ်ပေါ်နေတာကို လေ့လာတွေ့ရှိရပါတယ်။ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအဖြစ် သတ်မှတ်ပေးလိုပါကလည်း နိုင်ငံတော်အဆင့် ဆိုသည်မှာ မည်သည့်အဖွဲ့အစည်း များကို ဆိုလိုသည်။ ဗဟိုအဆင့် ဆိုသည်မှာ မည်သည့်အဖွဲ့အစည်းများကို ဆိုလိုသည်။ မည်သည့် အဖွဲ့အစည်းများသည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ ဖြစ်ကြသည်ကို တိတိကျကျ ပြဋ္ဌာန်း သတ်မှတ်ပေးရန် လိုအပ်ပါကြောင်း အကြံပြု တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ ပြင်ဆင်ပြဋ္ဌာန်းရာတွင်လည်း ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်းရေး ဖွဲ့စည်းသည့် ကော်မရှင်၊ ကော်မတီနှင့် အဖွဲ့အစည်းများစွာ ရှိသည့်အတွက် ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်းရေး အဆိုပါဥပဒေတွင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအဖြစ် အတိအလင်း သတ်မှတ် ဖွဲ့စည်းသည့် နိုင်ငံတော်အဆင့် သို့မဟုတ် ဗဟိုအဆင့် အဖွဲ့အစည်းများကို လည်းကောင်းဟု ပြင်ဆင် ဖြည့်စွက်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြင်ဆင်ရန် တင်ပြချက်ပါ ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၁၉ ၏နောက်တွင် ပုဒ်မ ၁၉-က ဖြည့်စွက်ချက်အပေါ် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ပုဒ်မ ၁၉-က တွင် ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌသည် တာဝန်မှ နုတ်ထွက်လိုလျှင် လွှတ်တော်၏ ခွင့်ပြုချက်ကို ရယူရမည်ဟု ဖော်ပြထားပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၄၅ ၊ ပုဒ်မ ၁၁၃(ခ)အရ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌသည် နုတ်ထွက်လိုလျှင် ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌ အဖြစ်မှ ရပ်ဆဲပြီး ဖြစ်စေရမည်ဟု ပြဋ္ဌာန်းထားပါသဖြင့် လွှတ်တော်၏ ခွင့်ပြုချက်ရယူရန် မလိုကြောင်း လေ့လာတွေ့ရှိရပါတယ်။

သို့သော် လုပ်ငန်းသဘောသဘာဝအရ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ နုတ်ထွက်လိုလျှင် သက်ဆိုင်ရာ လွှတ်တော်ကို အသိပေးတင်ပြသင့်ပါတယ်။ သို့ဖြစ်ပါ၍ ပုဒ်မ ၁၉-က ကို ဖြည့်စွက် လိုပါက ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌ သည် မိမိဆန္ဒအလျောက် ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌ တာဝန်မှ နုတ်ထွက် လိုလျှင် လွှတ်တော်သို့ အသိပေးတင်ပြရမည်။ လွှတ်တော်၏ သဘောတူညီချက် ရပါက ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌ အဖြစ်မှ နုတ်ထွက်ပြီး ဖြစ်သော်လည်း လွှတ်တော်ကိုယ်စားလှယ် အဖြစ် ဆက်လက် ရပ်တည်ခွင့် ရှိသည် ဟု ပြင်ဆင်ရန် အကြံပြုအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြင်ဆင်ရန် တင်ပြချက်ပါ ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၅၀၊ ပုဒ်မခွဲ(င) ကို ဖြည့်စွက်ချက်အပေါ် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ပုဒ်မ ၅၀၊ ပုဒ်မခွဲ(င) ဖြည့်စွက်ချက်မှာ လွှတ်တော်ကော်မတီများ၊ ကော်မရှင်များနှင့် အဖွဲ့များက လုပ်ငန်းတာဝန်နှင့် ဆက်စပ်သောကိစ္စအတွက် ဆွေးနွေးတင်ပြရန်၊ ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီးများကို တိုက်ရိုက်ဖိတ်ကြားပါက လာရောက်ရှင်းလင်း ဖြေကြားရမည်ဟု ဖော်ပြထား ပါတယ်။ အကြံပြုချက်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၀၊ ပုဒ်မခွဲ(ခ)တွင် ဖွဲ့စည်းပုံအခြေခံ

ဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များသည် အမျိုးသားလွှတ်တော် ကော်မတီများ၊ ကော်မရှင်များနှင့် အဖွဲ့များ၏ အစည်းအဝေးများသို့ ယင်းကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့ကြီးမှူး၏ခွင့်ပြုချက်ဖြင့် တက်ရောက်သည့်အခါ မိမိ၏ အဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်း သို့မဟုတ် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်ဟုလည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၅၈၊ ပုဒ်မခွဲ (က)တွင် ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် ယင်းတို့ကဖွဲ့စည်းသည့် ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့များက ဖိတ်ကြားစဉ် ရှင်းလင်းတင်ပြရန် ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီးအား တာဝန်ပေးခြင်းနှင့် ယင်းကော်မတီများသို့ လိုအပ်သော အချက်အလက် ပေးပို့ခြင်းများ ပြုနိုင်သည်ဟု ပြဋ္ဌာန်းထားရှိရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသူ မည်သူမဆို ကော်မတီ၊ ကော်မရှင် အစည်းအဝေးများတွင် အဖွဲ့ကြီးမှူး၏ ခွင့်ပြုချက်ဖြင့် တက်ရောက်ရှင်းလင်း နိုင်ကြောင်း တွေ့ရှိရမည် ဖြစ်ပါတယ်။

သို့ရာတွင် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာနတွင် အကြီးအကဲဖြစ်၍ နိုင်ငံတော်သမ္မတအား တာဝန်ခံဆောင်ရွက်နေရသည့် ပုဂ္ဂိုလ်လည်းဖြစ်ပြီး ယင်း၏ များပြားသော လုပ်ငန်းတာဝန်များကို စီမံဆောင်ရွက်နေသူ ဖြစ်ပါတယ်။ လွှတ်တော်တွင် ကျင်းပသည့် အစည်းအဝေးများတွင် တက်ရောက်ဖြေရှင်းဆောင်ရွက်နေရပါက မူလအစိုးရလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လစ်ဟင်းမှုများ ရှိနိုင်သည့်အတွက် မူလအတိုင်းသာ ထားရှိသင့်ကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြင်ဆင်ရန် တင်ပြချက်ပါ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၅၀ ၏နောက်တွင် ပုဒ်မ ၅၀-က ဖြည့်စွက်ချက်အပေါ် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ပုဒ်မ ၅၀-က ဖြည့်စွက်ချက်မှာ လွှတ်တော်အစည်းအဝေးများကို ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၄၄ အရ ဥက္ကဋ္ဌက ကြီးကြပ်ကွပ်ကဲရာတွင် ယင်း၏ အဆုံးအဖြတ်သည် အပြီးအပြတ် အတည်ဖြစ်စေရမည်ဟု ဖော်ပြထားပါတယ်။ အပြီးအပြတ် ဆိုသည့် စကားရပ်သည် တရားစီရင်ရေး သဘောဆန်သော စကားရပ် အသုံးအနှုန်းဖြစ်ပြီး ဥပဒေအရလည်း နောက်ထပ်ဖြေရှင်းဆောင်ရွက်ရန် အကြောင်းမပေါ်ပေါက်နိုင်ကြောင်း ဖော်ပြရာရောက်သည့် စကားရပ် ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ တင်သွင်းစိစစ်ချက် ရယူရမည့် အကြောင်းကိစ္စရပ်များတွင် ယင်းစကားရပ်နှင့် ပတ်သက်၍ အငြင်းပွားမှုများ ဖြစ်ပေါ်လာနိုင်ပါသဖြင့် ရှေ့ဆက်ပြဋ္ဌာန်းသည့်ပုဒ်မတွင် အပြီးအပြတ် ဆိုသည့် စကားရပ်အား ပယ်ဖျက်၍ ပြဋ္ဌာန်းသင့်ပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြင်ဆင်ရန် တင်ပြချက်ပါ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၆၂ ၏ နောက်တွင် ပုဒ်မ ၆၂-က ဖြည့်စွက်ချက်အပေါ် ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ပုဒ်မ ၆၂-က ဖြည့်စွက်ချက်ပါ၊ ၆၂-က လွှတ်တော်ကိုယ်စားလှယ်များအပေါ် ပြည်သူတို့၏ တိုင်ကြားစာလက်ခံရရှိပါက ဥက္ကဋ္ဌသည် လွှတ်တော်အခွင့်အရေးကော်မတီကို လွှဲအပ်စုံစမ်းစေရမည်။ လွှတ်တော်အခွင့်အရေးကော်မတီက သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်သည် ဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း တွေ့ရှိလျှင် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ဥပဒေနှင့်အညီ အရေးယူနိုင်ရန် တိုင်ကြားစာကို သက်ဆိုင်ရာသို့ လွှဲပြောင်းပေးရမည်ဟု ဖော်ပြထားပါတယ်။ အကြံပြုတင်ပြချက်အနေဖြင့် လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း ပြဋ္ဌာန်းချက်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၃၉၆

ပုဒ်မခွဲ(ခ)တွင် သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံး (၁)ရာခိုင်နှုန်းတို့က တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုသော လွှတ်တော်ကိုယ်စားလှယ်များနှင့် ပတ်သက်သည့် တိုင်တန်းချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ တင်ပြရမည်ဟုလည်းကောင်း၊ ပုဒ်မ ၃၉၆ ပုဒ်မခွဲ(ဂ)တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးရမည် ဟု ပြဋ္ဌာန်းပါရှိပါတယ်။

ထို့အတွက် ယခုဖြည့်စွက်မည့် ပြဋ္ဌာန်းချက် ပုဒ်မ ၆၂-က သည် ပြည်သူတို့၏ မည်သို့သော တိုင်ကြားချက်ဟု ကွဲပြားစွာ ဖော်ပြထားခြင်းမရှိသည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၆ (ခ)နှင့် (ဂ)တို့ပါ ပြဋ္ဌာန်းချက်များနှင့် ရောထွေးနိုင်ပါသဖြင့် ရှင်းလင်းစွာ ဖော်ပြသင့်ပါကြောင်း အကြံပြုရင်းကျွန်တော်၏ တင်ပြချက်အား နိဂုံးချုပ်အပ်ပါတယ်။

**အချိန်၊ ၁၂း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမောင်မောင်ငြိမ်း ရဲ့ ဆွေးနွေးချက်နဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော်ဥပဒေကြမ်း ကော်မတီ က ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို နေ့လယ်စာသုံးဆောင်ဖို့အတွက် (၁)နာရီ ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အစည်းအဝေးပြီးတဲ့အချိန်မှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များ တက်ရောက်ဖို့အတွက်ကို ဥပဒေကြမ်းကော်မတီက ဖိတ်ကြားပါတယ်။ ဒါကြောင့်မို့ အစည်းအဝေး ပြီးလို့ရှိရင် ကိုယ်စားလှယ်တော်ကြီးများ ထမင်းစားခန်းမမှာ တက်ရောက်ပေးဖို့အတွက်ကို အကြောင်း ကြားအပ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၂း၀၅ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၃း၀၅ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၃း၀၅။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၃း၁၀။**

**ဥက္ကဋ္ဌ**။ ။ နေ့လယ်ပိုင်း ခွင့်များကို တင်ပြပါမယ်။

ဦးစတီဗင်သာဘိတ်၊ ချင်း(၄)၊ ကျန်းမာရေး။ ဦးခင်မောင်ရီ၊ ဧရာဝတီ(၆)၊ ဥပဒေကြမ်း ပူးပေါင်း ကော်မတီအစည်းအဝေး။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ ၎င်းအတိုင်း။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ၎င်းအတိုင်း။ ဦးစိုင်းတင်အောင်၊ ကချင်(၅)၊ ၎င်းအတိုင်း။ ဦးမိုးမြင့်၊ တနင်္သာရီ(၇)၊ ၎င်းအတိုင်း။ ဦးဂမ်ဆိုင်း၊ ကချင်(၂)၊ ကျန်းမာရေးစစ်ဆေး။ ဦးထွန်းမြင့်၊ စစ်ကိုင်း(၆)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးမြတ်ကို၊ စစ်ကိုင်း(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးထွန်းဇော်(ခ)ကိုပေါက်၊ ပဲခူး(၁၂)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးမျိုးမြင့်၊ မန္တလေး(၆)၊ ကော်မတီတာဝန်။ ဦးဌေးဝင်း၊ ရခိုင်(၇)၊ ကိုယ်ရေးကိုယ်တာ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ နေ့လယ်ပိုင်းခွင့်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် နေ့လယ်ပိုင်းခွင့်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

**ဦးဆလိုင်းခွဲယန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၏ အခြေခံပညာအဆင့် အထက်တန်းကျောင်းများတွင် ကျောင်းစာကြည့်တိုက်များ ပေါ်ထွန်းရေးနှင့် ကျောင်းစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ် များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသား လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၃း၁၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန် တင်သွင်းထားတဲ့ အခြေခံပညာအဆင့် အထက်တန်းကျောင်းများတွင် ကျောင်းစာကြည့်တိုက်များ ပေါ်ထွန်းရေးနှင့် ကျောင်း စာကြည့် တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထား ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ် (၆)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးကျော်နုမော် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၁၀။**

**ဗိုလ်မှူးကျော်နုမော် (တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊ ကော်မရှင်အဖွဲ့ဝင် ပညာရှင် ကြီးများနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင် အမှတ် ကြည်း ၂၉၆၅၀ ဗိုလ်မှူးကျော်နုမော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆလိုင်းခွဲယန် ရဲ့ အခြေခံပညာအဆင့် အထက်တန်းကျောင်းများတွင် ကျောင်းစာကြည့်တိုက်များ ပေါ်ထွန်းရေးနှင့် ကျောင်းစာကြည့် တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထား ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်း အဆိုနဲ့ စပ်လျဉ်း၍ အကြံပြုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စာကြည့်တိုက်ဆိုတဲ့ စကားဟာ အင်္ဂလိပ်ဘာသာစကားဖြင့် Library ဖြစ်ပါတယ်။ လက်တင် ဘာသာ Librarier မှ ဆင်းသက်လာပြီး Libra စာအုပ်ဟု အနက်အဓိပ္ပာယ်ရပါတယ်။ စာအုပ်လို့အနက်အဓိပ္ပာယ်ရတဲ့ စာကြည့်တိုက်များဟာ လူ့သမိုင်းတစ်လျှောက်တွင် ဖြစ်ပျက်ခဲ့သမျှ ခေတ်အဆက်ဆက် ဖြတ်သန်းခဲ့သမျှ၊ တွေးခေါ်ဖန်တီးမှု မှန်သမျှအား မှတ်တမ်းမှတ်ရာများအဖြစ် ရေးသားထားတဲ့ စာအုပ်စာတမ်းများကို စုစည်းပေးထားတဲ့ ပညာဘဏ်တိုက်များလည်း ဖြစ်ပါတယ်။ စာကြည့်တိုက်အမျိုးမျိုးရှိတဲ့အနက် ကျောင်းစာကြည့်တိုက်များဟာ မူလတန်းမှစ၍ အထက်တန်းကျောင်းများတွင် ဖွင့်လှစ်ထားရှိသော စာကြည့်တိုက်များဖြစ်ပါတယ်။

ကျောင်းစာကြည့်တိုက်များသည် ကျောင်းသားလူငယ်များ၏ အသိဉာဏ်ပညာ ဗဟုသုတ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စရိတ်အသက်သာဆုံး၊ အချိန်ကုန်သက်သာဆုံးနဲ့ ကျောင်းသားတစ်ရပ်လုံး လက်လှမ်းမီနိုင်တဲ့ ပညာဗဟုသုတရှာမှီးရာ နေရာများလည်းဖြစ်ပါတယ်။ ကျောင်းသားလူငယ်များအတွက်သာမက ယင်းကျောင်းတွင် စာသင်ကြားပေးနေသော ဆရာ/ဆရာမများပါ အသုံးပြုရန်လည်း ဖြစ်ပါတယ်။ ကျောင်းစာကြည့်တိုက်များသည် ကျောင်းသားလူငယ်များ ငယ်ရွယ်စဉ်ဘဝကပင် ဗဟုသုတရှာမှီးရန် စာဖတ်သည့်အလေ့အကျင့်၊ စာကြည့်တိုက်အသုံးပြုသောအလေ့အကျင့်ကို စတင်ပျိုးထောင်ပေးရေးအတွက် အရေးကြီးသော စာကြည့်တိုက်များဖြစ်ပါတယ်။ ကျောင်းသင်ခန်းစာများကိုလည်း အထောက်အကူပြုသလို ပြင်ပဗဟုသုတရှာမှီးရန်အတွက်လည်း အားကိုးအားထားရာနေရာများ ဖြစ်ပါတယ်။ ကျောင်းသားများငယ်စဉ်မှ စ၍ စာကြည့်တိုက်များနဲ့ ရင်းနှီးအောင်၊ စာဖတ်တဲ့အလေ့အကျင့်ရရှိအောင် လေ့ကျင့်ပျိုးထောင်ပေးခြင်းအားဖြင့် ဘဝတသက်တာ စာပေဝါသနာပါသော လူတစ်ယောက်အဖြစ်သို့ ရောက်ရှိနိုင်မှာဖြစ်ပါတယ်။ စာပေဖတ်ရှုခြင်းဖြင့် လူတစ်ဦးတစ်ယောက်ချင်း၏ စိတ်ပိုင်းဆိုင်ရာနဲ့ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုကို လေ့ကျင့်တည်ဆောက်ယူနိုင်ပါတယ်။

အသိဉာဏ်ပညာမြင့်မားခြင်း၊ အတွေးအခေါ်အယူအဆမြင့်မားခြင်း၊ ဝေဖန်ပိုင်းခြားနိုင်စွမ်းကောင်းမွန်ခြင်းအားဖြင့် မိမိကိုယ်တိုင်နှင့် မိမိပတ်ဝန်းကျင်လူ့အဖွဲ့အစည်းတစ်ရပ်လုံး စွမ်းရည်မြင့်မားလာနိုင်ပြီး၊ ခေတ်မီနိုင်ငံတော်ကို တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ ကျောင်းစာကြည့်တိုက် တည်ဆောက်ခြင်းသည် ကျောင်းသားများရဲ့ အသိဉာဏ်ပညာကို တည်ဆောက်နေခြင်း၊ ပညာရေးရင်းနှီးမြှုပ်နှံမှုကို ဆောင်ရွက်နေခြင်းလည်းဖြစ်ပါတယ်။ ပညာရေးရင်းနှီးမြှုပ်နှံခြင်းသည် လူ့စွမ်းအားအရင်းအမြစ်ကို တည်ဆောက်နေခြင်း၊ နိုင်ငံကိုတည်ဆောက်နေခြင်းဖြစ်ကြောင်း မှတ်ယူကြရမှာဖြစ်ပါတယ်။ ကျောင်းစာကြည့်တိုက်တွင် ထားရှိရမည့် စာအုပ်စာတမ်းများသည်လည်း ကျောင်းသားများအတွက် အထိရောက်ဆုံးနဲ့ အကျိုးအရှိဆုံး စာအုပ်များဖြစ်ရန် လိုအပ်ပါတယ်။ ကျောင်းသားများ၏ အသက်အရွယ်အလိုက်၊ လိုအပ်ချက်အလိုက်၊ ဘာသာရပ်အလိုက် ကိုက်ညီမှုရှိရန်လည်း လိုအပ်မှာဖြစ်ပါတယ်။

ကျောင်းတွင်ပို့ချသည့် ဘာသာရပ်များနဲ့ ဆက်စပ်လေ့လာနိုင်မည့် စာအုပ်စာတမ်းများ၊ သင်ကြားရေး အထောက်အကူပြု စာအုပ်စာတမ်းများ၊ လူငယ်များအတွေးအခေါ် အယူအဆနှင့် ကိုယ်ကျင့်တရား ကောင်းမွန်စေမည့် စာအုပ်စာတမ်းများ၊ သုတရသအမျိုးအစားစုံလင်စွာ ထားရှိသင့်ရန်လည်း လိုအပ်ပါတယ်။ ကျောင်းစာကြည့်တိုက်များသည် စာအုပ်ပြတိုက်များသဖွယ် မဖြစ်စေဘဲ ကျောင်းသားလူငယ်များ အမှန်တကယ် လွတ်လပ်ပျော်ရွှင်စွာ စာဖတ်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားသင့်ပါတယ်။ စာဖတ်ချိန်ရရှိအောင်လည်း အချိန်ဇယားများဖြင့် စနစ်တကျ ရေးဆွဲဆောင်ရွက်သင့်

ပါတယ်။ အထက်တန်းကျောင်း ကျောင်းစာကြည့်တိုက်များသည် တက္ကသိုလ် စာကြည့်တိုက်များနဲ့ ပေါင်းကူးပေးနိုင်သည်အထိ ဆောင်ရွက်ပေးရန်လည်း လိုအပ်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး ကျောင်းစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ စပ်လျဉ်း၍ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ စာကြည့်တိုက်တစ်ခု ရှင်သန်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် စာကြည့်တိုက်မှူး(Brain)၊ ရန်ပုံငွေ(Budget) အဆောက်အဦ(Building) စာအုပ်(Book)၊ စာဖတ်သူ (Borrower) အင်္ဂါရပ်(၅)မျိုး၊ B(၅)လုံးရှိရန်လည်း လိုအပ်ပါတယ်။ အဆိုရှင်မှလည်း တင်ပြသွားပြီးဖြစ်ပါတယ်။ စာကြည့်တိုက်တစ်တိုက်သည် စာကြည့်တိုက်စစ်မှန်တယ်ဆိုတာ B(၅)လုံးနဲ့ တိုင်းတာနိုင်ပါတယ်။ အဆိုပါ အင်္ဂါရပ်(၅)မျိုးထဲက တစ်မျိုးမျိုးချို့ယွင်းပါက စာကြည့်တိုက်အဖြစ် သတ်မှတ်နိုင်ခြင်းမရှိကြောင်း မှတ်သားရပါတယ်။ စာရေးဆရာကြီးတစ်ဦးကလည်း စာကြည့်တိုက်တစ်ခု တည်ထောင်တယ်ဆိုတာ လွယ်ပါတယ်။ စာကြည့်တိုက်ကို ရေရှည်တည်တံ့အောင်လုပ်ဖို့သာ ခက်တာပါဆိုတဲ့ သူကြုံတွေ့ခဲ့ရတဲ့ စာကြည့်တိုက် အတွေ့အကြုံကို ထောက်ရှုခြင်းအားဖြင့် စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရန် ခက်ခဲမှုကို မှန်းဆနိုင်ပါတယ်။

စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်လာစေဖို့ ရုပ်ဝတ္ထုပစ္စည်းများသာမက စာကြည့်တိုက်ရဲ့(Brain)လို့တင်စားခေါ်ဝေါ်တဲ့ စာပေကိုချစ်မြတ်နိုးပြီး စာဖတ်သူအကျိုးကိုရှေးရှုတဲ့ စာကြည့်တိုက်မှူးရှိခြင်းသည် အလွန်အရေးပါလှပါတယ်။ လူအများကို စာဖတ်စေလိုတဲ့ စေတနာနဲ့ စာကြည့်တိုက် ရှင်သန်မှုကို အလေးထားဆောင်ရွက်လိုသော စာကြည့်တိုက် စိတ်ဓာတ်ရှိရန်လည်း အထူးလိုအပ်ပါတယ်။ အခြေခံပညာအဆင့် အထက်တန်းကျောင်းများတွင် စာကြည့်တိုက်များထူထောင်ဖို့ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ရန်ပုံငွေ (Budget) သည်လည်း မရှိမဖြစ်လိုအပ်မှာဖြစ်ပါတယ်။ အစိုးရတစ်ရပ်တည်း၊ နိုင်ငံတော် Budget တစ်ခုတည်း၊ ဘဏ္ဍာနှစ်တစ်နှစ်တည်းနဲ့ လုံလောက်မည် မဟုတ်ပါ။ ကျောင်းသား၊ မိဘ၊ ဆရာ၊ အစိုးရပြည်သူများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ စုပေါင်းပြီး ဝိုင်းဝန်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ စာပေကို တန်ဖိုးထားပြီး လူ့အဖွဲ့အစည်း တိုးတက်ကောင်းစားရေးကို လိုလားသော စိတ်စေတနာကောင်းရှိသူတို့စုပေါင်း၍ စာကြည့်တိုက် ထူထောင်ရန် ကြိုးပမ်းချိန်တွင် စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီ၊ စာကြည့်တိုက်အကောင်အထည်ဖော်ပြီးချိန်တွင် စာကြည့်တိုက်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်သင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြောင်းလဲတိုးတက်လာသော ယနေ့ကမ္ဘာတွင် စာကြည့်တိုက်များသည်လည်း ခေတ်နဲ့အညီ ပြောင်းလဲတိုးတက်ရန်လိုအပ်ပါတယ်။ ပြောင်းလဲလာတဲ့ နည်းပညာများကိုလည်း အသုံးပြုဆောင်ရွက်နိုင်ရန် ကြိုးပမ်းကြရမှာဖြစ်ပါတယ်။ နည်းပညာက ကမ္ဘာကြီးရဲ့ Vertical Level ကို အပြားခတ်ပေးရုံသာမက Horizontal Level ကိုလည်း အနားသတ်ပေးနေပြီဖြစ်ပါတယ်။ ဒီကနေ့ ဘယ်လောက်ထိအပြားခတ်ပေးပြီး၊ ဘယ်လောက်ထိ အနားသတ်ပေးနေပြီလည်းဆိုတာ လက်ထဲက အင်တာနက်ချိတ်ထားတဲ့ ဖုန်းတစ်လုံးက အကောင်းဆုံးအဖြေ ဖြစ်ပါတယ်။ ဒီဖုန်းတစ်လုံးဟာ တစ်ချိန်တည်းမှာပဲ Online Library တစ်ခုဖြစ်လို့နေပါတယ်။ Online မှ စာဖတ်ပရိတ်သတ်များနဲ့ စာကြည့်တိုက်များ ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ရန်လည်း လိုအပ်ပါတယ်။ Online စာဖတ်ပရိတ်သတ်များအတွက် စာကြည့်တိုက်များမှ ကိုယ်ပိုင် Website များ ထူထောင်ထား ရှိသင့်ပါတယ်။

ပညာရေးဝန်ကြီးဌာနမှလည်း Focal ministry အဖြစ်ဦးဆောင်တဲ့ ကျောင်းသားများအတွက် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်လိုက်၊ အတန်းလိုက် Website များ ထူထောင်ထားရှိခြင်း အားဖြင့် စာကြည့်တိုက်တစ်ခုချင်းစီမှ ကိုယ်ပိုင် Website များ ထူထောင်ရန် အင်တာနက်ရရှိနိုင်မှု အကန့်အသတ်ရှိနေသေးတဲ့ အခြေအနေမျိုးကိုလည်း ကျော်လွှားနိုင်မှာ ဖြစ်ပါတယ်။ ကျောင်းသားများ သာမက ကျောင်းသားမိဘပြည်သူများပါ ကျောင်းချိန်အတွင်းမှာသာမက၊ ကျောင်းချိန်ပြင်ပမှာပါဖတ်ရှု နိုင်ကြမှာဖြစ်ပါတယ်။ အကန့်အသတ်တွေကို နည်းပညာနဲ့ပေါင်းစပ်ပြီး နေရာဒေသအခြေအနေများနဲ့ ကိုက်ညီအောင် Stakeholder များအားလုံး ပူးပေါင်းဆောင်ရွက်ကြမယ်ဆိုရင် စာကြည့်တိုက်များ ပေါ်ထွန်းလာပြီး ရေရှည်တည်တံ့နိုင်မှာဖြစ်ပါတယ်။ စာကြည့်တိုက်များမှ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဗလ(၅)တန်ပြည့်စုံတဲ့ အရည်အချင်းပြည့်ဝသော နိုင်ငံ့သားကောင်းရတနာများကို မွေးထုတ်ပေး နိုင်လိမ့်မယ်ဆိုတာ အလေးအနက်ယုံကြည်ပါတယ်။

သို့ဖြစ်ပါ၍ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန် ရဲ့ အခြေခံပညာ အဆင့် အထက်တန်းကျောင်းများတွင် ကျောင်းစာကြည့်တိုက်များ ပေါ်ထွန်းရေးနှင့် ကျောင်းစာကြည့် တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်း အဆိုကို အလေးအနက် ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၁၇။**

**ဥက္ကဋ္ဌ။** ။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးသိန်းလှိုင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၁၇။**

**ဦးသိန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စု ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ဒီနေ့ ကျွန်တော်တို့ ချင်းပြည်နယ်မှ ဦးဆလိုင်းခွဲယန် ရဲ့ အခြေခံပညာအဆင့် အထက်တန်းကျောင်းများတွင် ကျောင်း စာကြည့်တိုက်များ ပေါ်ထွန်းရေးနှင့် ကျောင်းစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်ပေးပါရန်ဆိုတဲ့ အဆိုကို ကျွန်တော့်အနေနဲ့ ဖြည့်စွက်ထောက်ခံ ဆွေးနွေးသွား မှာဖြစ်ပါတယ်။

ကျွန်တော်ရဲ့ အတွေ့အကြုံ ကျွန်တော်က ပြန်ကြားရေးနဲ့ ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကနေ ပင်စင်ယူခဲ့တာဖြစ်တဲ့အတွက် ကျွန်တော်တို့ ပြန်/ဆက်ရဲ့ စာကြည့်တိုက်လုပ်ငန်းတွေ ကြီးကြပ်ခဲ့ရတာ ဖြစ်ပါတယ်။ အဲဒီတော့ လက်တွေ့ကျကျ ဒါ ကျွန်တော်တို့ မညာတမ်းပြောမယ်ဆိုရင် ပြန်/ဆက်က ကျွန်တော်တို့ ထူထောင်တဲ့ တစ်ရွာ စာကြည့်တိုက်တစ်ခု မူဝါဒဟာ မအောင်မြင်ပါဘူး။ ဒါ ကျွန်တော်တို့ လက်တွေ့အားဖြင့် အားလုံးလည်းသိပါတယ်။ ကျေးရွာတွေမှာ စာကြည့်တိုက်တွေက စာကြည့်တိုက်နဲ့ ဆိုင်းဘုတ်ပဲရှိပြီး မဖွင့်နိုင်တဲ့ စာကြည့်တိုက်က များပါတယ်။ (၉၀)ရာခိုင်နှုန်းသော စာကြည့်တိုက်များဟာ ဖွင့်လှစ်နိုင်ခြင်းမရှိပါဘူး။

အဲဒီတော့ ကျွန်တော် စောစောကပြောသလိုပေါ့၊ ဒီစာကြည့်တိုက်တွေ ရှင်သန်ဖွံ့ဖြိုးဖို့ဆိုတာ စောစောက ကျွန်တော်တို့ ဆွေးနွေးသွားသလို ဘီ(၅)လုံးဖြစ်ပါတယ်။ ဘီ(၅)လုံးက Building, Book,

Budget, Brain, Borrower ဆိုတဲ့ ဘီ(၅)လုံးနဲ့ပြည့်စုံဖို့ဟာ ကျွန်တော်တို့ ပထမ(၃)ခုဖြစ်တဲ့ Building, Book, Budget တို့ဆိုတာက ဘာပဲဖြစ်ဖြစ် ဒါ ထူထောင်ဖို့ လွယ်ပါတယ်။ Brain, Borrower ပေါ့၊ စာကြည့်တိုက်မှူးနဲ့ စာဖတ်သူဟာ ဒါ ခက်ခဲတဲ့ဟာတစ်ခု ဖြစ်ပါတယ်။ လက်ရှိ ဒီစာကြည့်တိုက်တွေ မအောင်မြင်တာကို ကြည့်လိုက်မယ်ဆိုရင် စာကြည့်တိုက်မှူး ကောင်းကောင်းမရှိဘူး။ စာဖတ်သူ အားနည်းတာကြောင့် မို့လို့ စာကြည့်တိုက်တွေ ရှင်သန်ဖွံ့ဖြိုးခြင်းမရှိတာဖြစ်ပါတယ်။ ဒါ ကျွန်တော်တို့ရဲ့ ဌာနအနေနဲ့ ဒါ ရှေ့က ဘီ(၃)လုံးဖြစ်တဲ့ ကျွန်တော်တို့ ဒါ အဆောက်အဦတို့၊ စာအုပ်တို့၊ ငွေကြေးတို့ကို ဖန်တီးပေးလို့ရပါတယ်။ ဒါ အဖက်ဖက်က လှည့်ပတ်ပြီး ဖန်တီးပေးရင်ရတယ်။

သို့သော်လည်းပဲ စောစောကပြောတဲ့ ကျွန်တော်တို့ ဒီ (၄)ဘီဖြစ်တဲ့ Brain ပေါ့၊ စာကြည့်တိုက်မှူးကို ကျွန်တော် မွေးထုတ်ရတာခက်ပါတယ်။ နောက်တစ်ခါ ပိုပြီးအခက်ဆုံးကတော့ (Borrower) ပါပဲ၊ နောက်ဆုံးဘီက အခက်ဆုံးပါပဲ။ ဒါဘာကြောင့်လည်းဆိုရင် စာဖတ်သူမရှိတာ။ တစ်နည်းအားဖြင့် စာကြည့်တဲ့သူမရှိတဲ့အတွက် စာကြည့်တိုက်တွေ ပိတ်ထားရတဲ့အခြေအနေ ဖြစ်ပါတယ်။ အဲဒီလို စာဖတ်သူမရှိတဲ့ အကြောင်းအရင်းကို ပြန်ရှာကြည့်မယ်ဆိုရင် ကျွန်တော်တို့ ဒီလူတွေဟာ လူထုဟာ စာဖတ်တဲ့အလေ့အကျင့် နည်းကြလို့ဖြစ်ပါတယ်။ ကျွန်တော်တို့ မြို့ပေါ်ကလူထုတွေနဲ့ ဆိုလိုတာ မဟုတ်ပါဘူး။ ကျွန်တော်တို့ ကျေးလက်တောရွာတွေမှာ ရောက်ရှိတဲ့အခါမှာ စာဖတ်ချင်တဲ့ ဝါသနာ ရှိတာကို မတွေ့ရပါဘူး။ အဲဒီလို မတွေ့ရဘူးဆိုတာ ဘာကြောင့်လည်းဆိုရင် စာဖတ်ချင်တဲ့ ဝါသနာကို ပြုစုပျိုးထောင်ခြင်းမရှိခဲ့လို့ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော် ဆိုရင်စာဖတ်ဝါသနာအလွန်ပါပါတယ်။ ကျွန်တော် ဘွဲ့ရပြီးကတည်းကစလို့ စာဖတ်ဝါသနာပါတဲ့အတွက် စာကြည့်တိုက်မှူးအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့တာဖြစ်ပါတယ်။ ဒီ ပြန်ကြားရေးနဲ့ ပြန်/ဆက်ဦးစီးဌာနမှာ။ အဲဒီလိုစာဖတ်ဝါသနာပါတာဟာ ဘယ်သူက ကျွန်တော့်ကို ပြုစုပျိုးထောင်ပေးတာလည်းဆိုရင် မူလတန်းကျောင်းသားဘဝကတည်းကစပြီး ကျွန်တော်တို့ရဲ့ ဆရာက စာဖတ်ဝါသနာပါအောင် ကျွန်တော်တို့ကို ပြုစုပျိုးထောင်ပေးခဲ့လို့ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် စာသင်ကျောင်းမှာ စာကြည့်တိုက်မဟုတ်တောင်မှ စာဖတ်ခန်းလေးတစ်ခုထူထောင်ပြီးတော့ ကျွန်တော်တို့ကို စာဖတ်ဝါသနာပါအောင် ပြုစုပျိုးထောင်ပေးခဲ့တဲ့ ဆရာတစ်ယောက်ရဲ့ ကျေးဇူးကြောင့်မို့လို့ ကျွန်တော်တို့ဟာ အခုအချိန်ထိ စာဖတ်ဝါသနာပါခဲ့တာဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ နေ့စဉ် ကျွန်တော်တို့စာ စာမဖတ်ရရင် မနေနိုင်ပါဘူး။ စာဖတ်မှ အိပ်ပျော်တာ ဖြစ်ပါတယ်။ အဲဒီလိုဖြစ်အောင် ပြုစုပျိုးထောင်ထားတာပါ။ စာသင်ကျောင်းကစပြီးတော့ ပြုစုပျိုးထောင်ပေးခဲ့ တာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်ရဲ့ အတွေ့အကြုံလေးအရ ကျွန်တော့်ရဲ့ သူငယ်ချင်းတစ်ယောက် ရှိပါတယ်၊ တောက ကျောင်းဆရာပေါ့၊ တောက ကျောင်းအုပ်ပေါ့၊ တောက ကျောင်းအုပ်က ဘာလုပ်သလည်းဆိုရင် လစာထုတ်ရက်ဆိုရင် မြို့တက်လာတယ်၊ မြို့တက်လာပြီးရင် သူက စာအုပ်တွေစုဆောင်း တယ်၊ သူ့ရဲ့လစာနဲ့ စာအုပ်တော့မဝယ်နိုင်ဘူးပေါ့ဗျာ၊ ကာတွန်းစာအုပ်တို့၊ အလွယ်ဖတ်တဲ့ ကျောင်းသားလေးတွေ၊ မူလတန်းကျောင်းအဆင့်လေးတွေ အလွယ်ဖတ်နိုင်တဲ့ စာအုပ်တွေကို စုဆောင်းပါတယ်။ ကျွန်တော်တို့လည်း ရှာပေးရပါတယ်။ လှူရပါတယ်။ သူ့ကို ပေးရပါတယ်။ သူကပြီးရင် အဲဒါယူပြီးတော့ ရွာကိုပြန်ပါတယ်။

အဲဒီတော့ သူဘာပြောလည်းဆိုရင် သူငယ်ချင်းတဲ့ ကျောင်းမှာ အဲဒီလိုလေး စာဖတ်အောင် ကျောင်းသားလေးတွေကို စာသင်ပေးလိုက်တဲ့ စာဖတ်ဝါသနာပါအောင် လုပ်ပေးလိုက်တဲ့အခါမှာ သူ့အနေနဲ့ ကျောင်းသားလေးတွေကို ဆိုဆုံးမရတာတွေ ရိုက်ရနှက်ရတာတွေ နည်းသွားတယ်။ သူတို့မှာ အသိပညာလေးတွေ တိုးလာတယ်တဲ့ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ တိုတိုနဲ့လိုရင်းပြောရရင်တော့ ကျွန်တော်တို့ဟာ ကျောင်းသားအရွယ်၊ မူလတန်းအရွယ်ကစပြီးတော့ စာဖတ်ဝါသနာပါအောင် ပြုစုပျိုးထောင်ပေးဖို့တော့ လိုအပ်နေပြီဆိုတာကို ကျွန်တော့်အနေနဲ့ ပြောကြားလိုပါတယ်။

အဲဒီတော့ စာဖတ်ခြင်းအားဖြင့် ဘယ်လိုအသိဉာဏ်တွေ၊ ဘယ်လိုအကျိုးကျေးဇူးတွေရှိတယ်ဆိုတာ ကျွန်တော် အကျယ်ချဲ့မပြောလိုပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒီကျောင်းသားအရွယ်လေးတွေကို စာဖတ်ဝါသနာပါအောင် ပြုစုပျိုးထောင်ပေးဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒီ ဆလိုင်းခွဲယန် ရဲ့ အခြေခံပညာအဆင့် အထက်တန်းကျောင်းများသာမက အခြားအဆင့် အခြေခံပညာကျောင်းများကိုလည်း ကျောင်းစာကြည့်တိုက်များ ပေါ်ထွန်းရေးနှင့် ကျောင်းစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို ဆိုတဲ့နေရာမှာ ကျွန်တော့်အနေနဲ့ ဖြည့်စွက်ဆွေးနွေးရင်း ထောက်ခံအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၂၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးနေအောင်ဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၂၂။**

**ဗိုလ်မှူးနေအောင်ဦး (တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးနေအောင်ဦး ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ ဆွေးနွေးသွားမယ့် အကြောင်းအရာကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန်၏ အခြေခံပညာအဆင့် အထက်တန်းကျောင်းများတွင် ကျောင်းစာကြည့်တိုက်များ ပေါ်ထွန်းရေးနှင့် ကျောင်းစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထား ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်း အဆိုကို ထောက်ခံအကြံပြု ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံအနေနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ဖြစ်ထွန်းပေါ်ပေါက်စေရေး အတွက် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေး အတွက် ပညာရေးမြှင့်တင်မှုအခန်းကဏ္ဍဟာလည်း လွန်စွာအရေးကြီးပါတယ်။ ပညာရေးမြှင့်တင်မှု မရှိဘဲ မည်သည့်နိုင်ငံမှ မြင့်မားသော ဖွံ့ဖြိုးတိုးတက်မှုများဆီသို့ မရောက်ရှိနိုင်ပါဘူး ခင်ဗျား။ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်မည်ဆိုပါက ပထမဦးဆုံး ရင်းနှီးမြှုပ်နှံရမယ့်ကဏ္ဍဟာ ပညာရေးကဏ္ဍပဲ ဖြစ်ပါတယ်။ ပညာမတတ်၊ ပညာမရှိသူဟာ အသိဉာဏ်ပညာလည်း မရှိ။ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးလမ်းစကိုလည်း မရှာဖွေနိုင်ဘဲ ရှိမှာဖြစ်ပါတယ်။ မိသားတစ်စု၊ နိုင်ငံတစ်နိုင်ငံ၊ အဖွဲ့အစည်းတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးရင်းနှီးမြှုပ်နှံမှု ရှိရမည်သာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုတိုးတက် လုပ်ဆောင်နေတဲ့ ကျွန်တော်တို့နိုင်ငံအနေနဲ့ ပညာရေးမြှင့်တင်မှုရဲ့ အခြေခံဖြစ်တဲ့ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဦးစားပေးလုပ်ဆောင်ပေးရန် လိုအပ်ပါတယ်။ ကျောင်း စာကြည့်တိုက်ဟာလည်း ကျောင်းသားများ ဦးနှောက်ဖွံ့ဖြိုးတိုးတက်ရေးသာမက အသိပညာဗဟုသုတ ပြည့်စုံစေရေးအတွက် မရှိမဖြစ်လိုအပ်ပါတယ်။ လူတိုင်းမှာ လွတ်လပ်စွာပြောဆိုရေးသားရန်အတွက် ဒီမိုကရေစီဆိုတဲ့ စကားရပ်ဟာ အရေးကြီးတာမှန်သော်လည်း အသိဉာဏ်ပညာဖွံ့ဖြိုးမှုမရှိပါက ဒီမိုကရေစီကို အလွဲသုံး၊ အမှားသုံးသုံးမိတတ်တာကြောင့် ဒီမိုကရေစီနဲ့အတူ အမှားအမှန် ခွဲခြားသိမြင်နိုင်တဲ့ ဆင်ခြင်တုံတရားရှိရန်လည်း လိုအပ်မှာဖြစ်ပါတယ်။ ဆင်ခြင်တုံတရားကို အသိပညာက မွေးဖွားပေးနိုင်ပါတယ်။ အသိပညာနဲ့ ပြည့်စုံရန်အတွက် ဗဟုသုတရှာမှီးရန်လိုအပ်ပြီး ကျောင်းသားလူငယ်များဗဟုသုတ ရှာမှီးရန်အတွက် ကျောင်းစာကြည့်တိုက်ဟာ မရှိမဖြစ်လိုအပ် ပါတယ်။

ကျောင်းသားလူငယ်များဦးနှောက်ဖွံ့ဖြိုးရန်နဲ့ အသိပညာဗဟုသုတ ပြည့်စုံရန်အတွက် စရိတ်စက အသက်သာဆုံး၊ အချိန်ကုန်အသက်သာဆုံး လက်လှမ်းမီရလောက်အောင် လွယ်ကူမှုရှိတဲ့ ပညာရှာမှီးရာအရပ်ဟာ ကျောင်းစာကြည့်တိုက်ဖြစ်ပါတယ်။ စာသင်ခန်းအတွင်းသင်ကြားရေး Class Room Learning ဟာ အဖိုးတန်သော်လည်း အချိန်ကာလ အကန့်အသတ် သင်ကြားမှု အရွယ်ကန့်သတ်ချက်များရှိပြီး ငွေကုန်ကြေးကျရှိတဲ့ ပညာသင်ကြားရေး ဖြစ်ပါတယ်။ စာကြည့်တိုက်ပညာရေးဟာ အချိန် အကန့်အသတ်၊ ကာလအပိုင်းအခြား အကန့်အသတ်၊ အသက် အကန့်အသတ်မရှိ ကုန်ကျစရိတ် သက်သာစွာ ဆည်းပူးနိုင်တဲ့နေရာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စာကြည့်တိုက်ဆိုတာ စာအုပ်တွေ အများအပြားရှိမှ၊ ဘာသာရပ်မျိုးစုံရှိမှ၊ ၎င်းစာအုပ်တွေကို တိုက်တာအဆောက်အအုံအတွင်းမှာထားရှိပြီး ပရိဘောဂပြည့်စုံမှ စာကြည့်တိုက်မဟုတ်ပါဘူးခင်ဗျား။ ရှိသမျှသော စာအုပ်နဲ့ပရိဘောဂပစ္စည်းများ သူ့နေရာသူထားရှိပြီး ပညာရှာမှီးလေ့လာလိုသူတို့က မိမိတို့ရှာဖွေလိုတဲ့ အသိပညာ၊ အတတ်ပညာများကို လွတ်လပ်စွာ ရှာမှီးနိုင်ရန် စီစဉ်ထားတဲ့နေရာမှန်သမျှဟာ စာကြည့်တိုက် ဖြစ်ပါတယ်။ ယနေ့ မြန်မာနိုင်ငံမှာ အခြေခံပညာအဆင့် အထက်တန်းကျောင်း(၂၃၅၁)ကျောင်း၊ အလယ်တန်းကျောင်း(၃၁၂၁)ကျောင်း၊ မူလတန်း လွန်ကျောင်း(၆၅၅၃)ကျောင်း၊ မူလတန်းကျောင်း (၂၈၉၆၇)ကျောင်း၊ စုစုပေါင်း(၄၀၉၉၂) ကျောင်း၊ ဆရာ၊ ဆရာမ များအနေနဲ့ စုစုပေါင်း(၂၇၃၅၁၆)ဦး၊ ကျောင်းသား၊ကျောင်းသူ စုစုပေါင်း (၈၂၀၀၅၉၅)ဦးနဲ့ ကိုယ်ပိုင်ကျောင်းပေါင်း (၂၁)ကျောင်းရှိကြောင်းကို လေ့လာသိရှိရပါတယ်။ အဆိုပါ ကျောင်းများမှာရှိတဲ့ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူ၊ တာဝန်သိသူတွေဟာ အားလုံးဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

အခြေခံပညာအဆင့် ကျောင်းစာကြည့်တိုက်တွေကို ဖွံ့ဖြိုးတိုးတက်ရေးနိုင်ငံတော်အစိုးရအနေနဲ့ ပံ့ပိုးကူညီဖို့ လိုအပ်မှာဖြစ်ပါတယ်။ ငွေကြေးအဆောက်အဦ၊ ပရိဘောဂ၊ စာအုပ်စာစောင်များ ထောက်ပံ့ပေးနေရုံနဲ့မလုံလောက်ပါဘူးခင်ဗျား။ ဆရာ၊ ဆရာမ များက ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ဖို့၊ စာဖတ်ချင်တဲ့ဆန္ဒဖြစ်ပေါ်ဖို့ အဖက်ဖက်က စည်းရုံးတိုက်တွန်းအားပေး မြှင့်တင်ရန် လိုအပ်မှာ ဖြစ်ပါတယ်။ တစ်ဖက်ကလည်း ဘဏ္ဍာငွေကုန်ကျခံနိုင်မှု စဉ်းစားသုံးသပ်ဖို့ လိုအပ်မှာပဲ ဖြစ်ပါတယ်။ ပညာရေးကဏ္ဍဟာ ရေရှည်ရင်းနှီးမြှုပ်နှံရတဲ့ကဏ္ဍ ဖြစ်တဲ့အတွက် ဘတ်ဂျက်မလုံ

လောက်မှု၊ ငွေကြေးကုန်ကျမှုကိုသာ မကြည့်ဘဲ လူ့စွမ်းအားအရင်းအမြစ် တိုးတက်ရေးအတွက် ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြင့်မားတိုးတက်ရေး စာကြည့်တိုက်များရှင်သန်ဖွံ့ဖြိုး တိုးတက်ရေးကို အားပေးမြှင့်တင်ပေးရန် လိုအပ်မှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စာကြည့်တိုက်များမှာ အမျိုးသားစာကြည့်တိုက် (National Library)၊ တက္ကသိုလ်ကောလိပ် စာကြည့်တိုက် (University Library)၊ ကျောင်းစာကြည့်တိုက် (School Library)၊ အထူးစာကြည့်တိုက် (Special Library)၊ နယ်လှည့် စာကြည့်တိုက် (Mobile Library)၊ ရည်ညွှန်းစာကြည့်တိုက် (Reference Library)၊ အများပြည်သူ စာကြည့်တိုက် (Public Library)၊ ကျေးလက်စာကြည့်တိုက် (Rural Library) ဆိုပြီး အမျိုးမျိုးတွေ့ရှိ ရပါတယ်။ ၎င်းတို့အနက် ကျောင်းစာကြည့်တိုက်ဟာ မူလတန်းကနေ အထက်တန်းအထိ ဖွင့်လှစ်ထားတဲ့ စာကြည့်တိုက်များ ဖြစ်ပါတယ်။ ၎င်းစာကြည့်တိုက်များဟာ ကျောင်းသားလူငယ်များအတွက်သာမက ဒီကျောင်းမှာ စာသင်ကြားနေတဲ့ဆရာ၊ ဆရာမများပါ အသုံးပြုရန်အတွက် ဖြစ်ပါတယ်။ စာကြည့်တိုက်များ ထူထောင်ဖို့အတွက် ယေဘုယျအားဖြင့် အချက်(၅)ချက် လိုအပ်ကြောင်း လေ့လာသိရှိရပါတယ်။ ဒါတွေကတော့ ကျောင်းသား၊ ကျောင်းသူများအတွင်း စာဖတ်လိုစိတ်ရှိပြီး စာဖတ်ရန် ဆန္ဒရှိရမည်။ စာအုပ်စာတမ်းနဲ့ ရန်ပုံငွေပြည့်စုံရမည်။ စာကြည့်တိုက်နဲ့ မြေနေရာအဆောက်အအုံ ရှိရမည်။ စာကြည့်တိုက်ပရိဘောဂ ရှိရမည်။ ကျွမ်းကျင်သော စာကြည့်တိုက်မှူးရှိရမည် စသည်တို့ပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အရင်းအနှီးဟာ ပိုင်ဆိုင်မှု၊ ကြွယ်ဝမှုရဲ့ ခြေ ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံခြင်းဟာ အရင်းအနှီးကို တိုးပွားအောင်လုပ်တဲ့သဘော ဖြစ်ပါတယ်။ အကျိုးအမြတ် ခံစားရအောင် လုပ်ဆောင်ခြင်းလည်း ဖြစ်ပါတယ်။ တိုင်းပြည်တစ်ပြည်ရဲ့ ခြေနဲ့ ပတ်သက်ပြီး ပြောဆိုတဲ့အခါ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတများကို သုံးစွဲလေ့ ရှိပါတယ်။ သဘာဝအရင်းအနှီးများဟူ၍လည်း သုံးစွဲတတ်ကြပါတယ်။ ဒါပေမဲ့ ဒီကနေ့ခေတ်မှာတော့ လူ့စွမ်းအား အရင်းအမြစ်များ(Human Resources)ဟူသောစကားကို တွင်တွင်ကျယ်ကျယ် သုံးစွဲလာခဲ့ ကြပါတယ်။ တချို့တိုင်းပြည်တွေမှာဆိုရင် သဘာဝရဲ့ မျက်နှာသာပေးခြင်းကို မခံရပါဘူး ခင်ဗျား။ တိုင်းပြည်ရဲ့ နယ်နိမိတ်ဧရိယာမကျယ်ဝန်းခြင်းနဲ့ မြေပေါ်မြေအောက်မှာလည်း ပြောပြစရာ မရှိတဲ့ သယံဇာတများသာ ရှိကြပါတယ်။ ဒီလိုနိုင်ငံတွေ၊ ပြည်သူတွေ တစ်နည်းအားဖြင့် တိုင်းပြည်ရဲ့ လူ့စွမ်းအား အရင်းအမြစ်တိုးတက်အောင် ဦးနှောက်အသိဉာဏ်ပညာမှာ ရင်းနှီးမြှုပ်နှံကြရမှာပဲ ဖြစ်ပါတယ် ခင်ဗျား။ လူတိုင်းအတွက်ပညာရေးဟာ နှစ်ခုရှိပြီး တစ်ခုက အခြားလူများထံမှရရှိသော ပညာရပ်ဖြစ်ပြီး နောက်တစ်ခုက မိမိကိုယ်တိုင်ရှာဖွေရတဲ့ ပညာရေးဖြစ်ပါတယ်။ ကျောင်းသင်ပညာနဲ့ ကိုယ်တိုင် ရှာပညာ(Self Education) ကို ခွဲခြားပြောဆိုသော စကားဖြစ်ပါတယ်ခင်ဗျား။

ငယ်စဉ်အခါက ကျောင်းသင်ပညာမှာမူတည်ခဲ့သော်လည်း ကြီးလာတာနဲ့အမျှ ကိုယ်တိုင်ရှာ ပညာက အဓိကကျလာစမြဲ ဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ အသိပညာ၊ အတတ်ပညာဆိုင်ရာ လူ့စွမ်းအားရင်းမြစ်တွေ တိုးတက်များပြားလာစေရေးအတွက် ပညာရှာမှီးရန်နေရာဖြစ်တဲ့ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးဦးစားပေးပံ့ပိုးကူညီဆောင်ရွက်ပေးသင့်ပါတယ်။ စာကို နှစ်ရှည်လများ စနစ်တကျ ဖတ်ရှုလာသူဟာ တက္ကသိုလ်ကောလိပ်မှာကဲ့သို့ ဘွဲ့လက်မှတ်တစ်စုံတစ်ရာမရရှိပေမယ့် တက္ကသိုလ် ကောလိပ် ဘွဲ့ရလာသူထက် အသိဉာဏ်ပညာ အမြော်အမြင်နဲ့ ဗဟုသုတတွေ ကြွယ်ဝလာပြီးတော့

လူ့လောကနယ်ပယ်စုံမှာ ဦးဆောင်လှုပ်ရှား နေသူများ အများအပြားရှိကြောင်း လေ့လာသိရှိရပါတယ်။ စာကို လွတ်လွတ်လပ်လပ် ကျယ်ကျယ်ပြန့်ပြန့် ဖတ်ရှုခွင့်ရတဲ့ ကျောင်းသားလူငယ်တွေဟာ လူမှုဘဝ ပြဿနာပေါင်းစုံကို ကိုယ်တိုင် ကြုံတွေ့ စရာမလိုဘဲ စာမှတစ်ဆင့်သိရှိကာ သင်ခန်းစာရရှိနိုင်တာကြောင့် ကိုယ်တိုင်တွေ့ဖူး၊ ကြုံဖူးမှ ရရှိတဲ့ သင်ခန်းစာထက် ပိုမိုဆင်ခြင်နိုင်မှာပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လူပုဂ္ဂိုလ်တစ်ဦးဟာ Knowledge ဆိုတဲ့ သုတ အသိ များလာတဲ့အခါမှာ wisdom ဆိုတဲ့ ပညာဉာဏ်အမြော်အမြင် ကြီးသူဖြစ်လာပါတယ်။ ကျောင်းသား လူငယ်တွေအတွက် အဓိကလိုအပ်တာ အဲဒီ Wisdom ပဲ ဖြစ်ပါတယ်။ ဒါ့အပြင် စာဖတ်သူဟာ တစ်ကိုယ်ရေ အတွေ့အကြုံသာရှိပြီးတော့ စာဖတ်တဲ့သူဟာ ခေတ်အဆက်ဆက် လူအမျိုးမျိုးတွေရဲ့ ဘဝ အဖုံဖုံအတွေ့အကြုံစုံကိုရရှိနိုင်ပြီး ဉာဏ်အမြော်အမြင်မျိုးစုံနဲ့ ဆင်ခြင်သုံးသပ်နိုင်မှာပဲ ဖြစ်ပါတယ်။ ဒီလို အတွေ့အကြုံတွေ၊ ဉာဏ်အမြော်အမြင်တွေ ရရှိဖို့အတွက် ယခုကျောင်းသား အရွယ်ထဲက စာဖတ်တဲ့ အလေ့အကျင့်ရရှိအောင် အခြေခံပညာကျောင်းများတွင် စာကြည့်တိုက်များ ထားရှိသင့်ကြောင်း၊ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး အားပေးမြှင့်တင် ဆောင်ရွက်ပေးသင့်ပါကြောင်း ချင်းပြည်နယ်၊ မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန်၏ အခြေခံပညာအဆင့် အထက်တန်းကျောင်းများတွင် ကျောင်းစာကြည့်တိုက်များ ပေါ်ထွန်းရေးနှင့် ကျောင်းစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး အတွက် အလေးထားဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံ အကြံပြုဆွေးနွေးရင်း နိဂုံးချုပ်အပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၃၀။**

**ဥက္ကဋ္ဌ။** ။ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘိုးရယ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၃၀။**

**ဦးဘိုးရယ်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဒုတိယဝန်ကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မင်္ဂလာအပေါင်းနဲ့ ပြည့်ဝကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဘိုးရယ်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆလိုင်းခွဲယန် တင်သွင်းထားတဲ့ အခြေခံပညာအဆင့် အထက်တန်းကျောင်းများတွင် ကျောင်းစာကြည့်တိုက်များ ပေါ်ထွန်းရေးနှင့် ကျောင်းစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး အတွက် အလေးထားဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အနာဂတ် နိုင်ငံသားကောင်း ရတနာတွေကို လေ့ကျင့်ပြုစုပျိုးထောင်ပေးနေတဲ့ အခြေခံပညာကျောင်းတွေမှာရှိတဲ့ ကျွန်တော်တို့ ကျောင်းသားကျောင်းသူတွေအတွက် ကျယ်ပြန့်တဲ့လေ့လာသင်ယူနိုင်မှု အခွင့်အလမ်းတွေကို ဖန်တီးပေး ကြရမှာ ဖြစ်ပါတယ်။ ဒါမှသာလျှင် အနာဂတ်နိုင်ငံတော်ကို တည်ဆောက်သွားနိုင်မယ့်၊ ထွန်းလင်း တောက်ပြောင်မယ့် ကြယ်ပွင့်ကလေးတွေပေါ်ထွန်းလာမှာ ဖြစ်ပါတယ်။ အလိမ္မာစာမှာရှိ၊ စာအုပ်စာပေ လူ့မိတ်ဆွေ ဆိုတဲ့စကားအတိုင်း အသိပညာတွေ သိုမှီးထားတဲ့ ကျောင်းစာကြည့်တိုက်ဆိုတာ ဒီအခြေခံ

ပညာကျောင်းတွေမှာ မရှိမဖြစ်ထားရှိသင့်တဲ့ အင်္ဂါရပ်တစ်ခုအနေနဲ့ ထောက်ခံဆွေးနွေးရခြင်း ဖြစ်ပါတယ်။ ကျွန်တော် ကျောင်းနေစဉ်တုန်းကဆိုရင် ကျောင်းမှာစာကြည့်တိုက်မရှိလို့ ပြင်ပဆိုင်တွေမှာ ရှာဖွေဖတ်ရှုခဲ့ရပါတယ်။ ကျွန်တော်စာအုပ်တွေမဝယ်နိုင်လို့ မှတ်စုစာအုပ်မှာကိုယ်သိချင်တဲ့ အကြောင်း အရာတွေကို ရေးမှတ်ပြီးမှ၊ ရေးမှတ်ထားခဲ့ရတာပေါ့။ ကျွန်တော်ရှာဖွေစုဆောင်းလေ့လာရတဲ့ အကြောင်း အရာတွေကို ကျွန်တော့်ရဲ့ သူငယ်ချင်းတွေ၊ ရွာကသူငယ်ချင်းတွေ နောက် အဖေ၊ အမေတွေလည်း ပြန်ပြီးမှ ငယ်ငယ်တုန်းကဆိုရင် ဒီလိုပြောပြဖူးပါတယ်။ ကျွန်တော်ဆိုလိုချင်တာက ကျွန်တော်ငယ်ငယ် တုန်းက ဒီလိုစာဖတ်ချင်စိတ်ရှိသလို ကျွန်တော်တို့ ဒီကနေ့ကျောင်းသူ၊ ကျောင်းသားတွေ အများစုက လည်း စာဖတ်ချင်စိတ်ရှိတယ်ဆိုတာကို လေ့လာတွေ့ရှိရပါတယ်။

အဲဒီတော့ ကျောင်းသား၊ လူငယ်ဆိုတာကတော့ သိလိုစိတ်ရှိတယ်၊ လေ့လာလိုစိတ်ရှိတယ်၊ စူးစမ်းရှာဖွေကြတယ်။ နောက် ကိုယ်သိထားတဲ့အကြောင်းအရာတွေကိုလည်း ပြန်လည်ဖော်ထုတ် ပြသလိုကြတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ ကျောင်းသားလူငယ်တွေကို စာကောင်းပေကောင်းတွေ ဖတ်ရှုစေချင်ပါတယ်။ ဒီကနေ့ ကျွန်တော်တို့ သားသမီး ကျောင်းသူကျောင်းသားတွေဆိုရင် ကျောင်းကို စောစောတက်ကြတယ်။ တစ်နေကုန် ကျောင်းမှာပဲ အချိန်ကုန်ကြတယ်လို့ ပြောရမှာဖြစ်ပါတယ်။ အထူး သဖြင့် ကျေးလက်တောရွာမှာနေတဲ့ ကျောင်းသူ၊ ကျောင်းသားတွေဟာ မနက်စောစောကျောင်းတက် ရတာကို တွေ့ရပါတယ်။ အဲဒီတော့ကျောင်းတွေမှာ ကျောင်းစာကြည့်တိုက်ထားရှိပေးမယ်၊ စာဖတ်အောင် တွန်းအားပေးမယ်ဆိုလို့ရှိရင် သူတို့တွေရဲ့ အားလပ်တဲ့အချိန်တွေကို အကျိုးရှိရှိစာပေလေ့လာ လိုက်စား ကြတဲ့ အလေ့အကျင့်ကောင်းတွေကို ရရှိစေမှာဖြစ်ပါတယ်။ အဲဒီတော့ အဆိုရှင်တင်သွင်းသွားသလိုပဲ ကျောင်းစာကြည့်တိုက်မှာ စာအုပ်ကောင်းတွေ ဖတ်ခွင့်ရတဲ့ ကျောင်းသားတွေဟာ ဆိုလို့ရှိရင် ဆရာကောင်း၊ ပညာရှိမိတ်ဆွေကောင်းနဲ့ တွေ့ရသလို သူတို့ရဲ့ ဘဝဟာလည်း ပြောင်းလဲသွားနိုင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဘဝတစ်သက်တာလုံး အတွက် အကျိုးဖြစ်ထွန်းစေမယ့် ရင်းနှီးမြှုပ်နှံမှုလုပ်ချင်ရင် ပညာရေးအတွက် ရင်းနှီးမြှုပ်နှံမှု လုပ်သင့်တယ်လို့ ကြားဖူးပါတယ်။ ကျွန်တော်တို့မိဘတွေအနေနဲ့ ဘဝတစ်သက်တာအတွက် ကိုယ့်သားသမီးတွေရဲ့ ပညာရေးကို ရင်းနှီးမြှုပ်နှံပေးကြရမှာ ဖြစ်သလို နိုင်ငံတော်အနေနဲ့ကလည်း အနာဂတ်မျိုးဆက်သစ် အတွက် ပညာရေးကဏ္ဍမှာ ရင်းနှီးမြှုပ်နှံပေးခြင်းအားဖြင့် ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့ဆိုတဲ့ ပညာရေးရဲ့ဆောင်ပုဒ်ကို အကောင်အထည်ဖော်ပေးရမှာ ဖြစ်ပါတယ်။ ပညာရေးဆိုတာ အင်မတန်မှကျယ်ပြန့်နက်နဲပြီး ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေလည်း များပြောင်လှတာကြောင့် အမြဲတစေလေ့လာသုံးသပ်ဖြည့်ဆည်းသွားရမှာလည်း မလွဲဧကန်ပဲ ဖြစ်ပါတယ်။ ပညာရေးကဏ္ဍရဲ့အဓိကလုပ်ငန်းစဉ်ဖြစ်တဲ့ သင်ကြားသင်ယူမှုအခန်းကဏ္ဍမြှင့်တင်ဖို့အတွက် ဘက်စုံ ထောင့်စုံကနေ ကျယ်ကျယ်ပြန့်ပြန့် ပံ့ပိုးဖြည့်ဆည်းပေးတဲ့နေရာမှာ ကျောင်းတွေမှာ စာကြည့်တိုက် ဖွင့်လှစ်ပေးခြင်းဟာလည်းပဲ ပညာရေးဌာနအနေနဲ့ ရေရှည်ဆောင်ရွက်သွားရမယ့် လုပ်ငန်းစဉ်တစ်ခု ဖြစ်တယ်လို့ သုံးသပ် အကြံပြုလိုပါတယ်။

အဲဒီတော့ ကျွန်တော်တို့ လူသားဆိုတာ ဘဝတစ်သက်တာလုံး သင်ယူကြရမှာဖြစ်တယ်။ အဲဒီလိုဘဝတစ်သက်တာလုံးသင်ယူကြရမယ့် ကျွန်တော်တို့လူသားတွေအတွက် စာကြည့်တိုက်ဆိုတာ လောကီ၊ လောကုတ္တရာနှစ်ဖြာသောပညာရပ်တွေကို ဖြန့်ဖြူးပေးနေတဲ့ နေရာဌာနတစ်ခု ဖြစ်ပါတယ်။

အဆိုရှင်ပြောသလို ပညာ့ဘဏ်တိုက်လည်း ဖြစ်တယ်။ နောက် ကမ္ဘာ့လောကရဲ့ပြတင်းပေါက်လည်း ဖြစ်ပါတယ်။ အဲဒီတော့ အခြေခံပညာကျောင်းတွေမှာ စာကြည့်တိုက်ထားရှိပေးတယ်ဆိုတာ ပညာရှိ ဆရာကောင်းကို ခန့်ထားပေးတာပဲဖြစ်ပါတယ်။

အဲဒီတော့ နိဂုံးချုပ်အနေနဲ့စာကြည့်တိုက်ဆိုတာ တစ်သက်တာခပ်ယူစားသုံးလို့ မကုန်ခမ်း နိုင်တဲ့ ပညာဟင်းလေးအိုး လိုပဲ ဖြစ်နေပါတယ်။ အဲဒီတော့ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ပညာရေး မျှော်မှန်းချက် ဆောင်ပုဒ်တွေကို အောင်မြင်အောင် ဆက်လက်အကောင်အထည် ဖော်ဆောင်ရွက် သွားရန်မှာ ကျောင်းစာကြည့်တိုက်ဟာလည်းပဲ အရေးပါတဲ့ ဒေါက်တိုင်တစ်ခုအနေနဲ့ ဖြစ်မယ်လို့ သုံးသပ် ယူဆမိပါတယ်။ ဒါကြောင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)က ဦးဆလိုင်းခွဲယန်တင်သွင်း ထားတဲ့ အခြေခံပညာအဆင့် အထက်တန်းကျောင်းများတွင် ကျောင်းစာကြည့်တိုက်များ ပေါ်ထွန်းရေးနှင့် ကျောင်းစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထား ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ကျွန်တော့်အနေနဲ့ အလေးအနက် ထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၃း၃၇။**

**ဥက္ကဋ္ဌ။** ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးနိုင် ပါပြီ။

**အချိန်၊ ၁၃း၃၇။**

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ရိုသေလေးစားအပ် ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ အားလုံးပဲစိတ်၏အေးချမ်းခြင်း၊ ကိုယ်၏အေးချမ်းခြင်းနဲ့ ပြည့်စုံကြပါစေလို့ ကျွန်မမေတ္တာပို့သရင်းနဲ့ ဂါရဝပြုအပ်ပါတယ်။ ကျွန်မက တော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည်ဖြစ်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)က ဦးဆလိုင်းခွဲယန် တင်သွင်းတဲ့ အခြေခံပညာအဆင့် အထက်တန်းကျောင်း များတွင် ကျောင်းစာကြည့်တိုက်များ ပေါ်ထွန်းရေးနှင့် ကျောင်းစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုး တိုးတက်ရေးအတွက် အလေးထားဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ကျွန်မက အလေးအနက်ထား ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ မဂ္ဂဒေဝ မှာတော့ မရှိပညာဤလူ့ရွာ၌ ကျမ်းစာနီတိတတ်မသိရ၊ မျက်စိစုံကန်းလူဖြစ်ဆန်းမျှ ပေါက်ပန်းပမာ မှတ်တို့ရာ၏ လို့ အဲဒီလိုဖွင့်ဆိုထားပါတယ်။ ကျွန်မတို့ လူတစ်ယောက်ဟာ အသိမှန်မှသာလျှင် အပြောလည်း မှန်မယ်။ အတွေးအခေါ် အယူအဆ မှန်မယ်။ နောက် ဆုံးဖြတ်ချက်မှန်မယ်။ နောက် ဆောင်ရွက်ချက် တွေလည်း မှန်မှာဖြစ်ပါတယ်။ ကျွန်မတို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃ နဲ့ ၃၆၀ ကို ရည်ညွှန်းပြီးတော့ ကျွန်မက ဒါကို ဆွေးနွေးမှာ ဖြစ်ပါတယ်။

လောကအကျိုး၊ လူသားအကျိုး၊ နောက် တိုင်းပြည်အကျိုး သယ်ပိုးဆောင်ရွက်နိုင်တဲ့ လူသေတဲ့တိုင်အောင် နာမည်မသေတဲ့ လူ့အဖိုးတန်လေးတွေ ပေါ်ထွက်လာဖို့အတွက် ရည်ရွယ်ပြီးတော့ ဒါကို ကျွန်မ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်မတို့ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ

ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ်မှာလည်း ကျွန်မတို့ဖွင့်ဆိုထားပါတယ်။ မည်သည့် ကလေးသူငယ် မဆို ကမ္ဘာတစ်ဝန်းလုံးရှိ ရေဒီယို၊ သတင်းစာ၊ ရုပ်မြင်သံကြား စသည့် လူထုဆက်သွယ်ရေးလုပ်ငန်းများမှ သတင်းအချက်အလက်များ ရယူစုဆောင်းနိုင်ခွင့်ရှိသည်။ ကလေးသူငယ်များကို ၎င်းတို့ အန္တရာယ် ဖြစ်စေနိုင်သည့် သတင်းအချက်အလက်များ ရယူခြင်းမှ ကာကွယ်ပေးသင့်သည်လို့ ဒီလိုဖွင့်ဆိုထား ပါတယ်။

အဲဒီတော့ ကျွန်မတို့က အခု အထက်တန်းကျောင်းတွေမှာ စာကြည့်တိုက်တွေ တည်ထောင် ပြီးတဲ့အခါကျတော့ ကလေးတွေရဲ့ လူ့စွမ်းအားအရင်းအမြစ်၊ ဦးနှောက်အသိဉာဏ် ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်တဲ့အခါမှာ ကျွန်မတို့အခုခေတ်ကြီးက အင်မတန် ပြောင်းလဲနေပါတယ်။ ကမ္ဘာကြီး ပေါ်မှာဆိုလို့ရှိရင် ကြောက်စရာကောင်းအောင် အပြုသဘောနဲ့ ပြောင်းလဲတာထက် တချို့ဆိုလို့ရှိရင် တော်တော်လေး အန္တရာယ်ရှိတဲ့ ပြောင်းလဲချက်တွေ တွေ့နေရမှာ ဖြစ်ပါတယ်။ အဲဒါတွေကတော့ တချို့ ဆိုလို့ရှိရင်တော့ ကျွန်မတစ်ကိုယ်တည်း အယူအဆဆိုလို့ရှိရင် ကျောက်ခေတ်ကိုတောင် ပြန်သွားတော့ မှာလားလို့ တွေးမိလောက်တဲ့အထိ စာပေတွေမှာ လူ့အခွင့်အရေး၊ လူ့အခွင့်အရေး ဆိုပြီးတော့ လူ့အခွင့်အရေးရဲ့အောက်မှာ ရှိသမျှ ယဉ်ကျေးမှုတွေ၊ စည်းမျဉ်းစည်းကမ်းတွေ၊ ဓလေ့ထုံးတမ်းတွေ အကုန်လုံး ကွယ်ပျောက်လုနီးပါး လူဟာလူပဲဆိုပြီးတော့ အဲဒီလိုလွတ်လွတ်လပ်လပ်ဆိုတဲ့ လူ့အခွင့်အရေး အောက်မှာ ကျွန်မတို့ တော်တော်များများဟာ နိုင်ငံတကာရဲ့ ဓလေ့ထုံးတမ်းစဉ်လာတွေ၊ ယဉ်ကျေးမှုတွေ၊ စည်းမျဉ်းစည်းကမ်းတွေ၊ ဥပဒေတွေ၊ တည်ဆဲဥပဒေတွေကို ချိုးဖောက်ပြီးတော့မှ ဆောင်ရွက်နေကြ တာကို ကျွန်မတို့ အမြင်ပဲ ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်မတို့နိုင်ငံဟာ အခု လူငယ်တွေကို ပြုစုပျိုးထောင်ပေးတဲ့နေရာမှာ အားလုံး လည်း ကမ္ဘာကလက်ခံသလို၊ မြန်မာကလည်း လက်ခံသလို၊ ကျွန်မတို့ သဘာဝ သယံဇာတ ပစ္စည်းတွေ၊ လူ့စွမ်းအားအရင်းအမြစ်ဟာ ပိုပြီးတော့ တန်ဖိုးရှိတယ်လို့ ယူဆထားတဲ့အချိန်မှာ ကျွန်မတို့က လူငယ် တွေကို အထူးအလေးအနက်ထားပြီးတော့ နိုင်ငံတော်အတွက်၊ လောကအတွက်၊ သူတို့ဘဝတွေအတွက်၊ အားလုံးအတွက် ရည်ရွယ်ပြီးတော့ ကျွန်မတို့က ပြုစုပျိုးထောင်ပေးရမှာ ဖြစ်ပါတယ်။ လူငယ်တွေရဲ့ လက်ရှိရောက်နေတဲ့အချိန်ဟာ ဘယ်လို အခြေအနေမျိုးကို ရောက်နေသလဲဆိုရင် ကျွန်မသဘောအရ လမ်းဆုံလမ်းခွကို ရောက်နေတယ်လို့ ကျွန်မကတော့ အဲဒီလိုပဲ ယူဆပါတယ်။

ဘာလို့လဲဆိုတော့ တစ်ဖက်က မှန်ကန်တဲ့လမ်းကြောင်းရှိသလို၊ တစ်ဖက်က မှားတဲ့ လမ်းကြောင်း ရှိပါတယ်။ အဲဒီတော့ အသိမှန်မှ၊ သူက အမြင်မှန်မှ၊ အတွေးအခေါ်လည်းမှန်မှ ဆုံးဖြတ်ချက်တွေ၊ ဆောင်ရွက်ချက်တွေဟာ မှန်မှာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မက ဒီ နီးစပ်ရာကို၊ ဒါမှမဟုတ် အသိအမြင်များတဲ့နေရာကနေပြီးတော့ အမှန်/အမှားတွေ ဖြစ်သွားတာကို ကျွန်မတို့အားလုံး လည်း သိပြီးဖြစ်ပါတယ်။ ဒါက ကျွန်မကို ခွင့်ပြုပါ။ ဘာလို့လဲဆိုတော့ သိပြီးသားကို ကျွန်မက ဥပမာ ပေးမှာမို့လို့ ကျွန်မကို နည်းနည်း ခွင့်ပြုပါ။

ကျွန်မတို့ အားလုံးသိပြီးအတိုင်းပဲ။ ကျေးသားလေး နှစ်ကောင်ဟာ မုန်တိုင်းကြောင့် ကွဲသွားတဲ့ အခါမှာ တစ်ကောင်ကတော့ ကျောင်းသင်္ခမ်းကို ရောက်သွားပြီးတဲ့အခါကျတော့၊ တစ်ကောင်က သူတော်ကောင်းတွေနေတဲ့နေရာ ရောက်သွားပြီး၊ တစ်ကောင်ကတော့ သူက ခိုးသား၊ ဓားပြတွေ နေတဲ့နေရာကို ရောက်သွားတဲ့အခါမှာ၊ နောက် ကြားတာတွေ၊ မြင်တာတွေ များလာတဲ့အခါကျတော့

ကျောင်းသင်ခန်း ရောက်တဲ့ ကျေးသားလေးကတော့ လူတွေမြင်တာနဲ့ သူက အနားယူပါ။ ချွေးသိပ်ပါ။ သစ်သီးများ သုံးဆောင်ပါ။ ရေချမ်းများ သုံးဆောင်ပါလို့ သူက အမြဲတမ်း အဲဒီလိုပဲ အော်တတ်ပြီးတော့ ဟိုကျေးသားလေးကတော့ လူတွေဝင်လာတာနဲ့ ရိုက်ဖို့၊ နှက်ဖို့၊ လုဖို့၊ ယက်ဖို့ အဲဒါမျိုးတွေကို အော်တယ်လို့ ကျွန်မတို့ ဒါ မှတ်သားခဲ့ဖူးပါတယ်။

နောက်တစ်ခါကျတော့လည်း ဆရာအတင်မှားလို့၊ အတုယူမှားလို့ ဗိမ္မိသာရမင်းကြီးနဲ့ ဒေဝဒတ်နဲ့ အဇာတသတ်ပုံပြင် ဗုဒ္ဓဝင်ကလည်း အားလုံးအသိပဲ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မတို့ အလိမ္မာစာမှာရှိတယ်ဆိုသော်ငြားလည်း အခုခေတ်မှာတော့ အရောင်အမျိုးမျိုး၊ အသွေးအမျိုးမျိုး ပါတဲ့ စာပေတွေလည်း ပေါ်ထွက်လာတာကို စိတ်မကောင်းစရာ မြင်တွေ့နေရတာ ဖြစ်ပါတယ်။ အဲဒီတော့ ကလေးတွေကို ကျွန်မတို့က မှန်ကန်တဲ့လမ်းကြောင်းပေါ်ကို ရောက်ဖို့အတွက် အစောက လူ့အခွင့်အရေး၊ ကလေးသူငယ်အခွင့်အရေးထဲမှာ ပြဋ္ဌာန်းထားတဲ့အတိုင်း ကျွန်မတို့က ကလေးတွေအတွက် အဆိပ် အတောက် ဖြစ်တဲ့ စာပေတွေမပါတဲ့ အင်မတန် အကျင့်စာရိတ္တကို ဖွံ့ဖြိုးတိုးတက်စေတဲ့၊ အသိအမြင်ကို ကြွယ်ဝစေတဲ့၊ ခိုင်မာစေတဲ့ နောက် မှန်ကန်စေတဲ့ ဓမ္မဓိဋ္ဌာန်ကျကျ စဉ်းစားတွေးခေါ်ဆုံးဖြတ်နိုင်တဲ့ ပံ့ပိုးမှုတွေပေးတဲ့စာပေတွေကို ကျွန်မတို့က စာကြည့်တိုက်တွေမှာ ဒါမျိုးတွေနဲ့ဖွင့်လှစ်ပေးဖို့ လိုအပ် ပါတယ်။

နောက်တစ်ခုကလည်း လက်ရှိဖြစ်နေ တဲ့အခြေအနေတွေကို လေ့လာသုံးသပ်တတ်ဖို့၊ နောက်တစ်ခါ အတိတ်ပစ္စုပ္ပန် ကြည့်ပြီးတဲ့အခါကျတော့မှ အနာဂတ်အတွက် ဆုံးဖြတ်နိုင်တဲ့လူငယ်တွေ ဖြစ်ဖို့အတွက် ကျွန်မတို့က ထားသင့်ထားထိုက်တဲ့စာပေတွေကို၊ အကျိုးပြုစာပေတွေကို ထားပေးသင့် ပါတယ်။ ဥပမာ ကျွန်မတို့ အခုနိုင်ငံမှာ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်ဖို့ မြတ်နိုးဖို့၊ နောက်လာလတ္တံ့သော လူငယ်တွေကို ကျွန်မတို့က ကောင်းမွေတွေ ပေးခဲ့ဖို့ဆိုတဲ့အခါမှာ အတိတ်တုန်း က ကျွန်မတို့ရဲ့ နိုင်ငံရဲ့ အခြေအနေတွေဟာ ဘယ်လိုအချိုးအကွေ့တွေရှိခဲ့တယ်၊ ဘယ်လို ကြိုးစား ခဲ့ကြတယ်။ ဘယ်လို စည်းလုံးညီညွတ်မှုကြောင့်မို့လို့ ရခဲ့တယ်၊ ဘယ်လောက်အထိ တန်ဖိုးရှိ တယ်ဆိုတာကို ကျွန်မတို့က အမြဲ အစဉ်မပြတ် ပြောနေနိုင်မယ့် အခြေအနေမရှိရင် အဲဒီလိုစာပေတွေရှိတဲ့ စာကြည့်တိုက် တွေထဲမှာ ကျွန်မတို့ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စတဲ့အထွေထွေ ဗဟုသုတတွေ တိုးပွားနိုင်လောက် တဲ့ စာပေတွေကို ကျွန်မတို့က ထည့်ပေးသင့်ပါတယ်။

နောက် နိုင်ငံတော်အနေနဲ့ကလည်း စောစောက ကျွန်မပြောသွားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၃ အရ လူငယ်တွေရဲ့ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးနဲ့ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးတို့ အတွက် နိုင်ငံတော်မှာဆောင်ရွက်ပေးဖို့ တာဝန်ရှိတယ် ဆိုတဲ့ အခါကျတော့ နိုင်ငံတော်ကလည်း ကျောင်းသားတွေအတွက်ရော အစောကပြောတဲ့ ကိုယ်စားလှယ်တော်ကြီး တင်ပြထားတဲ့အတိုင်း ကျောင်းစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးအနက်ထားပြီးတော့ ဆောင်ရွက် ပေးရမယ်ဆိုတဲ့အခါမှာ ကျွန်မတို့ လေ့လာထားသလောက်ကတော့ နိုင်ငံတော်ကလည်း စာကြည့်တိုက် တွေ အတတ်နိုင်ဆုံး ပေါ်ထွက်လာဖို့အတွက် ဆောင်ရွက်ပေးနေတယ် အရင်တုန်းက ကြားဖူးတယ်။ အခုလည်း ဆောင်ရွက်ပေးမယ့် အခြေအနေရှိတယ်။ သို့သော်လည်း ငွေရေးကြေးရေး အခြေအနေအရနဲ့ ကျန်တဲ့ အခြေအနေအရ ကျွန်မတို့ လိုချင်တဲ့ အခြေအနေကို သဟဇာတဖြစ်တဲ့အထိ မရောက်သေးဘူး ဆိုရင်တော့ ထပ်မံပြီးတော့ ကျွန်မတို့ အတွန်းအတိုက် ကြိုးစားဆောင်ရွက်မှာ ဖြစ်ပါတယ်။

နောက်တစ်ခုက ကျွန်မတို့ လွှတ်တော်သက်တမ်းဟာ ကျွန်မတို့ ဒီလွှတ်တော် ပထမ သက်တမ်းမှာ ကျွန်မတို့ (၅)နှစ်အနက် ဒီ (၁)နှစ်ဟာ နောက်ဆုံးအကြိမ်ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်မတို့က တိုင်းပြည်နဲ့ လူမျိုးအကျိုးရှိစေမယ့် ဆောင်ရွက်ချက်တွေ ကျွန်မတို့က အတတ်နိုင်ဆုံးကို ဆောင်ရွက်ပေးသွားချင်ပါတယ်။ အဲဒီတော့ လူငယ်တွေ နောက် ကျွန်မတို့ ရှိသည့် မရှိသည့်တိုင်အောင် လူငယ်တွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒီကျောင်းမှာ စာကြည့်တိုက်တွေထားပေးဖို့နဲ့ အဲဒီ စာကြည့်တိုက်တွေထဲမှာ ထားရမယ့် စာပေတွေရဲ့ အဆင့်အတန်းတွေကိုလည်း သေသေချာချာစိစစ်ပြီးတော့မှ ကျွန်မတို့က ထားသင့်တယ်လို့ အဲဒီလိုမျိုး ကျွန်မက ပြောချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတဲ့အခါကျတော့ အခုချိန်ဟာ အင်မတန်အန္တရာယ်ကြီးတဲ့ အချိန်ဖြစ်နေပါတယ်။ ကမ္ဘာမှာရော မြန်မာမှာပါ ကျွန်မတို့ တချို့မဖြစ်စေချင်တဲ့ ဟာတွေ ဖြစ်နေတာကို မြင်နေရတဲ့အခါမှာ အစောက ကျွန်မပြောသလိုပဲ လူ့အခွင့်အရေးဆိုတာ တကယ့်အနှစ်သာရက ဘာ၊ ဒီမိုကရေစီဆိုတာ တကယ့်အနှစ်သာရက ဘာ၊ ကျွန်မတို့နိုင်ငံတော်ရဲ့ သမိုင်းကြောင်းက ဘာ၊ နောက် သွားမယ့် ရည်ရွယ်တဲ့နိုင်ငံက ဘာ၊ အခုလက်ရှိလုပ်ရမှာက ဘာ၊ လူတစ်ယောက်မှာ ရှိသင့်ရှိထိုက်တဲ့ တာဝန်နဲ့ လူ့စွမ်းအားနဲ့ လူ့အရည်အသွေးတွေက ဘယ်လိုရှိတယ်ဆိုတာကို အဲဒီ စာကြည့်တိုက်ကနေတစ်ဆင့် သင်ပေးတဲ့ အခြေအနေမျိုးရောက်တဲ့အထိ ကျွန်မတို့ဖြစ်ဖို့အတွက် လိုအပ်ပါတယ်။ ကျွန်မဒါကို စောစောကပြောသလိုပဲ လောကအကျိုး၊ လူသား အကျိုး၊ နိုင်ငံတော်အကျိုး မိမိရဲ့ အသက်သေတဲ့အထိ မိမိရဲ့နာမည်မသေဘဲနဲ့ နိုင်ငံတော်နဲ့ နိုင်ငံ သားအတွက် တာဝန်ကျေတဲ့ လူ့အဖိုးတန်တွေပေါ်ထွက်လာရေးအတွက် ကျွန်မက ဒါကို အလေးအနက် ထားပြီးတော့ ဆွေးနွေးတာပါလို့ ကျွန်မပြောပြီးသားဖြစ်ပါတယ်။

အဲဒီတော့ နိဂုံးချုပ်အနေနဲ့ကတော့ ကျွန်မတို့လည်း အတူတူပါပဲ။ အခုကျွန်မတို့ ဥပဒေပြုမဏ္ဍိုင်ကို ဆောင်ရွက်နေတဲ့ လွှတ်တော်ကိုယ်စားလှယ်တစ်ယောက် အနေနဲ့ ပြည်သူ့ ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ ကျွန်မတို့ဟာ နိုင်ငံတော်နဲ့ နိုင်ငံသား အကျိုးကို သယ်ပိုးရင်းနဲ့ သစ္စာရှိရှိနဲ့ ကျွန်မတို့ နောင်လာလတ္တံ့သော မျိုးဆက်တွေအတွက် ကျွန်မတို့က တာဝန်ကျေပွန်တဲ့ အခုလိုမျိုး တိုက်တွန်းတာတွေ၊ ဆောင်ရွက်တာတွေ၊ ပြောဆိုတာတွေ၊ စည်းရုံးတာတွေကို ဆောင်ရွက်ပေးခွင့်ရတဲ့အတွက် အထူးပဲ ကျေနပ်ပါတယ်။ ဝမ်းသာပါတယ်။ ဂုဏ်ယူပါတယ်လို့ ပြောကြားရင်းနဲ့ နိုင်ငံတော်အား အခု တိုက်တွန်းတဲ့ အဆိုကို ကျွန်မက အလေးအနက်ထောက်ခံပါတယ်လို့ ပြောရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။

**အချိန်၊ ၁၃း၄၆။**

**ဥက္ကဋ္ဌ**။ ။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ချိုဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၄၆။**

**ဦးအောင်ချိုဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါလို့နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ချိုဦး ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)က ဦးဆလိုင်းခွဲယန် တင်သွင်းသွားတဲ့ အခြေခံပညာ အဆင့်အထက်တန်းကျောင်းများတွင် ကျောင်းစာကြည့်တိုက်များ ပေါ်ထွန်းရေးနှင့် ကျောင်း စာကြည့်တိုက်များ

ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုအပေါ်မှာ ထောက်ခံဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရဲ့ ရည်ရွယ်ချက်တွေကတော့ အခြေခံပညာအဆင့် အထက်တန်းကျောင်းတွေမှာ စာကြည့်တိုက်များ ပေါ်ထွန်းရေးနဲ့ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပဲ ဖြစ်ပါတယ်။ အဆိုရှင်တင်ပြသွားတာ ရှိပါတယ်ခင်ဗျား။ ကျောင်းစာကြည့်တိုက်ဆိုတာဟာ ဗဟုသုတရှာဖွေရာ နေရာသက်သက်မဟုတ်ဘဲနဲ့ ကျောင်းနေပျော်အောင် စိတ်အပန်းဖြေရန် ဖန်တီးပြီး သင်ယူမှုဝန်းကျင်ဖြစ်ကြောင်း တင်စားခဲ့ပါတယ်။ အဆိုရှင်ဟာ ပညာရေးဝန်ထမ်းဟောင်း လူငယ်ပီပီ တာဝန်ယူခဲ့ရတဲ့ အတွေ့အကြုံအပေါ် အခြေခံပြီးတော့ ယနေ့လူငယ်တွေ၊ အထူးသဖြင့် ကျောင်းသားလူငယ်တွေအတွက် စေတနာထားပြီး တင်ပြသွားတာဖြစ်ပါတယ်။ တိုက်တိုက်ဆိုင်ဆိုင်ပါပဲခင်ဗျား။ ဒီနေ့အချိန်ဟာ မြန်မာနိုင်ငံပညာရေးပြောင်းလဲဖို့အတွက် အမျိုးမျိုးတွေးဆဆောင်ရွက်နေတဲ့ အခုလိုအချိန်မှာ ယခုအဆိုဟာလည်းပဲ ပညာရေးလုပ်ငန်းစဥ်အတွက် ထိရောက်တဲ့ အထောက်အကူ ဖြစ်လိမ့်မယ်လို့ ယုံကြည်မျှော်လင့်မိတာ အမှန်ပါပဲ ခင်ဗျား။

အဆိုရှင် တင်ပြသွားတာက အ.ထ.က ကျောင်းတွေမှာ စာကြည့်တိုက်များ ပေါ်ထွန်းရေးဆိုတော့ ကျွန်တော့်ထင်မြင်ယူဆချက်ကတော့ အ.ထ.ကကျောင်းတွေမှာ စာကြည့်တိုက်များကို ခေတ်အဆက်ဆက်က ထူထောင်ပြီး ဖြစ်လိမ့်မယ်လို့လည်း မျှော်လင့်ပါတယ်။ သို့သော်လည်းပဲ အချို့ကျောင်းတွေမှာ မရှိသေးတာကို တွေ့ရှိရလို့ အဆိုရှင်အနေနဲ့ စာကြည့်တိုက်များ ပေါ်ထွန်းလာစေဖို့ ရည်ရွယ်ဟန် တူပါတယ်။ မှန်လည်း မှန်နိုင်ပါတယ်။ အ.ထ.က အဆင့်ဆိုတာ မြို့ကြီးပြကြီးတွေမှာရှိတာတောင် စာကြည့်တိုက်အတွက် နေရာပေးရမှု၊ စာအုပ်စာတမ်း ဖြည့်ဆည်းရမှုနဲ့ စိတ်ပါဝင်စားမှုစတဲ့ အကြောင်းအရာ အချက်အလက်တွေကိုတောင် စဥ်းစားနေရရင် နယ်မြို့တွေနဲ့ ကျေးလက်ဒေသတွေမှာရှိတဲ့ အ.ထ.က၊ အ.ထ.က ခွဲများမှာ စာကြည့်တိုက်အတွက် နေရာ၊ စာအုပ်၊ ရန်ပုံငွေ၊ ထိန်းသိမ်းမှုစတဲ့ လိုအပ်ချက်တွေလည်း ရှိနေမှာပဲ ဖြစ်ပါတယ်။ အဓိကအချက်ကတော့ ဆောင်ရွက်မှုတိုင်းအတွက် ရန်ပုံငွေ ကုန်ကျမှုများစွာ ရှိနေလို့ပဲ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ကတင်ပြသွားခဲ့ပါတယ်။ ကျောင်းစာကြည့်တိုက်များအပြင် မြန်မာနိုင်ငံတစ်ဝှမ်း စာကြည့်တိုက်များ ထူထောင်မှုဟာ ထိရောက်မှု ရှိရဲ့လားလို့ ဆိုလိုဟန်တူပါတယ်။ အဆိုပါ စာကြည့်တိုက်များရဲ့ ရေရှည်အောင်မြင်မှုနဲ့ နိုင်ငံနဲ့ ပြည်သူ အကျိုးရှိမှုဆိုတာ အဲဒီစာကြည့်တိုက်တွေရဲ့ နေ့စဥ်ရှင်သန်လှုပ်ရှားနေမှုများကို လေ့လာကြည့်ရင် သိမြင်နိုင်မှာပဲ ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံအဝှမ်းစာကြည့်တိုက်များ ပေါ်ထွန်းရေးအတွက် အခြေခံကျောင်းတွေက စပြီးတော့ စာကြည့်တိုက်စနစ်၊ စာဖတ်သည့် အလေ့အထ၊ စာအုပ်ထိန်းသိမ်းမှု အခြေအနေများကို ကျွမ်းကျင်မှု အခြေခံရရှိရေးအတွက် ဦးစားပေးဆောင်ရွက်မှသာလျှင် ရည်မှန်းချက်အောင်မြင်မှာ ဖြစ်ပါတယ်။ အ.ထ.က ကျောင်းတွေမှာ ထူထောင်ပြီးပဲ ဖြစ်ဖြစ်၊ မထူထောင်ရသေးခင်ပဲ ဖြစ်ဖြစ်၊ အခြေခံထိန်းသိမ်းဖို့အတွက် စာကြည့်တိုက်မှူးဆိုတဲ့ ဆရာ/ဆရာမတွေတော့ ရှိရမှာ ဖြစ်ပါတယ်။ ဒီအတွက် လိုအပ်မှုကို အခြေခံပြီး အဆိုရှင်တင်ပြသွားသလို ဆရာအတတ်သင်ကျောင်း၊ ကောလိပ်နဲ့ တက္ကသိုလ်တွေမှာ စာကြည့်တိုက်ဘာသာရပ်တစ်ခုအဖြစ် ထည့်သွင်းသင်ကြားပေးဖို့ကိုလည်း လိုအပ်လှပါတယ်။

အထက်မှာတင်ပြခဲ့တဲ့အတိုင်း စာကြည့်တိုက် အသုံးပြုမှု အလေ့အထဟာ နိုင်ငံတည်ဆောက်ရေးဆီသို့ မျှော်မှန်းပြီး ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ယနေ့ခေတ် တိုးတက်လာတဲ့ အိုင်တီကို အသုံးချပြီးတော့ ပိုမိုဆောင်ရွက်နိုင်လျှင် နေရာအကျယ်အဝန်း၊ အသုံးပြုနိုင်မှု၊ ဝန်ဆောင်မှုလုပ်ငန်းတွေနဲ့ သင်ယူမှုအထောက်အကူပြု လုပ်ငန်းတွေအပြင် လေ့လာရေး၊ ဗဟုသုတများ ပိုမိုတိုးတက်လာ ကာ လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်လာပြီးတော့ နိုင်ငံခေတ်မီရေးတွင် ကြီးမားတဲ့ အထောက်အကူပြုတဲ့ လုပ်ငန်းစဥ်ဖြစ်ပါကြောင်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီထက်ပိုပြီး မျှော်မှန်းလိုတာကတော့ တိုးတက်တဲ့ နိုင်ငံများလို အစိုးရဌာနဆိုင်ရာများနဲ့ ပြည်သူများအကြားမှာ ဝန်ဆောင်မှုတွေ၊ ပြည်သူတွေ သိသင့်သိထိုက်တဲ့ အချက်အလက်တွေကို အပြန်အလှန်မျှဝေနိုင်မှာ ဖြစ်ပြီးတော့ ပညာရေး၊ အလုပ်အကိုင်နဲ့ ကျန်းမာရေး စတဲ့ ဝန်ဆောင်မှုများအတွက် လိုအပ်တဲ့ သတင်းအချက်အလက်တွေကို စာကြည့်တိုက်တွေက အခြေခံပြီးတော့ ဝန်ဆောင်မှုပေးနိုင်ဖို့ ရည်မှန်းပြီး ဆောင်ရွက်ရမှာပဲ ဖြစ်ပါတယ်။ အ.ထ.က ကျောင်းတွေမှာ စာကြည့်တိုက်အချိန်ကို သာမန်အချိန်မျိုးမဟုတ်ဘဲနဲ့ တကယ်တမ်း လေ့လာလိုစိတ်တွေရှိအောင်၊ သင် ယူရှာဖွေလိုစိတ်တွေ ရရှိအောင် နည်းမျိုးစုံနဲ့ ဆောင်ရွက်ပေးရမှာပဲ ဖြစ်ပါတယ်။ စာကြည့်တိုက်များနဲ့ ပတ်သက်ပြီး ဆွေးနွေးရပါလျှင် စာကြည့်တိုက်များ ပေါ်များလာတာတော့ ကောင်းပါတယ်။ ဒါပေမဲ့ စာကြည့်တိုက်တွေမှာ အသိပညာတိုးပွားစေမယ့် စာကောင်းပေမွန်တွေ ခပ်များများထားဖို့တော့ လို အပ်မှာ ဖြစ်ပါတယ်ခင်ဗျား။ ပညာရေးနဲ့ ပတ်သက်ပြီး ကျောင်းအဆင့်နဲ့ လျော်ညီပြီး သတ်မှတ်တဲ့ အသက်အုပ်စုနှင့် ကိုက်ညီသည့် လိုအပ်တဲ့ အထောက်အကူပြုစာအုပ်များ၊ ပစ္စည်းများ၊ အထောက်အထားတွေ ပြည့်စုံနေဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။ ကျောင်းစာကြည့်တိုက်ဆိုရာမှာတော့ ကျောင်းသားများရဲ့ အသက်အရွယ်နှင့် လိုက်ဖက်သည့် စာအုပ်စာတမ်းများ စုစည်းထားရှိပေးဖို့နဲ့ အားလပ်ချိန်ပဲ ဖြစ်ဖြစ်၊ စာကြည့်တိုက်အချိန်မှာပဲဖြစ်ဖြစ် ကျောင်းစာကြည့်တိုက်များမှာ အချိန်တွေကုန်စေဖို့အတွက် ရည်ရွယ်ဖန်တီးရမှာပဲ ဖြစ်ပါတယ်။

စာကြည့်တိုက်များအတွက် ယခုအခါ မြန်မာနိုင်ငံစာကြည့်တိုက်အသင်း ဖွဲ့စည်းပြီး ဆောင်ရွက်နေတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ အဲဒီအသင်းတွေကလည်း လူငယ်စာကြည့်တိုက် ပညာရှင်များ ပေါ်ထွန်းလာစေဖို့ တစ်ဖက်တစ်လမ်းက အထောက်အကူပြုနေတယ်ဆိုတာကို လေ့လာတွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်စားချင်တာကတော့ စာကြည့်တိုက်တွေ ဆိုတာက တက္ကသိုလ်တွေလိုပါပဲခင်ဗျား။ လူသားစွမ်းရည်အရင်းအမြစ်တွေ တိုးတက်စေဖို့ စွမ်းဆောင်ရည်ပေးနိုင်တဲ့ ဌာနတွေပဲ ဖြစ်ပါတယ်လို့ ပြောစမှတ်ရှိလာကြပါတယ်။ တိုတိုပြောရရင်တော့ ဒီလုပ်ငန်းတွေ အောင်မြင်ဖို့အတွက် ငွေသုံးရမှာတော့ အမှန်ပါပဲ ခင်ဗျား။ ပညာရေးအသုံးစရိတ်တွေမှာ ပါဝင်သုံးစွဲဖို့လိုအပ်ပါတယ်။ ရင်းနှီးမြှုပ်နှံရမှာပဲ ဖြစ်ပါတယ်။ အမြတ်များများ ပြန်လည်ရရှိမှာ ဖြစ်ပါတယ်။ အိုင်တီပညာတွေကို သုံးရပါမယ်။ ဒီနေရာမှာတော့ တင်ပြချင်တာက ငွေ၊ စာအုပ်၊ အဆောက်အဦ၊ ကွန်ပျူတာနဲ့ ဆက်စပ်ပစ္စည်းတွေ ပါဝင်ပါတယ်။ ငွေနဲ့ လူမှာတော့ လူကပိုပြီးတော့ အရေးကြီး ပါတယ်။ ငွေရှိရင် ပစ္စည်း၊ အဆောက်အဦတွေ ချက်ချင်းဖန်တီးလို့ ရပါတယ်ခင်ဗျား။ လူကတော့ ပြုစုပျိုးထောင်လေ့ကျင့်ရမှာ ဖြစ်ပါတယ်။

ဒါကြောင့် အဆိုရှင်တင်ပြခဲ့သလိုပါပဲ စာကြည့်တိုက်အချိန်ကို အလေးထားပြီး ဆောင်ရွက်ပေးဖို့လိုအပ်ပါကြောင်း တင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုစာကြည့်တိုက်တွေ ဖန်တီးပေးခြင်းအားဖြင့် ရရှိလာမယ့် အကျိုးတွေကတော့ စာဖတ်ရာမှာ သူလိုငါလို စာဖတ်နိုင်သူများသလောက် စာဖတ်ကျွမ်းကျင်တဲ့သူကတော့ ရှားပါးပါတယ်လို့ ကျွန်တော်လေ့လာခဲ့ဖူးပါတယ်။ စာမေးပွဲတွေမှာ ဗဟုသုတဆိုင်ရာစာပေ၊ ပထဝီဝင်၊ သမိုင်းစတဲ့ ဘာသာရပ်တွေ ကျရှုံးသူတွေဟာ များသောအားဖြင့် စာဖတ်စွမ်းရည်နည်းတဲ့သူတွေ ဖြစ်ပါတယ်လို့ လေ့လာတွေ့ရှိရပါတယ်။ ဉာဏ်၊ ဝီရိယချင်းတူသော်လည်းပဲ ဗဟုသုတအရာတွင် စာဖတ်အားကောင်းတဲ့ သူတွေဟာ စာဖတ်အားညံ့တဲ့ သူတွေထက် တစ်ပန်းသာလေ့ရှိကြောင်း လေ့လာမိပါတယ်ခင်ဗျား။ ပညာရေးအတွက် အထောက်အကူပြုတဲ့ လုပ်ငန်းစဉ်များဖြစ်တဲ့ စာဖတ်စွမ်းရည်ကိုလည်း ထပ်မံလေ့လာရင် (၂)မျိုးရှိတာကို တွေ့ရှိရပါတယ်။ ပထမစွမ်းရည်ကတော့ စာဖတ်နှုန်းမြန်ခြင်း။ ဥက္ကဋ္ဌကြီးခင်ဗျား။ အင်္ဂလိပ်လို သုံးနှုန်းခွင့်ပြုပါ။ Reading Speed ဖြစ်ပါတယ်။ ဒုတိယစွမ်းရည်ကတော့ ဖတ်သောစာရဲ့ အဓိပ္ပာယ်ကို နားလည်သောနှုန်းသည် တိုးပွားများပြားခြင်းဆိုသည့် စာ၏အဓိပ္ပာယ်ကို နားလည်သောနှုန်းကောင်းခြင်း။ Rate of Conversion တို့ပဲ ဖြစ်ပါတယ်။ အဲဒီစွမ်းရည်ပိုင်ဆိုင်မှုအပေါ်မူတည်ပြီးတော့ ပညာရေးအတွက် အထောက်အကူပြုရမှာဖြစ်လို့ အဆိုပါစွမ်းရည်တွေ ပိုင်ဆိုင်ဖို့ဆိုရာတွင် စာဖတ်ခြင်း အလေ့အထဖြစ်စေဖို့ ကျောင်းစာကြည့်တိုက်တွေက လေ့ကျင့်သင်ကြားပေးလျှင် အခြေခံ အထောက်အပံ့တွေရှိမှာဖြစ်ပါကြောင်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေဖြင့် အဆိုရှင်တင်ပြခဲ့သလို အ.ထ.က ကျောင်းတွေမှာ စာကြည့်တိုက်တွေ ရှိဖို့နဲ့ ရှိပြီးလျှင်လည်း ရှင်သန်ဖွံ့ဖြိုးဖို့အတွက် အကောင်အထည်ဖော်ရာမှာတော့ အဓိကအားဖြင့် ငွေကြေး၊ လူ့စွမ်းအားအရင်းအမြစ် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မှသာလျှင် အောင်မြင်မှာ ဖြစ်ပြီးတော့ အဆိုပါစွမ်းရည်များ ပြည့်စုံလုံလောက်မှု ရှိလာလျှင် နိုင်ငံတည်ဆောက်ရေးအတွက် ကြီးမားတဲ့ စွမ်းအားများ၊ အောင်မြင်မှုများရရှိလာမှာ အမှန်ပင်ဖြစ်ပါကြောင်း ထပ်လောင်းတင်ပြရင်းနဲ့ အဆိုရှင်ရဲ့ အဆိုအပေါ် ထောက်ခံတင်ပြနိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၃း၅၄။**

**ဥက္ကဋ္ဌ။** ။ ကျောင်းတွေမှာ ဝန်ထမ်းဖွဲ့စည်းပုံမှာ စာကြည့်တိုက်မှူးဆိုတာ မပါသမျှတော့လည်း ကျောင်းစာကြည့်တိုက်တွေက ခိုင်မြဲမှာမဟုတ်ဘူး။ စာကြည့်တိုက်မှူး ဆိုတာပါရင် သူကတာဝန်အရကို လုပ်လာပါလိမ့်မယ်။ နေ့စဉ်အချိန်ဇယားမှာလည်း စာကြည့်တိုက်ဝင်တဲ့အချိန် ဒါသတ်မှတ်ပေးထားတယ်ဆိုရင် အတန်းလိုက်အလှည့်ကျ မဝင်မနေရ ဖြစ်သွားမယ်။ ပြီးတော့ ဆရာတွေကလည်း ဘာသာရပ်အလိုက်သင်ကြားတဲ့ အခါမှာ Reference ဒီဥစ္စာနဲ့ ပတ်သက်လို့တော့ ဘယ်စာအုပ်ကလေးကို ငှားဖတ်လိုက်ပါဆိုတာမျိုး ဆရာတွေက ဖတ်ပြီးသားဖြစ်ပြီးတော့မှ ဒီလိုလေးညွှန်းတတ်မှ အသုံးတည့်မှာပါ။ ဒါတွေလည်း စဉ်းစားဖို့တော့ လိုတာပေါ့။

အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၃း၅၅ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၄း၁ဝ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၄း၁ဝ။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၄း၁၈။**

**ဥက္ကဋ္ဌ။** ။ အဆိုနှင့် စပ်လျဉ်းပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ပြန်လည် ဆွေးနွေးရန်ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၁၈။**

**ဦးသန့်ရှင်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနရဲ့ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးသန့်ရှင်း က ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆလိုင်းခွဲယန် ရဲ့ အခြေခံပညာအဆင့် အထက်တန်းကျောင်းများတွင် ကျောင်းစာကြည့်တိုက်များ ပေါ်ထွန်းရေးနှင့် ကျောင်းစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထား ဆောင်ရွက်ပေးရန်နှင့် စပ်လျဉ်းသည့်အဆိုအား ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာန လက်အောက်ရှိ အခြေခံပညာဦးစီးဌာနများ၏ နယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် သင်ကြားသင်ယူမှု ထိရောက်အောင်မြင်ရေးအတွက် ဆရာ/ဆရာမများနှင့် ကျောင်းသား/ကျောင်းသူများ လေ့လာဆည်းပူးနိုင်ရန် ကျောင်းစာကြည့်တိုက်များကို ဖွင့်လှစ်ထားရှိပြီးဖြစ်ပါတယ်။ ကျောင်းစာကြည့်တိုက်များ၌ ကျောင်းသား/ကျောင်းသူများကို ကျောင်းစာသင်ချိန်နှင့် ပုံမှန်လှုပ်ရှားမှုများ၏ ပြင်ပအားလပ်ချိန်များတွင် စည်းကမ်းတကျလေ့လာဖတ်ရှုစေပါတယ်။ ကျောင်းများ တွင်စာကြည့်တိုက်ကော်မတီများကို ဥက္ကဋ္ဌအဖြစ် ကျောင်းအုပ်ကြီးကလည်းကောင်း၊ အဖွဲ့ဝင်များ အဖြစ် အတန်းမှူး၊ ဘာသာရပ်မှူးများ၊ ကျောင်းကောင်စီအတွင်းရေးမှူးနှင့် မိဘ၊ ဆရာ/ဆရာမအသင်း အတွင်းရေးမှူးများအားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် စိတ်ပါဝင်စားသူ စာကြည့်တိုက်တာဝန်ခံ ဆရာ/ဆရာမအား လည်းကောင်း၊ တွဲဖက်အတွင်းရေးမှူးအဖြစ် အခြားသင့်တော်သူ ဆရာ/ဆရာမ တစ်ဦးတို့ဖြင့်လည်းကောင်း ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိပါတယ်။ ကျောင်းစာကြည့်တိုက်များအတွက် စာအုပ်များ ဖြည့်ဆည်းပေးရန် နိုင်ငံတော်ဘတ်ဂျက်မှ ရန်ပုံငွေ ခွဲဝေပေးခြင်း၊ ကျောင်းအုပ်ကြီးများ၏

အစီအစဥ် ခွင့်ပြုချက်ဖြင့် စေတနာရှင်မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့၏ အကူအညီများ ရယူခြင်းတို့ဖြင့် ဆောင်ရွက်လျက် ရှိပါတယ်။

ကျောင်းစာကြည့်တိုက် အင်္ဂါရပ်များနှင့် ကိုက်ညီသော စာကြည့်တိုက်များ ဖွင့်လှစ်ထားရှိပါတယ်။ ကျောင်းစာကြည့်တိုက်ကော်မတီမှ တာဝန်ခွဲဝေ၍ တာဝန်ခံ ဆရာ/ဆရာမ၊ ကျောင်းသား/ကျောင်းသူ၊ ကျောင်းအုပ်ကြီး၊ မြို့နယ်ပညာရေးမှူး၊ မိဘဆရာအသင်း အသီးသီးအလိုက် လုပ်ငန်းတာဝန်ဝတ္တရားများ သတ်မှတ်ကာ ဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်စစ်ဆေးရေးအဖွဲ့များကလည်း ပုံမှန်စစ်ဆေးခြင်းများ ဆောင်ရွက်သည့်အခါ ကျောင်းစာကြည့်တိုက်ကော်မတီ ဖွဲ့စည်းထားရှိမှု ရှိ/မရှိ။ ကျောင်းစာကြည့်တိုက် တာဝန်ခွဲဝေမှု ရှိ/မရှိ။ စာအုပ်စာတမ်း စုဆောင်းမှု အစီအစဥ် ရှိ/မရှိ။ စာကြည့်တိုက်ဖွင့်လှစ်မှုနှင့် ငှားရမ်းမှု အစီအစဥ် ရှိ/မရှိ။ ဆရာ/ဆရာမများ၏ စာအုပ်ငှားရမ်းလေ့လာမှု အခြေအနေ။ နှစ်စဥ် စာအုပ်စာရင်းချုပ် ပြုလုပ်ထားခြင်း ရှိ/မရှိ။ e-library ဆိုင်ရာ မီဒီယာပစ္စည်းများ ရှိ/မရှိနှင့် သုံးစွဲမှု အခြေအနေများကို စစ်ဆေးကြရပါတယ်။

၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှစ၍ နေပြည်တော်ကောင်စီနယ်မြေ၊ ဒက္ခိဏခရိုင်၊ ပျဥ်းမနားမြို့နယ်ရှိ အခြေခံပညာကျောင်းပေါင်း(၁၆)ကျောင်းတွင် e-library ဖွင့်လှစ်နိုင်ရေးအတွက် စီမံချက်များရေးဆွဲ၍ စတင်ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ ကျောင်းစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာဖတ်ချိန်မြှင့်တင်ရေး ပွဲတော်များကို ၂၀၁၁ ခုနှစ်မှစ၍ ကျင်းပပေးလျက်ရှိပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အခြေခံပညာအဆင့် အထက်တန်းကျောင်းများရှိ ကျောင်းစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် စာဖတ်သည့် အလေ့အကျင့်များ ရရှိအောင် စည်းရုံးပညာပေးဆွေးနွေးခြင်း၊ စာသင်ကျောင်းများသို့ Mobile library များ မပြတ်သွားရောက်ဖွင့်လှစ်၍ ဆောင်ရွက်ပေးခြင်း၊ အခြေခံပညာ စာကြည့်တိုက်သင်တန်းများတွင် ပညာရေးဌာနမှ ဆရာ/ ဆရာမများ တက်ရောက်စေခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားပညာရေး ရည်မှန်းချက်များအရ နိုင်ငံ၏ အနာဂတ်၊ ကျောင်းသားလူငယ်များ၏ အနာဂတ်အတွက် မှန်ကန်သော ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ပေးနေသော လုပ်ငန်းများတွင် တစ်ခုအပါအဝင်ဖြစ်သည့် ကျောင်းစာကြည့်တိုက်လုပ်ငန်းများ ပိုမိုတိုးတက်ရန် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသဖြင့် အဆိုအား မှတ်တမ်းတင်သင့်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၄း၂၂။**

**ဥက္ကဋ္ဌ။** ။ မူလအဆိုရှင် ဦးဆလိုင်းခွဲယန် က မိမိရဲ့ဆန္ဒကို တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၂၂။**

**ဦးဆလိုင်းခွဲယန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်အဆိုကို စတင်ရေးတုန်းက အခြေခံပညာကျောင်းတိုင်းမှာဆိုပြီး ရေးခဲ့ပါတယ်။ သို့သော်လည်း ကျွန်တော်တာဝန်ရှိတဲ့ အဖွဲ့အစည်းအသီးသီးနဲ့ ညှိနှိုင်းတဲ့အခါမှာ ကျောင်းတိုင်းမှာဆိုရင်

နိုင်ငံတော်အစိုးရအတွက် လုပ်ရကိုင်ရတာ ဘဏ္ဍာငွေ အခက်အခဲတွေ ရှိနိုင်ပါတယ်။ ဒါကြောင့် အခြေခံပညာအထက်တန်းအဆင့်လောက် ဆိုရင်တော့ မဆိုးတော့ပါဘူး။ ဒီဟာ တောင်မှ မနည်းလုပ်ရမှာပါလို့ အကြံပြုချက်အရ ကျွန်တော် အထက်တန်းအဆင့်ကိုပဲ ဦးတည်ပြီးမှ ဒီ အဆိုကို တင်သွင်းခဲ့ရတာပါ။ တကယ်ကျတော့ လိုအပ်တာကတော့ မူလတန်းကအစ လိုအပ်တာဖြစ်ပါတယ်။ အခုန ဒုတိယဝန်ကြီး ရှင်းတဲ့အထဲမှာ နိုင်ငံတော်က ရန်ပုံငွေခွဲဝေပေးတယ်ဆိုတာလည်း ကျွန်တော်ကြားသိတယ်။ သို့သော်လည်း ကျွန်တော် တာဝန်ထမ်းဆောင်ခဲ့တဲ့ ပညာရေးဝန်ထမ်းဘဝ ကျောင်းစာကြည့်တိုက် တာဝန်ခံလုပ်ခဲ့စဉ်တုန်းကတော့ စာကြည့်တိုက်အတွက် ရန်ပုံငွေဆိုတာ သီးသန့်တော့ မသိရပါဘူး။ သို့သော်လည်း A.S.L ဆိုတဲ့ အဲဒီ L ခေါင်းစဉ်နဲ့ သုံးအချိုး နှစ်အချိုးတစ် ဒီခေါင်းစဉ်နဲ့ Library ဟာ ရန်ပုံငွေ ရရှိပါတယ်။ သို့သော်လည်း အဲဒီ ရန်ပုံငွေသည် သတင်းစာဖိုးတောင် တကယ်တော့ မကာနိုင်ပါဘူး။ အဲဒီတော့ ကျောင်းမှာ သတင်းစာကို အမြဲတမ်းယူပါတယ်။ ဒီကြေးမုံတို့၊ မြန်မာ့အလင်းတို့၊ နိုင်ငံပိုင်သတင်းစာ။

သို့သော် ဒီ သတင်းစာဖိုးတောင် မကာမိနိုင်ရုံနဲ့တော့ ဒီ စာအုပ်တွေ၊ စာပေတွေ ဖြည့်ဆည်းဖို့ဆိုတာ အင်မတန်ခက်ခဲပါတယ်။ ပြီးတော့ ကျောင်းစာကြည့်တိုက်ဆိုတာ အထူးသဖြင့် ကျောင်းသားနဲ့ ဆရာတွေပဲ အဓိကကျပါတယ်။ အဲဒီတော့ ကျောင်းသားအတွက် စာအုပ်လိုသလို ဆရာတွေ အတွက်လိုပါတယ်။ အဲဒီတော့ ဆရာတွေဖတ်ဖို့ စာအုပ်တောင်မှ ကျောင်းစာကြည့်တိုက်မှာ တကယ်တမ်းကျတော့ မရှိပါဘူး။ အရင်တုန်းကဆိုရင်တောင်မှ ပညာလောကစာစောင်တွေရှိပါတယ်။ အခု လက်ရှိ ကျွန်တော် သိသလောက်ကတော့ ဆရာတွေ ဖတ်စရာဆို ပညာတန်ဆောင် ဒါလောက်ပဲ ရှိပါတယ်။ ဒီ ပညာတန်ဆောင် တစ်ခုတည်းနဲ့တော့ ပညာရေးသင်ကြားရေးကို အထောက်အကူပြုဖို့ဆိုတာ အင်မတန်ခက်ခဲပါတယ်။ တခြား သက်ဆိုင်ရာဘာသာရပ်အလိုက် အများကြီး ဖြည့်ဆည်းဖို့ လိုအပ်ပါတယ်။ ဖြည့်ဆည်းဖို့ဆိုတာ ရန်ပုံငွေလိုတယ်။ ရန်ပုံငွေကလည်းပဲ သီးသန့်ခေါင်းစဉ်နဲ့ တကယ်ကျတော့ ခွဲဝေပေးသင့်တယ်။ အခု School branch အနေနဲ့ ပေးတဲ့အထဲမှာလည်း ဒီခေါင်းစဉ်တွေ မပါပါဘူး။ ရုံးသုံးအတွက် ဆိုပြီးမှ ဒါပဲပါတယ်။ ကျောင်းစာကြည့်တိုက်အတွက်ဆိုတာ မပါဘူး။ အဲဒီတော့ ကျွန်တော့်အနေနဲ့ကတော့ ဒီကျောင်းသားတွေကို အခု ကျောင်းဖွင့်တဲ့အချိန်မှာ (၁၀၀၀)ကျပ် ပေးတာထက် ဒီစာကြည့်တိုက်အတွက်များ ခွင့်ပြုပေးရင်တော့ ဒီထက်ပိုပြီးမှ ထိရောက်မယ်လို့ ထင်ပါတယ်။ ဒီတစ်ထောင်ဟာ ခဏနေ မုန့်ဝယ်စားရင် ကုန်မှာပဲ။ ကျောင်းစာကြည့်တိုက်အတွက် ဒီဟာကို စီစဉ်ပေးမယ်ဆိုရင်တော့ တစ်သက်တာ ကျောင်းသား နောင်အစဉ်အဆက်အတွက် အကျိုးရှိနိုင်ပါတယ်။ အဲဒီတော့ ကျောင်းတွေမှာ ဝန်ကြီးဌာနအနေနဲ့ ကျောင်းစာကြည့်တိုက်တွေအတွက် ညွှန်ကြားချက် ထုတ်ကောင်းထုတ်နိုင်ပါတယ်။ သို့သော်လည်း ဒီကနေ့ တကယ့်တကယ် လက်တွေ့မှာ ကြည့်မယ်ဆိုရင်တော့ အခြေခံပညာကျောင်းတွေမှာ တော်တော်များများ စာကြည့်တိုက်မရှိပါဘူး။ ကျွန်တော်တို့ နေပြည်တော်ခရိုင်အတွင်းမှာလည်းပဲ ဒီ အတတ်နိုင်ဆုံး ကိုယ့်ရဲ့အသိုင်းအဝိုင်း သူငယ်ချင်းတွေ၊ ကျောင်းဆရာတွေ ရှိပါတယ်။ သူတို့နဲ့လည်း ဆက်သွယ်ကြည့်ပါတယ်။

သူတို့ဆီမှာလည်း မရှိတာ တော်တော်များပါတယ်။ အဲဒီ တော့ ဥပမာ တစ်ခု ကျွန်တော် တင်ပြမယ်ဆိုရင် မကွေးမြို့က အ-ထ-က(၁)ဆိုတာ အရင်တုန်းက နိုင်ငံတော်အဆင့်မှာ စံပြဆု၊ ပထမ၊ ပထမ၊ ဆက်တိုက် ဆက်တိုက်ရတဲ့ ကျောင်းဖြစ်ပါတယ်၊ သို့သော် အဲဒီကျောင်းမှာ အခုချိန်မှာ ကြည့်လိုက်ရင် ကျွန်တော့်သူငယ်ချင်း ပြောပြချက်အရ ကျောင်းစာကြည့်တိုက် ပျောက်နေပါတယ်၊ အဲဒီ အခန်းမှာ ကျောင်းဆရာမတွေပဲ ထားပါတယ်လို့၊ အခြေအနေက ဒီလိုရှိပါတယ်။ အဲဒါကြောင့် အထက်က

ညွှန်ကြားသော်လည်း အောက်ခြေအဆင့်ဆင့်မှာ ဒါတွေဟာ တကယ်လုပ်ငန်းဆောင်ရွက်မှု ရှိသလား၊ လက်တွေ့မှာ တကယ်ထိရောက်မှုရှိသလားဆိုတာတော့ ပြန်လည်သုံးသပ် သင့်တယ်၊ ဒါကြောင့် ကျွန်တော်ကတော့ ကျောင်းတိုင်းမှာ စာကြည့်တိုက် ရှိသင့်တယ်ဆိုတာကိုတော့ အားလုံးလည်းသိတယ်။ ရှိတယ်လို့လည်း လွယ်လွယ်နဲ့ပြောလို့ရပေမယ့် လက်တွေ့မှာ တကယ်တော့ မရှိပါဘူး၊ မရှိတာကို ကျွန်တော်သိလို့ လေ့လာချက်အရ ဒါကို တင်ခြင်း ဖြစ်ပါတယ်။

ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များကပဲ ဝိုင်းဝန်းပြီးမှ ဒါကို ဆုံးဖြတ်ပေးသင့်တယ်လို့ ကျွန်တော် တင်ပြလိုခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၂၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန် တင်သွင်းတဲ့ အခြေခံပညာအဆင့် အထက်တန်းကျောင်းများတွင် ကျောင်းစာကြည့်တိုက်များ ပေါ်ထွန်းရေးနှင့် ကျောင်းစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး အတွက် အလေးထား ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အတည် ပြုရန် သဘောတူ/မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

လွှတ်တော်၏ အဆုံးအဖြတ် ရယူရာတွင် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁) အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့် နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံ(၁၄၂)၊ ကန့်ကွက်(၂)၊ ကြားနေ(၄) မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဦးဆလိုင်းခွဲယန် ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၂၀) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၂၁) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၄း၂၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသား လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက် နေ့ကို ၁၄း၂၈ နာရီအချိန်တွင် ရပ်နားပါသည်။]